www.dhammaransi.com

၁၃၆၇–ခုနှစ်

ကဆုန်လပြည့် ဗုဒ္ဓနေ့

**ပဲခူးမြို့ ဆံတော်ရှင် စွယ်တော်ရှင်**

# ရွှေအောင်ရွှေး ဘုရားသမိုင်းအကျဉ်းချုပ်

**အမတရိပ်မြုံ နန်းရွှေဘုံသို့** (နှင့်)

**ပထမံဘိုးဘိုးအောင်အကြောင်းသိကောင်းစရာ**

**ဇာတ်လမ်းသဖွယ်**

## တဒ္ဒန္တဇောတိပါလ

**ကြာခတ်ဝိုင်း ပဓာနိသယရိယ**

၃၅
ပ

…တ်စွာ သာသနာတော်အတွက် ပရိသတ်အပေါင်း သူတော်ကောင်းတို့
တစ်မျိုးတစ်အား အကျိုးများစေရန်
ရေးသားချီးမြှင့်သည်။

(ကျမ်းစာအမှတ်–၅၆)

ကောဒသမအကြိမ်ရိုက်

www.dhammaransi.com

# ပဲခူးမြို့ ဆံတော်ရှင် စွယ်တော်ရှင် ရွှေအောင်ရွှေး ဘုရားသမိုင်းအကျဉ်းချုပ်၊ အမတရိပ်မြုံ နန်းရွှေဘုံသို့ နှင့် ပထမံဘိုးဘိုးအောင်အကြောင်း သိကောင်းစရာ ဇာတ်လမ်း-သဖွယ်

❀ ❀ ❀ ❀ ❀ ❀

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၁၃၆၇–ခုနှစ် ကဆုန်လဆန်း ၆–ရက် (၁၃–၅–၂၀၀၅) သောကြာနေ့ မန္တလေးမြို့မှ စုန်ဆင်းလာသော မီးရထားကြီးပေါ်တွင် တောင်ငူဘူတာမှအထွက် တောင်ငူဘူတာမှ တက်လာသော ပဲခူးသားနှင့်တွေ့ပြီ။

**မေး** ။ ငါ့တူက ဘယ်ကလဲ။

**ဖြေ** ။ ကျွန်တော်က ပဲခူးက ကဲထူး ပါခင်ဗျာ။

**မေး** ။ ကြီးကြီးကလည်း ဘယ်ကလဲ။

**ဖြေ** ။ ကြီးကြီးက ပဲခူးဇာတိပါ။ မိဘများ သဘောတူ လက်ထပ်ပေး၍ "**ယောင်နောက်ဆံထုံး ပါမြဲထုံး**"ဆိုတာ လိုပေါ့ကွယ်။ မန္တလေးရောက်နေတာကြာပါပြီ။

**မေး** ။ မောင်ကဲထူးရယ်– အချိန်တိုင်းမှာ တန်ဘိုးပါ အချိန်ရှိခိုက် လုံ့လစိုက်၊ အချိန်မသုံး တန်ဘိုးဆုံး။ ရှေးပညာရှိ သူတော်ကောင်းအပေါင်းတို့ ဆုံးမ စကားများကို အာရုံပြုကာ "**အသုံးတတ်လျှင် အဖတ်တင်**" ဆိုတဲ့အတိုင်း အချိန်အတွက် အချိန်ဖြုန်းမဖြစ်စေဘဲ အချိန်သုံး သဘောနှင့် ရထား ပေါ်တွင် ကြုံတုန်းကြုံခိုက် ဓမ္မသာကစ္ဆာမင်္ဂလာ ကုသိုလ်ထူးကို ဆည်းပူး ကြရအောင်။

**ဖြေ** ။ ရပါတယ်ကြီးကြီးရယ်။ ကျွန်တော်လဲ ကုသိုလ်ရချင်ပါတယ်။ ဘာသာရေး–သာသနာရေးလဲ ဝါသနာပါ,ပါတယ်။ ပဲခူးက ကဲထူးဆိုလျှင် သိတဲ့သူများပါတယ်။ ရွှေသာလျောင်း၊ ရွှေမော်ဓော၊ မဟာစေတီ စသော ပဲခူးတွင်

www.dhammaransi.com


သမိုင်းဝင်စေတီတော်ကြီးများ အများအပြားရှိလို့ ထိုက်သလောက် လေ့လာ ဆည်းပူးခဲ့ပါတယ်။

မေး ။ ။ အတော်ဘဲ ငါ့တူရယ်။ ကြီးကြီးစိတ်ဝင်စားတဲ့ ဓမ္မစေတီမင်းတရားနှင့် ဘုရင့်နောင်မင်းတရားတို့၏ ထည်ထည်ဝါဝါ ကိုယ်တိုင်တည်ဆောက်သွားသော ရွှေအောင်ရွှေးဘုရားသမိုင်း အတိအကျ သိချင်တယ်။

ဖြေ ။ ။ မေးပါကြီးကြီးရယ်။ ကျွန်တော်လဲ စိတ်ဝင်စားလို့ လေ့လာထားပါတယ်။

မေး ။ ။ မင်းသိသလောက် အခြေခံလေးရအောင် ပြောစမ်းပါဦး။

ဖြေ ။ ။ ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး ဘုရားဖြစ် ဘုရားသက်တော် ၉-လမြောက်သော ပြာသိုလပြည့်နေ့တွင် ယခု လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်းသို့ ရိုင်းပျသောဘီလူးတို့အား ယဉ်ကျေးမှုအတွက် ဆုံးမတော်မူရန် မြတ်ဗုဒ္ဓကိုယ်တိုင် ပထမဆုံးအကြိမ် ကြွတော်မူပါတယ်။ ယင်းသီဟိုဠ်ကျွန်းတွင် သုမနနတ်မင်းကြီးသည် လျှောက်ထားတောင်းပန်တော်မူသဖြင့် ယင်းသုမနနတ်မင်းကြီးအား ဆံတော်တစ်ဆူ ချီးမြှင့်တော်မူပါတယ်။

မေး ။ ။ အေးကွယ်- မောင်ကဲထူးရယ်၊ ကြီးကြီး သိပ်ဝမ်းသာပါတယ်။ မင်းသိသလောက်ဆက်ပြောပါဦး။

ဖြေ ။ ။ သက္ကရာဇ် ၈၄၅-ခုနှစ်တွင် သီဟိုဠ်ဘုရင်သည် မိမိ သုမနနတ်မင်းကြီးထံမှ ချီးမြှင့်ခံထားရသော ဆံတော်တစ်ဆူနှင့် စွယ်တော်ပွားနှစ်ဆူကို ပဲခူး ဟံသာဝတီ မွန်ဘုရင်မင်းမြတ် ဓမ္မစေတီမင်းတရားသို့ "**သူတော်ချင်းချင်း သတင်းလွှေ့လွှေ့**"ဆိုသကဲ့သို့ ကိုယ်စားပြု အမတ်တစ်ဦးဖြင့် မွန်မြတ်သော လက်ဆောင်သဘော ပေးအပ်ချီးမြှင့်ပါတယ်။ (ရှေ့၌ ဤအကြောင်း တွေ့လတ္တံ့)

မေး ။ ။ အဲဒီ သီဟိုဠ်ဘုရင်မှ ချီးမြှင့်သော ဆံတော်နှင့် စွယ်တော်ပွားနှစ်ဆူကို ဓမ္မစေတီမင်းတရားမှ ဘယ်လိုများ ပူဇော်ထားပါသလဲ။

ဖြေ ။ ။ ဤသို့ဆက်သသော ၈၄၅-ခုနှစ် နှောင်းတန်ခူးလပြည့်နေ့တွင် ယခုရွှေမော်ဓောစေတီတော်ကြီး အရှေ့တောင်ဘက်ရှိ (ရွှေအပ်ထုတ်ဘုရား

www.dhammaransi.com


၏ အနေ့ရှေဘက် ဒီပါရုံကျောင်းလမ်း) ခမ္ဗန်ဘောကုန်းတော်ကြီးပေါ်တွင် ဓမ္မစေတီမင်းတရားကြီးသည် လှပတင့်တယ်သော စေတီကြီးတစ်ဆူတည်၍ ယင်းဆံတော်နှင့် စွယ်တော်နှစ်ဆူကို ဌာပနာထည့်ပြီး ထီးတော်တင်ပြီးသည်အထိ တည်ဆောက် ကိုးကွယ်တော်မူခဲ့သည်။

**မေး** ။ ။ အဲဒီ ဓမ္မစေတီမင်းတရားကြီး၏ ကိုယ်တိုင်တည်ဆောက်ကိုးကွယ်သော ခမ္ဗန်ဘောကုန်းတော်ရှိ စေတီတော်ကြီး၏ဘွဲ့ကို ပဲခူးဟံသာဝတီဘုရင်ကြီး ဓမ္မစေတီမင်းတရားက ဘုရားဘွဲ့တော်ကို ဘယ်လိုမှည့်ခေါ်ထားခဲ့ပါသလဲ။

**ဖြေ** ။ ။ ။ အဲဒီဓမ္မစေတီမင်းတရား တည်ဆောက်ပူဇော်ကိုးကွယ်သွားသော စေတီတော်၏အမည်ကို မနီးမဝေးလည်းဖြစ် ပုံတော်ချင်းမှာလည်းတူ ကုန်းတော်ပေါ်တွင် တည်ထားသောစေတီဖြစ်၍ ထီးတော်ချင်း အမြင့်လည်းတူ၊ ထို့ကြောင့် ရွှေမော်ဓောယယ်စေတီဟု ဘွဲ့တော်ပေးအပ် ပူဇော်ခဲ့ပါတယ်။

**မေး** ။ ။ အဲဒီ ပဲခူးဟံသာဝတီဘုရင် ဓမ္မစေတီမင်းတရား တည်ဆောက်သွားသော စေတီမှာ ယခုထိ ရှိနေသေးသလား။

**ဖြေ** ။ ။ ဘယ်ရှိတော့မှာလဲ ကြီးကြီးရယ်။ ပဲခူးဟံသာဝတီဆိုတာ "**ဟံသာ ဝသန္တိ ဧတ္ထာတိ ဟံသာဝတီ**"ဟူသော ဝိဂြိုဟ်ဝစနတ် ဗျုပ္ပတ်အရ ပင်လယ်တိမ်/တစ်နည်း ပင်လယ်ကြီးမှ ကုန်းအဖြစ်သို့ရောက်လာသော မြေနုကျွန်းပေါ်မြို့ဖြစ်သောကြောင့်၊ တစ်နည်း–လျှင်ကြော အပေါ်ရောက်နေသော မြို့ဖြစ်သောကြောင့်၊ မြေကလဲနု လျှင်ကြောလည်းဖြစ်၊ ထို့ကြောင့် ပြိုကျပျက်စီးသွားပြီး ခမ္ဗန်ဘောကုန်းပေါ်တွင် စေတီငုတ်တိုကြီးဖြစ်နေပြီ။

**မေး** ။ ။ အခုထက်ထိ စေတီငုတ်တိုကြီးဘဲလား။

**ဖြေ** ။ ။ မဟုတ်ပါဘူးကြီးကြီးရယ်။ သက္ကရာဇ် ၉၂၈ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော်(၈)ရက်မှစတင်၍ ယင်း ဓမ္မစေတီမင်းတရား၏လက်ငုတ် ရွှေမော်ဓောယယ်စေတီကို ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီး ကိုယ်တိုင်ပန္နက်တော်ချတည်ဆောက်၍ ယင်း ၉၂၈ ခုနှစ်၊ တပေါင်းလပြည့် စနေနေ့တွင် ထီးတော်တင်ပူဇော်ခဲ့ပါတယ်။

www.dhammaransi.com


မေး ။ ။ မောင်ကဲထူးရယ် ဓမ္မစေတီမင်းတရား တည်ဆောက်ပြီးစီးစဉ် ရွှေမော်ဓောယ်ဟု ဘွဲ့တော်ဆက်သသွားတယ်။ အဲဒီ စေတီငုတ်ကို ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားက ပြန်လည်တည်ဆောက် ထီးတော်တင်ပြီးတော့ ဘွဲ့တော်အသစ် အမည်သစ်ပေးပါသေးသလား။

ဖြေ ။ ။ ဓမ္မစေတီမင်းတရားကြီး၏ ရွှေမော်ဓောယ်စေတီကို ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားက **စူဠာမဏိ** စေတီတော်ဟု ဘွဲ့တော်အသစ်ဖြင့် ပူဇော်ခဲ့ပါတယ်။

မေး ။ ။ အဲဒီနောက်ဆက်ပြီး ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ အဲဒီဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရား၏ စူဠာမဏိစေတီသည် ၁၃၃၇ ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားပါတယ်။

မေး ။ ။ ဆံတော်တစ်ဆူနှင့် စွယ်တော်နှစ်ဆူအကြောင်း ထပ်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ၈၄၅ ခုနှစ်တွင် သီဟိုဠ်ဘုရင် ဆက်သသောဆံတော်တစ်ဆူနှင့် စွယ်တော်နှစ်ဆူမှာ ဓမ္မစေတီမင်းတရားကြီးက သဘောညီတူ ကြည်ကြည်ဖြူဖြူဖြင့် ပြည်သူတိုင်းသား လူအများတို့ ဖူးမြော်နိုင်ရန် ရွှေမော်ဓောစေတီဘုရားကုန်းပေါ်တွင် ပြသထားသည်။ ရွှေမော်ဓောယ် တည်ဆောက်မှုပင့်ဆောင်ဌာပနာပြီး ယင်းရွှေမော်ဓောယ် ပြိုပြီးနောက် ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်း စူဠာမဏိဘုရားစေတီမပြီးမီ ရွှေမော်ဓောဘုရားကုန်းတော်ပေါ်တွင် ဓမ္မစေတီမင်းတရားအတူ ဆံတော်တစ်ဆူကို ပြည်သူတိုင်းသား လူအများတို့ ဖူးမျှော်နိုင်ရန် ပြသထားသည်။ စူဠာမဏိစေတီကြီးမှာ ပင့်ဆောင် ဌာပနာသည်။

မေး ။ ။ ကြီးကြီး မသိလို့ မေးပါရစေ။ ဘုရင့်နောင်ကျော်ထင်နော်ရထာ ဌာပနာအဖြစ်ပူဇော်ခဲ့သော စူဠာမဏိစေတီတော်သည် ၁၃၃၇ ခုနှစ်တွင် ပြိုကျသွားသည်။ ယနေ့အထိ ပြန်လည်တည်ဆောက်ရန် သာသနာပြုပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်မပေါ်သေးဟု သိရသည်။ ဓမ္မစေတီမင်းတရား၏ ရွှေမော်ဓောယ်စေတီ ဆက်လက်တည်ဆောက်သော ဘုရင့်နောင်

www.dhammaransi.com


ကျော်ထင်နော်ရထာ၏ စူဠာမဏိစေတီ ၁၃၃၇ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးပြီးနောက် စေတီအသစ်ပြန်မဖြစ်၊ ကြိုးကြိုး သိစရာလေးများရှိရင် ဆက်ပြောပါဦးလား၊ မောင်ကဲထူးရယ်။

ဖြေ ။ ၁၃၃၉ ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်-ပဲခူး စေတနာရှင်များက ကဲထူးသော သဒ္ဓါမြတ်တို့ဖြင့် ပြန်လည်တည်ဆောက်ရေးကို ဦးတည်ပြီး ချုံနွယ်စသည်တို့ဖြင့် ပိတ်ဖုံးနေသော စေတီငုတ်တိုကြီးအား သန့်ရှင်းရေး လုပ်ကြပါတယ်။

မေး ။ အဲဒီတော့ ဘာများ ထူးထူးကဲကဲ တွေ့ရသလဲ။

ဖြေ ။ ငုတ်တိုကြီးကုန်းထိပ်ပေါ်တွင် ငလျင်ဒဏ်ကြောင့် ပြိုသွားစဉ်က ဌာပနာတိုက် ပါမသွားပါ။ ဌာပနာတိုက်အပေါ် နားကကပ်လျက် ဌာပနာတိုက်ကို ဖုံးထားသော ကျောက်ပြားပေါ်မှ ပြိုကျသွားခြင်းဖြစ်တယ်။ ဌာပနာတိုက် ကျန်နေခဲ့တယ်။

ထို့ကြောင့် ပရိသတ်အများဖြင့် သန့်ရှင်းရေးလုပ်ကြစဉ် ယခုပြောသော ၁၃၃၉ ခုနှစ်၊ နတ်တော်လ(ရက်မမှတ်မိ) မိမိကိုယ်တိုင် စေတီတော်ကုန်းပေါ်တွင် ကိုယ်တိုင်ရှိနေစဉ် ကျောက်ပြားကို မ,လိုက်သည့်အခါ ဌာပနာတိုက်ထဲ၌ ကြေးကိုထုထားသော ဆင်ရုပ်ကလေးတစ်ခုကိုင်ပြီး ပြေးဆင်းလာကာ မိမိလက်ထဲသို့လာထည့်သည်။ ထိုနေ့ (၁၂)နာရီတွင် မိမိကိုယ်တိုင်စောင့်ကြည့်လျက် ဌာပနာတိုက်တွေ့ပြီ ဟူသောသတင်းကြောင့် ပရိသတ်အများအုံလာကြသည်။ ဆင်ရုပ်လေးအတွင်းတွင် ထည့်ထားသော ပစ္စည်းကိုသိလို၍ ညှပ်တစ်ခုဖြင့် လှည့်ဖွင့်ပေးသူမှာ ပဲခူး ပုဗ္ဗာရုံ ပျံလွန်ဆရာတော် ဥူးစန္ဒိမာ ဖြစ်သည်။ ဇာဂနာလေးဖြင့် ဗုဒ္ဓမြတ်စွာ၏ဆံတော်ကို ဆွဲထုတ်လိုက်သည့်အခါ ပရိသတ်အားလုံးက ဟာ ။ ဆံတော်ကလေး ။ ဆံတော်ကလေးဟု ဝမ်းသာအားရ ဝိုင်းအုံဖူးမြော်ကြသည်။ ယင်းဆံတော်လေးမှာ ပရိသတ်ကြီးက ဝမ်းသာအားရ ရယ်မောဖူးကြသလို အဖူးမြော်ခံဆံတော်လေးမှာလည်း ပရိသတ်ကြီးကိုမြင်ရလို့ ဝမ်းသာအားရရှိနေပုံ တစ်မိနစ်ကျော်ကျော် လှုပ်ရှားမြူးပျော်နေပုံကို ကိုယ်တိုင်ဖူးရပါသည်တဲ့။

www.dhammaransi.com


ထို့ကြောင့် ဓမ္မစေတီမင်းတရားနှင့် ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းတရားတို့ ကိုယ်တိုင်တည်ဆောက် ကိုယ်တိုင်ဌာပနာခဲ့ရသော ဆံတော်တစ်ဆူနှင့် စွယ်တော်နှစ်ဆူတို့မှာ ယခုဆံတော်တစ်ဆူသာ ပြန်လည်ဖူးမျှော်ခွင့်ရသဖြင့် စွယ်တော်ပွားနှစ်ဆူအောက်တွင် ရှိသေးသည်ဟု တစ်ထစ်ချယုံကြည်သည်တဲ့။ အကြောင်းကား ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းတရား ၉၂၁ ခုနှစ်တွင် ဘုရင့်နောင်မင်းတရား သည် ပဲခူးမြို့မြောက်ဘက် (၁၀)မိုင်အကွာ ယခု ဘုရားကြီး မြို့သစ် အနောက်ဘက် ယခင် မွန်အမည် မော်စော်ကန္နချောင်း ယခု မြန်မာခေါ် ကလိချောင်း ထိပ်တွင် ဘုရင့်နောင်က တောင်ငူမှ ဆင်ဖြင့်လာ၍ ပဲခူး ဟံသာဝတီမှ သမိန်ထောရာမဘုရင်က ဆင်ဖြင့် ထွက်ခံ စစ်ထိုးသည့်နေရာ ဘုရင့်နောင်မှ တပည့်တော်စစ်နိုင်သည့်အခါ ဤနေရာတွင် စေတီတစ်ဆူ တည်ပါမည်ဟု ဆင်၏ဦးခေါင်းပေါ် ရေလောင်းသစ္စာဆိုခဲ့သည်။

ဘုရင့်နောင် ပဲခူး ဟံသာဝတီကို အနိုင်ရသည့်အခါ "**မင်းမှာ သစ္စာ၊ လူမှာ ကတိ**" ယခု ဘုရားကြီးမြို့ အနောက်ဘက် မီးရထားလမ်းအနီး စေတီတော်ကြီးမှာ စစ်အောင်၍ ဘုရင့်နောင်တည်ထားခဲ့ သောစေတီကြီးဖြစ်သည်။ တစ်လလောက်က ထီးတော်အသစ်တင်လှူသည်။ ဘုရင့်နောင်ပေးခဲ့သောဘွဲ့တော်မှာ "**မဟာဝိဇယစေတီတော်**"ဖြစ်သည်။ ပဲခူး ဟံသာဝတီဘုရင် သမိန်ထောရာမကို လွယ်လွယ် ကူကူအနိုင်ရ၍ တည်ခဲ့သည်ဟုဆိုလိုသည်။

**မေး** ။ ။ မောင်ကဲထူးရယ် ကြီးကြီးသိချင်တာက ပဲခူး ရွှေအောင်ရွှေ၊ မင်းစေတနာသန်သန်နှင့် ပဲခူးမြောက်ဘက် ၁၀မိုင်အကွာ ဘုရားကြီးမြို့သစ် ဘုရင့်နောင်၏ မဟာဝိဇယသမိုင်းကိုပါ သိရ၍ များစွာဝမ်းမြောက်ပါတယ်။

အဲဒီကြေးဖြင့်ထုထားသော ဆင်ရုပ်ကလေးအတွင်းမှ ဆံတော်မြတ် (၁)ဆူအကြောင်းကိုသိရပြီ၊ သီဟိုဠ်ဘုရင်က ပဲခူး ဟံသာဝတီ ဓမ္မစေတီမင်းတရားအား ဆက်သတာလဲ ဆံတော်တစ်ဆူနှင့် စွယ်တော်နှစ်ဆူ၊ ဓမ္မစေတီမင်းတရား ၏ ရွှေမော်ဓောယ်စေတီ၌ ဌာပနာထည့်တုံးကတော့ ဆံတော်တစ်ဆူနှင့် စွယ်တော်နှစ်ဆူ၊ ဘုရင့်နောင်မင်းတရား ၏ ဌာပနာ

www.dhammaransi.com


သည့်အခါ ဆံတော်တစ်ဆူသာဖြစ်သည်။

**(မှတ်ချက်)** ရွှေမော်ဓောယ်ပြိုစဉ်က စွယ်တော်နှစ်ဆူ ပြိုသည့်အထဲ ပါမလာ။ အောက်တွင် ကျန်ရစ်ပုံရသည်။

ယခု ၁၃၃၉ ခုနှစ်၊ နတ်တော်လတွင် သန့်ရှင်းရေးလုပ်စဉ်က ရလာသည့် ကြေးဖြင့်လုပ်ထားသော ဆင်ရုပ်ကလေးအတွင်းကရရှိတာ ဆံတော် တစ်ဆူသာဖြစ်တယ်။ စွယ်တော်ပွားနှစ်ဆူက ဘယ်မှာလဲ။

ဖြေ ။ ။ ဒါတော့ ကျွန်တော် မသိဘူး။ ယခု ရွှေအောင်ရွှေး စေတီသမိုင်း အကျဉ်းကို ရေးသောဆရာတော်သည် ယခု ပဲခူးမြို့လည်ချောင်းကြီးမှ အနောက်ဖက် ကိုက် ၂၀၀ အကွာတွင် ၉၂၁ ခုနှစ်တွင် ဘုရင့်နောင်မင်း တရားသည် ယခု ပဲခူးမဟာစေတီတော်ကြီးကို တည်ဆောက်ခဲ့သည်။ အဲဒီ မဟာစေတီတော်သမိုင်းကိုလည်းရေးသည်။ မဟာစေတီတော် ပြန် လည်တည်ဆောက်ရေး ဂေါပကအဖွဲ့နှင့် ကလေးဝနာဂလိုဏ်ဂူဆရာတော် အဆိုပြု၍ တရားဝင်တင်မြှောက်တည်ဆောက်ခဲ့သော ဩဝါဒါစရိယ ဆရာတော်လည်းဖြစ်သည်။ ယင်း ဆရာတော်ရေး **မဟာစေတီသမိုင်း** တွင် သီဟိုဠ်ကျွန်း ဓမ္မပါလမင်းလက်ထက် သီဟိုဠ်ဘုရင် ဓမ္မပါလမင်းမှ မြန်မာနိုင်ငံ ဘုရင့်နောင်မင်းအား ဆက်သသော မြတ်ဗုဒ္ဓ၏ စွယ်တော် သည် အောက်ပစ္စယံ၌ တည်ထားသည်ဟု ရေးသားဖော်ပြခဲ့သည်။

ယခု ရွှေအောင်ရွှေးစေတီတော်သမိုင်းအကျဉ်းနှင့် မဟာစေတီသမိုင်း ကို ရေးသောဆရာတော်သည် တစ်ပါးတည်းဖြစ်၍ မဟာစေတီဘုရား၏ ဗုဒ္ဓစွယ်တော်သည် အောက်ပစ္စယံတွင် တည်ထားခဲ့ခြင်းကြောင့် ယခု ရွှေအောင်ရွှေးတွင်လည်း ဓမ္မစေတီမင်းတရားမှ အောက်ပစ္စယံတွင် တည် ထားခဲ့ပုံရသည်ဟု ကျွန်တော်ထင်ပါတယ်။ မူလ ရေးသမိုင်းများ၌ပင် ဆံတော်ရှင်ဟု သုံးလာသည်။ ယခုစာရေးသော ဆရာတော်ကလည်း ဆံတော် ဆင်ရုပ်ကလေး မိမိလက်ထဲ အလျှင်ဆုံးရောက်သည်။ နေ့ (၁၂)နာရီတွင် မိမိကိုယ်တိုင် ဆံတော်ရှင်ဖြစ်ကြောင်း အလျှင်ဆုံးဖူးရသည်။ ထို့ကြောင့် ယခု ရွှေအောင်ရွှေးစေတီတော်ကို ဆံတော်ရှင် ရွှေမော်ဓောယ် စူဠာမဏိစေတီဟု တထစ်ကျ မှတ်စေလိုတယ်။

www.dhammaransi.com


**မေး** ။ ။ မောင်ကဲထူးရယ် ကြီးကြီး နားထောင်လို့ကောင်းလိုက်တာ။ ဗဟုသုတတွေလဲ များလိုက်တာ။ ကုသိုလ်တွေလဲ ဖြစ်လိုက်တာ ဆက်ပြောပါဦး ငါ့တူရယ်။

**ဖြေ** ။ ။ ယခု သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတွင် ထိုခေတ် သာသနာပိုင် ခေါ် သံဃရာဇာနှင့် သီဟိုဠ်ဘုရင်တို့က ယခု မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသမိုင်းကို ယင်းသံဃရာဇာနှင့် သီဟိုဠ်ဘုရင်တို့က အမတ်တစ်ဦးခေါင်းဆောင်စေ၍ သဘော်ဖြင့်လွှတ်ပြီး ရန်ကုန်ရွှေတိဂုံစေတီတော်သမိုင်းကို ရေးပေးပါရန် ပဲခူး ဟံသာဝတီရှိ ဓမ္မစေတီမင်းတရားကြီးအား တောင်းပန်စာလွှာဖြင့် လွှတ်လိုက်သည်။ မြန်မာနိုင်ငံသို့ ဓမ္မစေတီမင်းတရားထံ လွှတ်လိုက်သော သဘော်ကြီးဖြင့် ထွက်လာသောအဖွဲ့၏ ခေါင်းဆောင်မှာ ဇရမ်းဟုခေါ်သည့် ဇရမ်းအမတ်ကြီးဟု ဆိုလိုသည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ် ကြီးကြီးကုသိုလ်တွေ ဖြစ်လိုက်တာ။

**ဖြေ** ။ ။ ဓမ္မစေတီမင်းတရားဆိုတာ ပဲခူး–ဟံသာဝတီ မွန်အမျိုးသားပါ။ စာတော်ပေတော် အနေအထိုင်ကောင်း သတ္တိ ဗျတ္တိရှိ တစ်ကျောင်းတည်းနေ ကိုရင်လေးနှစ်ပါးရှိတယ်။ စနေသားလေး နှစ်ပါးပါ။ ကိုရင် ဓမ္မဓရ၊ ကိုရင် ဓမ္မဉာဏဟုဖြစ်သည်။ အသက်ငယ်ပါသေးသည်။ သက်တူရွယ်တူ ၁၅နှစ်နှင့် ၁၆နှစ် အကြားသာဖြစ်မည်။ (**တောက်မည့်မီးခဲ တရဲရဲ၊ ဖြစ်မည့်ခွေး အမွေးတစ်ခြား**) ကိုရင်လေးနှစ်ပါး၏ အကြံ ။ ။ ''ငယ်ကပညာမသင်လာ ကြီးခါခက်တတ်စွာ၊ ပညာမဟုတ် လုပ်တိုင်းမဖြစ်၊ ပညာရှိလျှင် ကြံ အောင်မြင်၊ သတ္တိရှိသော်လည်း ဗျတ္တိရှိမှ အောင်မြင်သည်''စသော သဘောတရားများကို ကိုရင်လေး နှစ်ပါးအကြံရပြီ။ ကိုယ့်အားကိုယ်ကိုး ကိုယ့်ကျိုးကိုယ်ဖန် ကိုယ့်ဉာဏ်ကိုယ်ထုတ် ကိုယ်လုပ်ကိုယ်စံ ဟူ၍ သဘောပိုက်ကာ ကိုရင်လေးနှစ်ပါး မိမိပိုင် သပိတ်တစ်လုံးစီနှင့် ဆရာသင်ကြားထားသော သင်ကြားဆဲစာအုပ်လေးများနှင့် သင်္ကန်းများကိုလွယ်ပြီး နံနက်စောစော မော်တော်ကား ရထားမပေါ်သေး၍ စာတတ်အကျော် ဆရာတော်များရှိရာ မန္တလေးမြို့သို့ ဦးတည်ပြေးကြသည်။

www.dhammaransi.com


ထိုအခါ ဗညားဦး၏မြေး ဗညားနွဲ့(ရာဇာဓိရာဇ်)၏သမီး ပဲခူး ဟံသာဝတီ ရှင်စောပုသည် စစ်ကိုင်းအနီး အင်းဝ၌ အင်းဝဘုရင်ကြီး၏ မိဖုရားဖြစ်နေသည်။ အင်းဝတွင် ကောင်းစားနေကြောင်းလည်း ကိုရင်လေးနှစ်ပါး သိထားသည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ မနီးမဝေး ဟု သူတို့သိထားသည်။ ကိုရင်လေးနှစ်ပါးမှာ ဉာဏ် ပဋိဘာန် အလွန်ကောင်းသည်။ သတ္တိဗျတ္တိများစွာရှိသည်။ အရိပ်ပြလျှင် အကောင်ထင်သည်။ တစ်ဆိပ်ပြလျှင် တစ်အိပ်မက နားလည်သည်။ ရောက်တဲ့အရပ်ဝင်အိပ်၊ ညဦးစာကျက်၊ နံနက်ထသွား၊ ရောက်တဲ့အရပ် ဆွမ်းခံစား၊ နားတဲ့နေရာ စာကျက်၊ ဆက်သွား၊ တစ်လခန့်သွားတော့ မန္တလေး အနီးရောက်၊ မန္တလေးမဝင်၊ စစ်ကိုင်းသို့ ဆက်သွားသည်။

ထိုခေတ်က စာတတ်အကျော် အဋ္ဌကထာကျမ်းပြု၊ ဋီကာကျမ်းပြု ဆရာတော်ကြီးတွေရှိသည်။ စစ်ကိုင်းနှင့် အင်းဝသည်လည်း ပို၍နီးသည်။ ယင်းပါဠိဘာသာဖြင့် အဋ္ဌကထာကျမ်းပြု၊ ဋီကာကျမ်းပြု ဆရာတော်ကြီးများအထံ၌ အချိန်ကိုအလစ်အလပ်မထား၊ လောကီ လောကုတ္တရာ စာဝါများတက်နေကြသည်။ ရုပ်ရည်သန့်သည်။ အနေအထိုင်ကောင်းသည်။ အပြောအဆို လိမ္မာသည်။ နောင်တစ်ချိန် ပဲခူး ဟံသာဝတီ၌ ကိုရင်ဓမ္မဓရ သည် ဓမ္မစေတီမင်းတရားဖြစ်လတ္တံ့။ ကိုရင် ဓမ္မဉာဏသည် ဓမ္မပါလဖြစ်လတ္တံ့။ ရှေးက ပဲခူး–ဟံသာဝတီတွင် ဓမ္မစေတီ ဓမ္မပါလ တို့သည် ဗေဒင်၊ ကိန်းခန်း၊ ယတြာ၊ ဂြိုလ်ပြေ၊ နံပြေ၊ အတိုက်အမြှုတ် အနှုတ်အဖွဲ့ စသော လောကီပညာများပါ အလွန်တော်သည်။ ပဲခူး ဟံသာဝတီတွင် ဤကိုရင်လေးနှစ်ပါးသည် နောင်တစ်ချိန် အလွန်ကျော်ကြား ထင်ရှားလတ္တံ့သူ ဖြစ်လတ္တံ့ပါ ကြီးကြီးရယ်။

မေး ။ ။ ငါ့တူရယ် ပြောစမ်းပါဦး။ သွားရင်းလာရင်း ဗဟုသုတတွေဖြစ်လိုက်တာ။

ဖြေ ။ ။ အင်းဝဘုရင်ကြီး၏ မိဖုရားသုံးယောက် မြန်မာမိဖုရား၊ ရှမ်းမိဖုရား၊ မွန်မိဖုရား၊ အဲဒီသုံးယောက်တို့တွင် မွန်မိဖုရားမှာ ရှင်စောပုဖြစ်တယ်။ အမြတ်နိုးဆုံး မိဖုရားဟု သမိုင်းထင်ရှားသည်။ ယင်းရှင်စောပုသည် နောင်

www.dhammaransi.com


တစ်ချိန် ပဲခူး ဟံသာဝတီတွင် ဘုရင်မကြီး ရှင်စောပုဖြစ်လတ္တံ့။ ယင်း ရှင်စောပု အနွယ်အဆက်၏ ပဲခူး ဟံသာဝတီတွင် မင်း(၁၁)ဆက် အုပ်ချုပ် သွားသည်။ ရှင်စောပု၏အဘိုး ဗညားဦးမှစ၍ အဖေ ဗညားနွဲ့ စသော ရွှေစင်မျိုးဆက် ရှင်စောပု၏မြစ် သူ့ရှင်တကာရုပိ အထိ မင်း(၁၁)ဆက် အုပ်ချုပ်သွားသည်ဟု ဆိုလိုသည်။ ရှင်စောပုသည် ဘာသာရေး၊ သာသနာ ရေး၊ လူမှုရေးသာမက နိုင်ငံရေး စစ်ရေးပါတွင်လည်း အလွန်တော်သည်။ ကျွမ်းကျင်သည်။ အင်းဝကပြန်လာ တညင်ဘက်ကမ်းမှာတည်းပြီး ရန်ကုန် တွင်စခန်းချလျက် ပဲခူး ဟံသာဝတီကို ကိုယ်တိုင်ဦးစီး သေနင်္ဂဗျူဟာ စစ်၏နည်းပရိယာယ် အဖြာဖြာကိုပါ ကျွမ်းကျင်သဖြင့် ဗိုလ်ချုပ်ကြီးသဖွယ် ခံ့ထည်ပြောင်မြောက်စွာ ပဲခူး ဟံသာဝတီကို သိမ်းပိုက်နိုင်ခဲ့သည်။

**မေး ။ ။** ဆက်ပြောပါဦး၊ မောင်ကဲထူးရယ် ကြီးကြီး ဝမ်းသာလိုက်တာ။

**ဖြေ ။ ။** ဘုရင်မကြီး ရှင်စောပုသည် သူ၏ဇာတိ မုတ္တမတွင်မွေးဖွားလျက် ဗညားဦးတို့ ဗညားနွဲ့တို့ ပဲခူးသို့ပြောင်းလာသည့်အခါ (၁၂)နှစ် ကျော်သူ လေးအရွယ် ရောက်လာသည်။ မိဘများသဘောတူ သမီးကို တူနှင့် ပေးစား၍ ကလေးသုံးယောက်ထွန်းကားသည်။ သမီးနှစ်ယောက်၊ သား တစ်ယောက်ဖြစ်သည်။ သမီးနှစ်ယောက်မှာ နဲတကာတော်နှင့် နဲတကာ သင် ဖြစ်သည်။ နဲတကာတော်ကို တူဖြစ်သူ ပုသိမ်မြို့သားနှင့် လက်ဆက် သည်။ နဲတကာသင်ကို မွေးစားသား ဓမ္မဓရလူထွက်နှင့် လက်ဆက်သည်။ အငယ်ဆုံးသားကလေးမှာ ဗညားပရူ ဖြစ်သည်။

**မေး ။ ။** ဆက်ပြောပါဦး မောင်ကဲထူးရယ် ငါ့တူကို ကြီးကြီး ကျေးဇူးတင် လိုက်တာ။

**ဖြေ ။ ။** အင်းဝဘုရင်ကြီး၏မိဘုရား ပဲခူး ဟံသာဝတီ ရှင်စောပုသည် ပဲခူး ဟံသာဝတီမွန်အမျိုးသား ကိုရင်လေးနှစ်ပါး စစ်ကိုင်းရောက်နေကြောင်း စာသင်နေကြောင်း နှစ်ပါးလုံး အလွန်တော်ကြောင်း မကြာမီ အင်းဝ ဘုရင်ကြီး မိဖုရားရှင်စောပုသိသွားပြီး ရှင်ပြန်ပြုပေးသည်။ ပစ္စည်းလေးပါး တာဝန် အလုံအလောက်ထောက်ပံ့သည်။ ကိုရင်လေးနှစ်ပါးအား သား အရင်းကဲ့သို့ ချစ်တာလည်းတစ်မျိုး၊ ကြည်ညိုတာလည်းတစ်ဖုံ လွှမ်းခြုံကာ

www.dhammaransi.com


အပြည့်အဝ တာဝန်ယူထောက်ပံ့ခဲ့သည်။ စစ်ကိုင်းမှာပင် အသက်စေ့၍ နှစ်ပါးလုံးကိုပင် ရဟန်းအမလုပ်ပြီး သားအဖြစ် အသိအမှတ်ပြုလိုက်သည်။

မေး ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ် နားထောင်လို့မဝဘူး။

ဖြေ ။ ။ အရှင်ဓမ္မဓရ နှင့် အရှင်ဓမ္မဉာဏ စစ်ကိုင်းတွင် လောကီ လောကုတ္တရာ ပညာစုံသည့်အခါ ရှင်စောပု အင်းဝဘုရင်ကြီးနောက် လိုက်သွားရစဉ်က ပဲခူး ဟံသာဝတီမှ မွန်အမျိုးသားကြီးသုံးဆယ် အပြုအစုအစောင့်အရှောက် ခေါ်သွားသည်။ တစ်နေ့ ပဲခူး ဟံသာဝတီတွင် ဘုရင်မကြီး ရှင်စောပုဖြစ်ရန် ကြံစည်လျက် လူသုံးဆယ်ကျော်ပါသည့် လှေကြီးတစ်စင်း ဖန်ဆင်းပြီး ရှင်စောပုကအလယ်ကထိုင်၍ ပဲ့က အရှင်ဓမ္မဓရသားကြီး၊ ဦးက အရှင် ဓမ္မဉာဏသားငယ်၊ မွန်အမျိုးသားကြီးသုံးဆယ်က အလယ်မှလှော်၊ စစ်ကိုင်း မြစ်ထဲမှ စုန်ဆင်းကာ ယခု သံလျင်ခေါ် တညင်သို့ ရောက်လာသည်။

မေး ။ ။ ပြောပါဦး မောင်ကဲထူးရယ် ဝမ်းသာလို့မဆုံးဘူး။ တစ်ခါမှလဲ မကြားဖူးဘူး။

ဖြေ ။ ။ ဘုရင်မကြီးရှင်စောပုသည် (က) သဘောလည်းနက်သည်။ (ခ) အပြောလည်း ညက်သည်။ သူတို့ဆွေစုမျိုးစုတွေ ရန်ကုန်ဝွင် လည်းကောင်း၊ ပဲခူးတွင်လည်းကောင်း များစွာသာသနာပြုသွားသည်။ သားနှစ်ပါးသည် တော်လည်းတော်သည်။ ကျော်လည်းကျော်သည်။ ကျောင်းထိုင်အရွယ် ရောက်ပြီ။ ရှင်စောပုသည် ယခု လိပ်ပြာကန် ကျောင်းတိုက်ကြီးကို တည် ထောင်၊ ဓမ္မစေတီမင်းတရားဖြစ်လတ္တံ့ အရှင်ဓမ္မဓရကို ကျောင်းအပ်သည်။ ယခု သံဃာတော်များသုံးရန် သနပ္ပင်လမ်း လိပ်ပြာကန်ကြီးကိုလည်း တူး ပေးခဲ့သည်။ ယခု ပဲခူးမှထွက် ရန်ကုန်ဘက် ကျောက်တိုင်ကန် ဘုရားသုံးဆူ အကြား ကားလမ်းဘေး ကျိုက်ပွန်ဘုရားလမ်း ဓမ္မပါလကျောင်း တည် ထောင်ပေးသည်။ သားအငယ် ဓမ္မဉာဏအား အပ်နှင်းလှူဒါန်းသည်။

နောက်မကြာမီ မယ်တော်ရှင်စောပုကလည်း အသက်ကြီးတော့ သား နှစ်ပါးကို အားကိုးသည်။ သားနှစ်ပါးကလည်း မယ်တော်ကြီး ရှင်စောပုအား များစွာကျေးဇူးတင်သည်။ ကျေးဇူးဆပ်လိုသည်။ မယ်တော်ကြီး၏ တာဝန် ကျေသည်။ သို့သော် သာသနာတော်၌ မပျော်လျင် သားတို့သဘောဟု

www.dhammaransi.com


ခွင့်ပြုသည်။ နှစ်ပါးလုံး ကျောင်းတစ်ဆင့်အပ်ပြီး လူဝတ်လဲကြသည်။ အကြီး ဓမ္မဓရမှာ ဓမ္မစေတီမင်းတရားဖြစ်လာသည်။ သားငယ် ဓမ္မဉာဏမှာ ဓမ္မပါလ ဖြစ်လာသည်။ ပဲခူး ဟံသာဝတီတွင် ဓမ္မစေတီ ဓမ္မပါလ လောကီ၊ လောကုတ္တရာတော်ကြောင်း မြန်မာသာမက ကမ္ဘာမှာပါ ထင်ရှားသည်။

မေး ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ အရှင်ဓမ္မဓရ၏ကျောင်းတော်ဟာ လိပ်ပြာကန်ကြီး၏ သာယာတင့်တယ်မှုကြောင့် လိပ်ပြာကန်ကျောင်းဟု ယနေ့အထိထင်ရှားသည်။ ဓမ္မဉာဏ၏ ကျောင်းမှာမထင်ရှား၍ လူထွက် ဓမ္မပါလကိုအမည်ပြုကာ ဓမ္မပါလကျောင်းဟု တစ်သက်လုံးထင်ရှားသည်။ ယခု ၂၅နှစ်လောက်အတွင်းမှ တောင်ပုလုမှ ကြွလာသော အရှင်ဣန္ဒာစက္က ရောက်လာမှ ယင်းဓမ္မပါလကျောင်းကို ကျိုက်ပွန်ဇေတဝန်ကျောင်းဟု အမည်ပြောင်းလိုက်သည်။ ရှင်စောပုဘုရင်မကြီးသည် ဓမ္မဓရလူထွက် သားကြီးဓမ္မစေတီအား ပဲခူး ဟံသာဝတီကိုအပ်ပြီး ရန်ကုန်သို့ပြောင်းသည်။ ယနေ့အထိ ရန်ကုန်တွင် ရှင်စောပုကုန်း ရှင်စောပုဘုရားဟု ထင်ရှားရှိသည်။ အနီးရှိ ဓမ္မစေတီမင်းတရား လှူဒါန်းသောကျောင်းကိုလည်း ယနေ့အထိ ဓမ္မစေတီကျောင်းဟု ထင်ရှားသည်။ ယင်း ရှင်စောပုကုန်းမှာပင် ရွှေတိဂုံစေတီတော်ကြီးအား အမြဲအာရုံပြု၊ လက်အုပ်ချီ၊ နေ့စေ့ကံကုန် နတ်ရွာစံသည်။။ လူထွက် ဓမ္မပါလသည်လည်း များမကြာမီ နေ့စေ့ကံကုန်ကွယ်လွန်သွားပြီ။

မေး ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ သားတော်အကြီး ဓမ္မဓရလူထွက် ဓမ္မစေတီမင်းတရားသည် ရန်ကုန် ရွှေတိဂုံတွင် ဓမ္မစေတီကြေးခေါင်းလောင်းကြီးစသည်နှင့် ပဲခူးတွင် ကျိုက်ပွန် ရွှေဂူကြီးဘုရား စသည် သာသနာပြုသွားသည်။ ဓမ္မစေတီမင်းတရားသည် လုံ့လရှိမှ လူကြီးဖြစ်သည်။ ''**အာဏာရှိမှ အလုပ်ဖြစ်သည်**''ဟူသော စကားအတိုင်း လူ့အရသာ သာသနာ၊ သာသနာပြုရမည်ဟု ပညာရှိ သူတော်ကောင်းများ၏ အဆိုအမိန့်အတိုင်း သာသနာပြုလုပ်ငန်းစပြီ။ သာသနာတွင် သိမ်အရေးကြီးသည်။ သိမ်သည် သာသနာ့စက်ရုံကြီးနှင့် တူသည်။ ကုန်ကြမ်းဘယ်လောက် ကောင်းကောင်း စက်ရုံမကောင်းလျှင်

www.dhammaransi.com


ကုန်ချောကောင်းမထွက်လာ။ စက်ရုံကောင်းမှ ကုန်ချောကောင်း ထွက်လာသည်။ ငါ သိမ်ကောင်းအောင် ပြုပြင်မည်။ ယင်း ပဲခူး ဟံသာဝတီဘုရင် ဓမ္မစေတီမင်းတရားက သဘော်ကြီးနှစ်စင်းဖြင့် အမတ်ကြီး တစ်ဦးစီအုပ်ချုပ်စေလျက် မြန်မာပြည်ရှိ ဆရာတော်ကြီး အပါးနှစ်ဆယ်ကို စားရေရိက္ခာအပြည့်အစုံဖြင့် သီဟိုဠ် ကျွန်းသို့လွှတ်ပြီး ရှေးရဟန္တာခေတ် သီဟိုဠ်ကျွန်းကလျာဏီမြစ်ထဲ၌ သဘော်ကြီးနှစ်စင်းကို ကျောက်ချရပ်တန့်၊ သီဟိုဠ်ရှိ ရဟန္တာပုဂ္ဂိုလ်ထူးကြီးများဖြင့် ကမ္မဝါ ဉတ် အထပ်ထပ်ရွတ်ပြီး သိမ်ထပ်မင်္ဂလာ ပြုလုပ်ကြသည်။ ဤ၌ ပဲခူး ကလျာဏီကျောက်စာတွင် နှစ်မျိုးပြသည်။

ပထမမျိုးက မြန်မာနိုင်ငံမှပင့်သွားသော ဆရာတော်ကြီးများကို သိက္ခာချကိုရင်ကြီးလုပ်စေ၍ အသစ်ရဟန်း တက်ပေးသည်။

ဒုတိယမျိုးက သိက္ခာမချ၊ ကိုရင်ကြီးမလုပ်ရ။ ရဟန်းအတိုင်းရှိစေပြီး သိမ်တက်ပေးလိုက်ကြသည်။ ဤသို့ရှိသည်။ အကြောင်းမှာ ကိုရင်ကြီး လုပ်လိုက်လျှင် ရှိရင်းစွဲဝါတွေပျက်၍ ဝါငယ်သွားပြီ။ ဒုတိယမျိုးက ရဟန်းဘဝအတိုင်းဖြစ်၍ ဝါမငယ်ဘူးဟု ဆိုလိုသည်။ ယခု မြန်မာနိုင်ငံတွင် သိမ်ထပ်ကြသည်။ ဒုတိယနည်းဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာတော်တွင် **“သိမ်ထပ်ခြင်းအစ ဓမ္မစေတီမင်းတရားက”**ဟု ယနေ့အထိ မှတ်တမ်းတင်ထားကြသည်။

**မေး ။ ။** ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ ။ ။** ဒုတိယနည်း ပို၍ယုတ္တိရှိပါတယ်။ ပို၍လည်းကောင်းပါသည်။ သိမ်ထပ်ခြင်းလည်း အတူပင်ဖြစ်ပါသည်။ သိမ်ထပ်သည့်အစဦအလာ ပဲခူး ဟံသာဝတီ ဓမ္မစေတီ မင်းတရားလက်ထက်မှစသည်ဟု မှတ်ရသည်။ အချို့ ပုဂ္ဂိုလ်များက ပြောတတ်သည်။ သိမ်ထပ်ရမည်ဟု ဘုရားဟောခဲ့သလားတဲ့။

သိမ်ထပ်ရမည်ဟု ဘုရားမဟောပါ။ ထပ်ကောင်းတာတော့ သေချာသည်။ ထပ်လျှင် အကျိုးများသည်ဆိုတာလည်း သေချာသည်။ ဘယ်ပါဠိတော် ဘယ်အဋ္ဌကထာ ဘယ်ဋီကာတို့နှင့်မှ မဆန့်ကျင်သောကြောင့်

www.dhammaransi.com


အနုလောမနည်းဖြင့် ထပ်ကောင်းသည်ဟု မှတ်လေ။

**မေး** ။ ။ မောင်ကဲထူးရယ် ဆက်ပြောပါဦး။

**ဖြေ** ။ ။ ပဲခူး ဟံသာဝတီ ဓမ္မစေတီမင်းတရားသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာစွယ်စုံ လောက်လုံတတ်မြောက်သည်ဟု ထင်ရှားသောကြောင့် သီဟိုဠ်ကျွန်းသံဃရာဇာခေါ် သာသနာပိုင်ဆရာတော်ကြီးနှင့် သီဟိုဠ်ဘုရင်တို့သည် မြန်မာနိုင်ငံ ရန်ကုန် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်းကို ရေးပေးဘို့ အမတ်ကြီးတစ်ဦးအား သင်္ဘောဖြင့် ကိုယ်စားလွှတ် တောင်းပန်စေ၏။

ဓမ္မစေတီမင်းတရားကြီးသည် ရန်ကုန် ရွှေတိဂုံစေတီတော်ကြီးသမိုင်းကို ပါဠိဘာသာဖြင့် စီရင်ရေးသားပြီး ယင်းသမိုင်းကျမ်းအမည်ကို ''**တိဂုမ္ဘဝိနိစ္ဆယ**''ကျမ်းဟု အမည်ပေးလိုက်သည်။

ရေးပြီးသည့်အခါ ပဲခူး ဟံသာဝတီတွင် သီဟိုဠ်သား ''မွေဒရာအပါ'' ကိုထည့်၍ ဓမ္မစေတီမင်းတရား၏ ဗရမ်း အမည်ရှိသောအမတ်နှင့် တမန်ခန့်ပြီး သီဟိုဠ်ဘုရင်သို့လည်းကောင်း၊ သံဃရာဇာခေါ် သာသနာပိုင်သို့လည်းကောင်း လက်ဆောင်ပဏ္ဏာများစွာနှင့် လွှတ်လိုက်၏။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ သံတမန်နှစ်ဦးတို့သည် သက္ကရာဇ် ၈၄၅–ခု သီတင်းကျွတ်လပြည့်ကျော် ၃–ရက်နေ့တွင် ပဲခူးဟံသာဝတီမှထွက်ကြ၍ သီဟိုဠ်ကျွန်းသို့ ဦးတည်သွားကြသည်။ ယင်း သီဟိုဠ်ကျွန်းသို့ရောက်သောအခါ သီဟိုဠ်ဘုရင်နှင့် သံဃရာဇာသာသနာပိုင်သို့ ဓမ္မစေတီမင်းတရား ပါဠိဘာသာဖြင့် ပြုစုသော ''**တိဂုမ္ဘ ဝိနိစ္ဆယ**''ကျမ်းကို ဆက်သကြပြီ။ သီဟိုဠ်ဘုရင်နှင့် သံဃာ့ရာဇာခေါ် သာသနာပိုင်သည် အဖန်ဖန်ကြည့်ရှုလျက် ပဲခူး ဟံသာဝတီ ဓမ္မစေတီမင်းတရားသည် ပိဋကတ်စာပေကို အမှန်တော်သည့် သာသနာပြုမင်းတရားကြီးလည်းဖြစ်၍ ''**ဓမ္မစေတီ**''ဟူသော ဘွဲ့ကို ခံထိုက်သည်ဟု အတန်တန် ချီးကျူးထောမနာပြုကြသည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

www.dhammaransi.com



ဖြေ ။ ။ သီဟိုဠ်ဘုရင်သည် မြန်မာမှလွှတ်လိုက်သော သံတမန်ခေါင်းဆောင် အမတ်ကြီး ဗရမ်းအား ညော်ခံကျွေးမွေး၊ သူသိလိုတာမေးပြီး ပဲခူး ဟံသာဝတီသို့ ပြန်ဘို့အစီအစဉ်အရ ပဲခူး ဟံသာဝတီ ဓမ္မစေတီမင်း အား အမွန်ဆုံး၊ အမြတ်ဆုံး လက်ဆောင်ပဏ္ဏာအဖြစ် အောက်ပါနှစ်မျိုး ကို ဆက်သလိုက်သည်။

(၁) မြတ်ဗုဒ္ဓ၏ ဆံတော်စစ် တစ်ဆူ

(၂) မြတ်ဗုဒ္ဓ၏ စွယ်တော်ပွား နှစ်ဆူ

ဗရမ်းအမတ်ကြီးနှင့် ဟံသာဝတီရောက် သီဟိုဠ်သား **''မွေဒရာအပါ''** တို့သည် ပြန်လာကြရာ သက္ကရာဇ် ၈၄၅ ခု နတ်တော်လပြည့်ကျော် ၁၂ရက်တွင် ပဲခူး ဟံသာဝတီသို့ ပြန်ရောက်သည်။ သီဟိုဠ်မင်းက ဆက်သ လိုက်သော မြတ်ဗုဒ္ဓဆံတော်မြတ်နှင့် စွယ်တော်ပွားနှစ်ဆူကို ဓမ္မစေတီမင်း အား ပေးအပ်ဆက်သကြသည်။ ဓမ္မစေတီမင်းတရားကြီးသည် ထိုစဉ် မြန်မာနိုင်ငံ အတုလပါလ သာသနာပိုင်ဆရာတော်အားပင့်၍ လေလုံ ဖန်ဗူးကြီးအထဲတွင် ထည့်ထားသော မြတ်ဗုဒ္ဓ၏ ဆံတော်တစ်ဆူနှင့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားနှစ်ဆူကို ဓမ္မစေတီမင်းတရားမှ ရှိသေစွာ လျှောက်ထားပြသလေ၏။ အတုလပါလ သာသနာပိုင်ဆရာတော်သည် သေချာစွာလေ့လာ၍ မြတ်ဗုဒ္ဓ၏ ဆံတော်စွယ်တော်များဖြစ်သည်ဟု မိန့်ကြားကာ ရှိခိုးကော်ရော်ခြင်းကို ပြုလေသည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ရွှေမော်ဓောစေတီတော်ကြီး၏ အရှေ့တောင်အနီးတွင် တည်ရှိသော ခမွန်ဘောကုန်းပေါ်တွင် ဓမ္မစေတီမင်းတရားကြီးကိုယ်တိုင် စေတီတော် တည်၍ ထိုဆံတော်မြတ်နှင့် စွယ်တော်ပွားနှစ်ဆူကို ဌာပနာတော်မူလေ သည်။ သက္ကရာဇ် ၈၄၅ ခု နှောင်းတန်ခူးလပြည့်နေ့တွင် ထီးတော်တင်ပွဲ ကျင်းပသည်။

ဘွဲ့တော်ကို **"မော်ဓောယယ်"**ဟု မှည့်ခေါ်ခဲ့သည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ဘုရင့်နောင် မင်းတရားလက်ထက် သက္ကရာဇ် ၉၂၈ ခု တန်ဆောင်

www.dhammaransi.com


မုန်းလဆန်း ၁၀ရက် ကြာသပတေးနေ့မှစ၍ ပဲခူး ဟံသာဝတီကို မြို့အဂ္ဂိ ရ–ပါးနှင့်အညီ မင်းနေပြည်တည်အံ့ဟု ဆုံးဖြတ်ပြီး ရွှေမော်ဓော ဘုရား အနောက်ဘက် ချိုင့်ဝှမ်းသောနေရာများကို မြေဖို့ကြသည်။ ခမွန်ဘောကုန်းထိပ်တွင် ဓမ္မစေတီမင်းတရား၏ကောင်းမှု မော်ဓောငယ်စေတီသည် ၉၂၆ခု မြေငလျင်ကြောင့် ပျက်စီးနေသော အဖြစ်ဆိုးကို တွေ့ရ၍ ထိုရွှေမော်ဓောငယ်စေတီပျက်ကို အကုန်ဖယ်ရှင်းစေသည်။ ထိုအခါ ဆံတော်မြတ်ကို ဌာပနာတိုက်ခန်း အပျက်ထည်းမှ ပြန်ရသည်။ အများပြည်သူ ပူဇော်ခွင့်ရသည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ၉၂၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက် ဗုဒ္ဓဟူးနေ့တွင် စေတီတော်အသစ် ပြန်လည်တည်ဆောက်ရန် ဘုရင့်နောင်မင်းတရား ကိုယ်တိုင် အခမ်းအနားဖြင့် အုတ်မြစ်ချသည်။ ယင်းနှစ် တပေါင်းလပြည့်ကျော် (၅)ရက် စနေနေ့တွင် အခမ်းအနားဖြင့် မြတ်ဗုဒ္ဓ၏ ဆံတော်ကို ဌာပနာတော်မူသည်။ ဓမ္မစေတီမင်းတရား၏ မော်ဓောငယ် ဟူသောဘွဲ့ကို ပြန်မခေါ်ဘဲ စူဠာမဏိဆံတော်ရှင်ဟု ဘွဲ့သစ်သမုတ်တော်မူသည်။ ဘုရင့်နောင်မင်းတရားသည် စေတီတော်ပြီးသောအခါ မိမိဝတ်တော်မူသော ဝတ်လဲတော်များကိုရောင်း၍ ထီး၊ ချယားသီးမှစပြီး အောက်ခြေ မြေသို့တိုင်အောင် ရွှေချတော်မူသည်။ သက္ကရာဇ် ၉၂၉ ခု၊ တန်ခူးလဆန်း (၁၃)ရက် သူ၏ စူဠာမဏိဆံတော်ရှင်စေတီကို ထီးတော်တင်သည်။ ယင်း စူဠာမဏိဆံတော်ရှင်စေတီ၏ မြောက်ဘက်တွင် ကျောင်းဆောက်ပေးသည်။ ဆံတော်ရှင်ကျောင်းဟုခေါ်သည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ သက္ကရာဇ် ၉၅၂ ခုနှစ်တွင် လှုပ်သောမြေငလျင်ကြောင့် ဘုရင့်နောင် မင်းတရား၏ စူဠာမဏိဆံတော်ရှင် စေတီထီးတော်နှင့် ငှက်ပျောဖူးပါ ကျိုးပျက်လျောကျသွားသည်။

**မေး** ။ ။ နို့ နေပါဦး။ ကြီးကြီးတစ်ခုမေးစရာရှိတယ်။

**ဖြေ** ။ ။ မေးပါ ကြီးကြီးရယ် အားမနာပါနှင့်။ ကြီးကြီးဓမ္မသဝန ကုသိုလ်ရ

www.dhammaransi.com


နေသလို ကျွန်တော်လည်း ဓမ္မဒေသနာကုသိုလ်ရနေပါတယ်။

**မေး ..** အေး ကျေးဇူးပါ မောင်ကဲထူးရယ်။ ကြီးကြီး ဆက်မေးချင်တာက သီဟိုဠ်ဘုရင်က တောင်းပန်လို့ ဓမ္မစေတီမင်းတရား ပါဠိဘာသာဖြင့် ရေးပေးတဲ့ ``**တိဂုမ္ဘဝိနိစ္ဆယကျမ်း**``အကြောင်းကို အမြွက်မျှသိပါရစေလား မောင်ကဲထူးရယ်။

**ဖြေ ...** တိဂုမ္ဘဆိုတာ ပါဠိတော်ပဲ။ မြန်မာလို ခြုံ ၃ ခု၊ ရှေးက မြန်မာနိုင်ငံကို အုပ်ချုပ်တဲ့ မင်းနေပြည်တော်ခေါ် အစိုးရရုံးစိုက်မြို့တွေ အများကြီးရှိပါတယ်။ ပဲခူး-တောင်ငူ-အင်းဝ-အမရပူရ-မန္တလေး စသည် ယခု မြန်မာနိုင်ငံရုံးစိုက် မင်းနေပြည်တော်ကတော့ ရန်ကုန်မြို့၊ ယခု တိဂုမ္ဘ စေတီတော်ကြီးတည်ရှိနေတာ ရန်ကုန်မြို့မှာပါ။ ယင်းရန်ကုန်မြို့သည် ရှေးက ရန်ကုန်မြို့မဟုတ်ပါ။ တောရွာကလေးပါ။ တိဂုမ္ဘခေါ် ခြုံသုံးခုရှိ တဲ့ရွာမို့ ပါဠိလို တိဂုမ္ဘ၊ မြန်မာလို တိဂုမ်ရွာလေး။ ခြုံသုံးခုရှိသောရွာပေါ့။

သမိုင်း၌ ယင်းတိဂုမ်ရွာကလေးကို အလောင်းဘုရား လက်ထက်က မြန်မာနိုင်ငံ အရောင်မျိုးစုံ သောင်းကျန်းသူ သူပုန်များကို ကိုယ်တိုင် လိုက်လံချေမှုန်းပြီး အောင်မြင်ပြီးနောက် ရန်.ကုန်ပြီဟူသော အထိမ်း အမှတ်ဖြင့် ယခု ရန်ကုန်မြို့တွင်တည်ရှိသော တိဂုမ္ဘခေါ် တိဂုမ်ရွာလေး သို့ ဝင်ရောက်နားသည်။ ငါ၏ ရန်တွေကုန်ပြီဟူသော အထိမ်းအမှတ် ဤတိဂုမ်ရွာသည် (ဝေရိက္ခယ မြန်မာလို ဝေရိ- ဘေးဒဏ်အန္တရာယ် ရန်အစွယ်စွယ်သည်၊ ခယ-ကုန်သွားပြီ) ရန်ကုန်ဖြစ်စေ။ တိဂုမ်ရွာမှ ရန်ကုန် မြို့ဖြစ်စေ- အလောင်းဘုရား၏ အမိန့်တော်။ (အထက်မှသွား၊ လောင်း ဘုရား တည်ထားမြို့ရန်ကုန်) တိဂုမ်ရွာငယ်ကလေးကို အလောင်းဘုရားမှ ၁၇၅၆ ခုနှစ်၌ တိဂုမ်ရွာကို ရန်ကုန်မြို့ဖြစ်စေဟု သတ်မှတ်သွားသည် ဟူလို။ ဥက္ကလာပမင်းကြီးမှ ဥက္ကလာပခေါ်ရာ ကုန်းတော်သာတွင် ယခု (လေးဆူဓါတ်ပုံ ရွှေတိဂုံ)စေတီတော်ကိုတည်ပြီး ရွာအမည် တိဂုမ်ရွာဖြစ်၍ ဘုရားဖြစ်သောကြောင့် ထုံးစံအတိုင်း ပဲခူးတွင် ရွှေမော်ဓော၊ ရွှေသာ လျောင်း စသည် ခေါ်သကဲ့သို့ ရွှေထည့်၍ ရွှေတိဂုံဘုရားဟုခေါ်သည်။ ခြုံသုံးခုရှိသောရွာမှ ဘုရားဖြစ်သောကြောင့် ရွှေတိဂုံဘုရားဟု ဆိုသည်။

www.dhammaransi.com

မေး ။ ဒါဖြင့် မောင်ကဲထူးရယ် (လေးဆူဓါတ်ပုံ ရွှေတိဂုံ) ဆိုတာရော ဘယ်လိုလဲ။

ဖြေ ။ ကြီးကြီး သေသေချာချာ မှတ်ထား၊ လေးဆူဓါတ်ပုံ ရွှေတိဂုံဆိုတာ ဓါတ်လေးမျိုးကိန်းအောင်းတဲ့ဘုရား၊ ကျွန်တော်တို့ ဘဒ္ဒကမ္ဘာမှာ ။

"ဘဒ္ဒတဲ့ ကမ္ဘာ၊ ကြာငါးခိုင် ပမာတင့်
ပွင့်ကြ ဗုဒ္ဓါ။
လေးဆူမှာ လွန်ကာပ ကွယ်သွား
မတွေ့ရှင် ထိုဘုရားကို
ဦးချ စောင့်စား။"

အဲဒီ ပေါရာဏ ကဗျာကလေးအရ ကျွန်တော်တို့ ယခု ရောက်နေတဲ့ ကမ္ဘာဟာ (၅)မျိုးရှိတယ်။

(၁) ဘဒ္ဒကမ္ဘာ (၂) မဏ္ဍကမ္ဘာ (၃) သာရမဏ္ဍကမ္ဘာ (၄) ဝရကမ္ဘာ (၅) သုညကမ္ဘာ

ဘဒ္ဒကမ္ဘာဆိုတာ ဘုရားငါးဆူပွင့်တယ်။ တစ်ပြိုင်တည်း ငါးဆူ ပွင့်တယ်လို့မမှတ်နဲ့။ တစ်ဆူပရိနိဗ္ဗာန်စံလွန်တော်မူပြီးမှ နောက်တစ်ဆူ ပွင့်ရတယ်။ တစ်ကမ္ဘာတည်း၌ နေနှစ်စင်း မထွက်ကောင်းသလို ဘုရား နှစ်ဆူ မပွင့်ကောင်းဘူး။ ယခု ကျွန်တော်တို့ ရထားသော ကမ္ဘာသည် ဘဒ္ဒကမ္ဘာ (ဘဒ္ဒေါတိ သုန္ဒရော)ကောင်းသောကမ္ဘာဟု ဆိုလိုသည်။

ကောင်းမှာပေါ့ ဘုရားငါးဆူတောင်ပွင့်တာကိုး။ အဲဒီ ငါးဆူထဲမှာ (၁) ကကုသန် (၂) ကောဏာဂုံ (၃) ကဿပ (၄) ဂေါတမ လေးဆူ ပွင့်ပြီးပြီ။

(၅) အရိမေတ္တေယျ မြတ်စွာဘုရားပွင့်ဘို့ ကျန်နေသေးသည်။ ယင်း ဘုရားအလောင်း အရိမေတ္တေယျ သည် ယခု တုသိတာနတ်ပြည်မှာ နတ်သားဖြစ်နေသည်။ မေတ္တေယျနတ်သားဟုခေါ်သည်။ ဘုရားတစ်ဆူ ပွင့်လျှင် ကြည့်ခြင်းကြီးငါးမျိုးကိုကြည့်၍ အချိန်ကျမှ ပွင့်တော်မူသည် (**ကာလံ ဒီပံ ဒေသံ ကုလ မာတု အာယု ပရိစ္ဆေဒ**) ကာလ– အချိန်အခါ ကိုလည်းကြည့်သည်။ ဒီပ–ပွင့်ရမည့် ကျွန်းကို လည်းကြည့်သည်။ ဒေသ–

www.dhammaransi.com


ပွင့်ကောင်းသည့် အရပ်ဒေသကိုလည်း ကြည့်သည်။ ကုလ-ပွင့်တော်သည့် အမျိုးအနွယ်ကိုလည်း ကြည့်သည်။ မာတုအာယု ပရိစ္ဆေဒ-လူ့ပြည်သို့ဆင်း၍ သန္ဓေတည်ရမည်ဖြစ်၍ မိခင်လောင်း၏ အသက်အပိုင်းအခြားကိုလည်းကြည့်သည်။ မြတ်စွာဘုရားတို့မည်သည် လူ့ပြည်မှာသာ ပွင့်ရမည်။ လူ့ပြည်မှာသာ ပွင့်ရိုးထုံးစံရှိသည်။ ယခု ကြည့်ခြင်းကြီးငါးမျိုးဖြင့် တုသိတာနတ်ပြည်မှ အလောင်းတော် မေတ္တေယျနတ်သား လူ့ပြည်ကို ကြည့်နေသည်။

မေး ။ ။ ဒါဖြင့် မောင်ကဲထူးရယ် လေးဆူဓါတ်ပုံ ရွှေတိဂုံ ဆိုတာရော ရှင်းပြပါဦးလား။

ဖြေ ။ ။ လေးဆူဓါတ်ပုံ ရွှေတိဂုံဆိုတာက ရွှေတိဂုံဘုရားအတွင်း၌ ဌာပနာပစ္စည်း ဓါတ်လေးမျိုးရှိတယ်။ ယင်းဓါတ်လေးမျိုးမှာ

(၁) ကကုသန် မြတ်စွာဘုရား၏ ရေစစ်တော်

(၂) ကောဏာဂုမ် မြတ်စွာဘုရား၏ ရေသနုပ်တော်

(၃) ကဿပ မြတ်စွာဘုရား၏ တောင်ဝှေးတော်

(၄) ဂေါတမ မြတ်စွာဘုရား၏ ဆံတော်

ရွှေတိဂုံဘုရားအတွင်း၌ ဓါတ်လေးမျိုးကိန်းအောင်းတယ်။ ယင်းရွှေတိဂုံဘုရားကဲ့သို့ ဓါတ်တော်အစစ်လေးမျိုး ကိန်းအောင်းသော ဘုရားမှာ ဗမာသာမက ကမ္ဘာမှာရှာသော်လည်း ဤတစ်ဆူသာရှိသည်။

မေး ။ ။ အဲဒီ ဂေါတမမြတ်စွာဘုရား၏ ဆံတော်အကြောင်း ကြိုးကြိုး အနည်းငယ်ကြားဘူးလို့ ရှင်းပြပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ။ ဒါဟာ အခု ရန်ကုန် ရွှေတိဂုံဘုရားသမိုင်းမှာပင် ၂ဝါဒရှိတယ်။ ယခု ရန်ကုန်၊ ရှေး တိဂုမ်ရွာသားများ တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ကုန်ကူးရင်း အိန္ဒိယနိုင်ငံသို့ ရောက်နေစဉ် ဂေါတမမြတ်ဗုဒ္ဓသည် ဗုဒ္ဓဂါယာ၌ ပွင့်တော်မူစ သတ္တ သတ္တာဟ ခုနှစ်ရက်ခုနှစ်လီ ရှေးဘုရားများနည်းတူ ၄၉-ရက် စံတော်မူစဉ် မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ရောက်၍ ရက်သားကလေးရှိသေးတယ်။ ထူးထူးဆန်းဆန်းကြား၍ မရမကဝင်ဖူးပြီး ဆွမ်းတော်လည်းဆက်ကပ်၊ တပည့်တော်တို့ မြန်မာနိုင်ငံ တိဂုမ်ရွာသားများ တပုဿ

www.dhammaransi.com


နှင့် ဘလ္လိကဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ ယခုပြန်ကာနီးမို့ ကိုးကွယ်စရာ တစ်ခုခု ချီးမြှင့်တော်မူပါဟု လျှောက်သဖြင့် ဆံတော်ချီးမြှင့်ရန် လက်ျာလက်တော်ဖြင့် ဦးခေါင်း တော်ကိုသပ်ပြီး ဆံတော်ချီးမြှင့်လိုက်သည်။ ဝါဒကွဲမှာ ....

(၁) ဆံတော်တစ်ဆုပ်ချီးမြှင့်လိုက်သည်။

(၂) ဆံတော်ရှစ်ဆူချီးမြှင့်လိုက်သည်။

အဲဒီ ၂-ဝါဒအတွက် ဘယ်ဟာ အမှန်လဲဟု ရှေးက သာသနာရေး ဝန်ကြီးဟောင်းမေးလို့ ဖြေလိုက်ဘူးတယ်။ ``ဖြေပုံမှာ ၂-ဝါဒလုံးမှန်တယ်။ ပိဋကတ်စာပေလောကမှာ (ကျမ်းသိထက် ကျမ်းညှိခက်တယ်...)တဲ့။`` ဒါ့ကြောင့် ဝန်ကြီး ဒီလိုမှတ် ....။ (၁) တစ်ဆုပ်ဆိုတာ လဲမှန်တယ်။ (၂) ရှစ်ဆူဆိုတာလဲမှန်တယ်။ ... ဘယ်လိုမှန်တာလဲ ဆိုတော့ မြတ်ဗုဒ္ဓ-ယခု ရန်ကုန် တိဂုမ်ရွာသား တပုဿ နှင့် ဘလ္လိက တို့ကို ချီးမြှင့်လိုက်တာ တစ်ဆုပ်ပဲ။ သို့သော် ရှစ်ဆူဘဲပါတယ်။ ယခု ရန်ကုန် ရွှေတိဂုံစေတီတော်ကြီးအတွင်းမှာ ဌာပနာထားသော ဆံတော်သည် တစ်ဆုပ်ဆိုသော်လည်း ရှစ်ဆူဟု မှတ်ရမယ်။

**မေး** .. ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** .. ပုံတော်တည် ဆောက်ထားမှုမှာလည်း လေယာဉ်ပျံပေါ်က ကြည့်ကြည့်၊ ပင်လယ်ထဲက ကြည့်ကြည့်၊ အဝေးက ကြည့်ကြည့်၊ အနီးက ကြည့်ကြည့်၊ ဂုဏ်တော်တွေပြည့်သလို ပုံတော်အခြေအနေကလည်း အလွန်ကိုပြည့်သည်။ အတုမရှိ ဂုဏ်တော်တွေပြည့်သော ပုံတော်ကြီးပါတကားဟု ကျွန်တော်ကဲထူး အံ့သြမိသည်။

**မေး** .. ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** .. ဒါ့ကြောင့် သူဌေးသား ဒိဗ္ဗစက္ခုအဘိညာဉ်ရ အရဟန္တ အရှင်အနုရုဒ္ဓါ မထေရ်ကြီးက သူပြုသော အဘိဓမ္မာ ၇-ကျမ်းအကျဉ်းချုပ်ခေါ် လက်သန်းအဋ္ဌကထာ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ သူ၏ ပဏာမဥ္ဇ (သမ္မာ သမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ) သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အတုလဂုဏ်တော်၊ သသဒ္ဓမ္မ ဂဏုတ္တမ ထည်ဝါထူးကဲမြင့်မြတ်သော ဂုဏ်တော်ကြီးတို့ဖြင့်

www.dhammaransi.com

သတင်းစာကြည့်တိုက်
...ကားပြန့်ပွားရေးဦးစီးဌာန
ထမ္မာ့အေး၊ ရန်ကုန်။

ချီးကျူးကော်ရော် ပူဇော်သွားပါတယ်ကြီးကြီးရယ်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ဆံတော်ရှင် စူဠာမဏိစေတီတော်၏ မြောက်ဘက်တွင် တည်ရှိသော ကျောင်း၏အမည်ကို ဆံတော်ရှင်ကျောင်းဟု ခေါ်သည်။ အနီးတွင် ဇရပ်တစ်လုံးလည်း ဆောက်သေးသည်။ သက္ကရာဇ် ၉၅၂ ခုနှစ်တွင် လှုပ်သောမြေငလျင်ကြောင့် ထီးတော်၊ ငှက်ပျောဖူးပါ ကွဲပျက်ခြင်းအတွက် ဘုရင့်နောင်၏ သားတော်နန္ဒဘုရင်၊ နန္ဒဘုရင်၏သားတော် ငါးဆူဒါယကာသည် ၉၅၃ ခု၊ ဝါဆိုလတွင် ငှက်ပျောဖူးကို ထပ်ဆင့် တည်ဆောက်ပြီး ထီးတော်တင်သည်။

**မေး** ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ဆံတော်ရှင်စူဠာမဏိစေတီတော်အား နှစ်ပေါင်းကြာလာ၍ ဟောင်းနွမ်းလာသည့်အခါ သက္ကရာဇ် ၉၉၄ ခုနှစ် တွင် သာလွန်မင်းတရားက အင်္ဂတေတွေခွာပြီး အသစ်တင်ပူဇော်ခဲ့သည်။

**မေး** ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ၁၂၀၉ ခုနှစ်တွင် ဟံသာဝတီမြို့သူကြီး ဦးအောင်ရွှေက ဟောင်းနွမ်းပျက်စီးလာသော အင်္ဂတေများကို အသစ်တင်ကပ်လှူမွမ်းမံသည်။ ယင်းအင်္ဂတေမွမ်းမံ ဟံသာဝတီမြို့သူကြီး ဦးအောင်ရွှေသည် ၁၂၁၄ ခုနှစ် အင်္ဂလိပ်နှင့် မြန်မာစစ်ပွဲတွင် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရသည်။ ယင်းဆံတော်ရှင် စူဠာမဏိစေတီ၏ ရင်ပြင်တော် အရှေ့တောင်ထောင့်တွင် စေတီငယ်တစ်ဆူတည်ပြီး ဦးအောင်ရွှေ၏အရိုးကို ဌာပနာလျက် တည်ထားကြသည်။ ယင်း အရိုးအိုးစေတီကလေးကို ဦးအောင်ရွှေစေတီဟု ခေါ်လာကြသည်။ အရိုးအိုးစေတီလေးမှ အမည်ကို ဘုရင့်နောင် ဆံတော်ရှင် စူဠာမဏိစေတီကြီးကိုပဲ ရွှေအောင်ရွှေစေတီဟု ယနေ့အထိ ခေါ်လာကြသည်။ **(အမှားကြာလျှင် အမှန်ထင်)** အရိုးအိုးစေတီလေးမှာ ပျောက်သွားပြီ။ အဲဒါ လူနာမည်ပျက်လျှင် အထင်သေးသလို ရွှေအောင်ရွှေဟု ဘုရားနာမည်ပျက်ပြီး အထင်သေးနေကြသည်။

၂၇၆၁၆

www.dhammaransi.com

မေး ။ ။ မောင်ကဲထူးရယ် ရွှေအောင်ရိုးဟုလည်း ကြီးကြီးကြားဘူးတယ်။

ဖြေ ။ ။ အဲဒါက သာဆိုးသေးတယ်။ ဦးရွှေအောင်၏ အရိုးဟု ထင်ယောင်ထင်မှားဖြစ်ပြီး အရိုးအိုးစေတီဟု ပိုပြီးခိုင်မာနေတယ်။

မေး ။ ။ ဒါဖြင့် ငါ့တူ– နာမည်မပျက်စေနဲ့နော်။

ဖြေ ။ ။ ကျွန်တော် ပဲခူးက ကဲထူးပါ။ ကြီးကြီး စုံစမ်းကြည့်ပါ။

မေး ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ယနေ့အထိ သမိုင်းဝင်ဘုရားတွေ အကုန်လုံးပြီးမြောက်အောင်မြင်လျက် ရွှေထီးတော်သံ တစ်ညံညံနှင့်ဟု ဆိုရမလောက်။ သို့သော် ယနေ့အထိ ဓမ္မစေတီမင်းတရားနှင့် ဘုရင့်နောင်မင်းတရားတို့၏ စွယ်တော်စစ်၊ ဆံတော်စစ်ကိန်းအောင်းသော သမိုင်းဝင်စေတီတော်ကြီးမှာ ရွှေအောင်ရွှေးဟု တစ်နည်း ရွှေအောင်ရိုးဟု နာမည်ပျက်ပြီး (အသံကြောင့် သေသောဖားဖားဟာအသံကြောင့်အသေခံရသည်။) ရွှေအောင်ရွှေးဟူသောအသံကြောင့် လူထဲမဝင် ရှင်ထဲမလှ ဖြစ်ခဲ့ရသည်။ ဘုရင့်နောင်၏ကျောင်းကို ပဲခူးမြို့ဦးမှိန်က ကျောင်းဆောက်ကာ ဘုန်းကြီးဦးဖိုးလှိုင်ကို ပင့်တင် ကိုးကွယ်၊ ၁၂၄၈ ခုနှစ်တွင် ရွှေအောင်ရွှေးကျောင်းဟု အမည်တွင်လာသည်။

မေး ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ၁၂၅၄ ခုနှစ်တွင် ကျိုက်ပဒိုင်မြောက်ဘက် ထောင်မင်းရွာမှ စာတတ်ပေတတ်ဆရာတော် **ဦးသုမန** ကို ပင့်ဆောင်သာသနာပြုစဉ်တွင် ယင်းရွှေအောင်ရွှေးကျောင်းသည် ပဲခူးမြို့တွင် စာသင်တိုက်ကြီးတစ်ခုဟု ထင်ရှားခဲ့သည်။ ယင်းရွှေအောင်ရွှေးဆရာတော် ဦးသုမန သည် ပဲခူး အရည္ဆဝါသီရွှေကျင်နိကာယဉ္ဇ မဟာနာယကဆရာတော်ကြီးအဖြစ် အုပ်ချုပ်သာသနာပြုသွားသည်။

မေး ။ ။ ဒါဖြင့် မောင်ကဲထူးရယ်– ယခု ထိန်းသိမ်းစောင့်ရှောက် သာသနာပြုဆဲ ဆရာတော်မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ် ကြီးကြီးရယ်။ အခုလဲ စာသင်တိုက်ပါပဲ။ စိရပဗ္ဗဇိတ သာသနပါကဋ္ဌ ဂဏနာယက ဆရာတော်ကြီး **ဘဒ္ဒန္တပညာဇောတ** ဖြစ်ပါတယ်။

www.dhammaransi.com


မေး ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ၁၂၆၄ ခုနှစ်၊ ဝါခေါင်လတွင် မိုးကြီးလေကြီးပြင်းထန်စွာ တိုက်ခတ်ရွာသွန်းသဖြင့် ရွှေအောင်ရွှေးစေတီအထက်ပိုင်း ပြိုခဲ့ပြန်သည်။ ထို့ကြောင့် အိုးဘိုရွာသူကြီး ဦးအောင်မင်း က ၁၂၆၅ ခုနှစ်တွင် ပြုပြင်မွမ်းမံသဖြင့် သစ်လွင်လှပသောစေတီအဖြစ်သို့ ရောက်ခဲ့ပြန်သည်။ ယင်း ဦးအောင်မင်း ၏ ကောင်းမှုသည်လည်း ၁၂၉၂ ခုနှစ်၊ မြေငလျင်ကြောင့် ခေါင်းလောင်းအထက်ပိုင်း ပျက်စီးသွားပြန်သည်။

မေး ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ တစ်ဖန် ဆက်လက်၍ သစ်တောရုံး စာရေးကြီး ဦးဘတင်က ဦးဆောင်လျက် စုပေါင်း အပေါ်ထိပ်ကိုညှိပြီး စေတီငယ်လေးတစ်ဆူ ပေါက်ခဲ့သည်။ ၁၃၃၃ ခုနှစ်တွင် ရင်ပြင်၏ အရှေ့မြောက်ထောင့်၌ နန်းတော်ကုန်း အင်းဝင်စသော စုပေါင်း ဒကာ/ဒကာမများက ဆောက်လုပ်လှူဒါန်း သိမ်သမုတ်ကြပြီး ယင်း သိမ်အသစ်တွင် ဥပုသ်၊ ပဝါရဏာ ကံကြီးကံငယ် ပြုကြရသည်။

မေး ။ ။ ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ။ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အရှေ့တောင်ဘက် ၄ဖာလုံခန့်သာဝေးသော ရွှေအောင်ရွှေးသမိုင်းဝင်စေတီတော်ကြီး တည်ရှိသည်။ လူလမ်း၊ ကားလမ်း၊ စက်ဘီးလမ်း၊ ဆိုင်ကယ်လမ်း လမ်းပန်းလည်း ချောမွေ့သည်။ မူလကောင်းမှုရှင် ဓမ္မစေတီမင်းတရားကြီးသည် ပဲခူးမြို့ အနောက်တောင်ထောင့်ရှိ (၁) ရွှေဂူကြီးဘုရား (၂) သတ္တ ဌာနဘုရားများ (၃) ကျိုက်ပွန်ဘုရားများ (၄) ကလျာဏီသိမ် (၅) နာရဏီသိမ် စသည်ကို ဆောက်လုပ်လှူဒါန်းသွားသည်။

ဓမ္မစေတီမင်းတရား သီဟိုဠ်ကျွန်း ကလျာဏီမြစ် ရေသိမ်တွင် သိမ်ထပ်ပြန်ရောက်လာကြသော ဆရာတော်ကြီးများဖြင့် ဓမ္မစေတီမင်း တရားကြီး (ကုန်ကြမ်း ဘယ်လောက်ကောင်းကောင်း စက်ရုံကောင်းမှ ကုန်ချောကောင်းထွက်သည်ဟူသောမူအရ) သိမ်သစ်ကြီးလေးခုကို သမုတ်တော်မူပြီး ဓမ္မစေတီမင်းတရားလက်ထက် မြန်မာနိုင်ငံ ရဟန်းတော်များကို ပြန်

www.dhammaransi.com


လည်သိမ်ထပ်စေသည်။ ယင်းဓမ္မစေတီမင်းတရား၏ သိမ်ကြီးလေးသိမ်မှာ (၁)ကလျာဏီသိမ် (၂) နာရဏီသိမ် (၃) နာဂဝန်သိမ် (၄) နိဗ္ဗာန် ကလိုင်သိမ်။ (နိဗ္ဗာန် ကလိုင်သိမ်ကို ပဲခူးသားတွေပင် အချို့မသိ၊ ယခု ကျိုက်ပွန်ဘုရားကြီး၏ ပရဝုဏ် စေတီယသင်္ဂကမြေအတွင်းမှာရှိသည်။)

**မေး** ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ဘုရင့်နောင်မင်းတရားကြီးမှာလည်း ရွှေရောင်ညီးညီး အံ့ချီးဖွယ်ရာ

(၁) ယခုမြင်ရသော ကမ္ဘောဇသာဒီနန်းတော်ကြီးနှင့်

(၂) ပဲခူးအနောက်ပိုင်း မဟာစေတီ

(၃) ပဲခူးမြောက်ဘက် ဘုရားကြီးရွာ မဟာဝိဇယစေတီ

စသည်ဖြင့် တည်ဆောက်သာသနာပြုသွားသည်။

၁။ ခမ္ဘန်ဘော ကုန်းတော်တွင် ဓမ္မစေတီမင်းတရား၏ မော်ဓောငယ်

၂။ ဘုရင့်နောင်မင်းတရား၏ စူဠာမဏိစေတီတော်

၃။ သမိုင်းတွင် ဆံတော်ရှင် မော်ဓောငယ်၊ စူဠာမဏိ စေတီတော်

၄။ အမည်ပြောင်းသည့် ရွှေအောင်ရွှေးစေတီတော်

**မှတ်ချက်** ။ ဓမ္မစေတီမင်းတရားအား သီဟိုဠ်ဘုရင်မှ လေးဆူဓါတ်ပုံ ရွှေတိဂုံ ဘုရားသမိုင်းကို ရေးပေးရန် တောင်းပန်သည်။ ဓမ္မစေတီမင်းတရားက ပိဋကတ် သုံးပုံအလုံးစုံ နှံ့နှံ့စပ်စပ် တတ်မြောက်သည်ဖြစ်သောကြောင့် ရန်ကုန် ရွှေတိဂုံ ဘုရားသမိုင်းကို တိဂုမ္ဘဝိနိစ္ဆယကျမ်းအမည်ဖြင့် ရေးသားဆက်သ,သဖြင့် သီဟိုဠ် ဘုရင်မှ ပဲခူး ဟံသာဝတီဘုရင် ဓမ္မစေတီမင်းတရားအား အလွန်ကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် ဗုဒ္ဓမြတ်စွာ၏ ဆံတော်စစ်တစ်ဆူနှင့် စွယ်တော်ပွားနှစ်ဆူကို ရတနာအပြည့် မွမ်းမံထားသော ရွှေကြုတ်တွင်ထည့်၍ ဆက်သလိုက်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း အမြဲလေးစား အရေးထားပူဇော်ဘို့လိုသည်။ ထိုဆံတော်ရှင် မော်ဓောငယ် စူဠာမဏိ ရွှေအောင်ရွှေးစေတီသည် ဓမ္မစေတီ မင်းတရား လက်ထက် ဗညားဦး ဟံသာဝတီမြို့တော်၏ အနောက်တောင်ဘက် ရွှေမော်ဓောဘုရား၏ အရှေ့တောင်ဘက်၌တည်ရှိသည်။

**မေး** ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ဘုရင့်နောင်မင်းတရား၏သားတော်အကြီး ပဲခူး ဟံသာဝတီ နန္ဒဘုရင်

www.dhammaransi.com


လက်ထက် သက္ကရာဇ် ၉၅၂ခုနှစ်တွင်လှူပ်သော မြေငလျင်ကြောင့် ထီးတော်မှ ငှက်ပျောဖူးပါ ကွဲအက်ပျက်စီးခဲ့သည်။ ထိုဘုရင့်နောင်၏ မြေးတော်အကြီး ငါးဆူဒါယကာသည် ၉၅၃ ခုနှစ်၊ ဝါဆိုလတွင် ပြန်လည် ပြုပြင် ထီးအသစ်တင်တော်မူခဲ့သည်။

**မေး ..** ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ ...** ဘုရင့်နောင်မင်းတရားကြီး၏ သားတော်အကြီး နန္ဒဘုရင်၏သား (ဘုရင့်နောင်၏မြေးတော်) သာလွန်မင်းတရားကြီးကလည်း ပဲခူး ဟံသာဝတီ တွင် စံတော်မူနေစဉ် ယင်းဓမ္မစေတီ ဘုရင့်နောင်တို့၏အဆက် စူဠာမဏိ စေတီကို ၉၉၄ ခုနှစ်တွင် အင်္ဂတေဟောင်းများကိုခွာ၍ အသစ် မွမ်းမံ ပူဇော်ခဲ့သေးသည်။ ယင်းဘုရင့်နောင်၏သားအကြီး နန္ဒဘုရင်၊ နန္ဒဘုရင်၏ သား သာလွန်မင်းတရားကြီး၏ လက်ရာသည် သက္ကရာဇ် ၁၂၀၉ ခုနှစ် အထိ နှစ်ပေါင်း ၂၀၀ကာလ ကွင်းဆက်လိုက်၍ အမှတ်တရတွေ့ခဲ့ရ သည်။ (ဤသို့ အထပ်ထပ်ပြို့ခဲ့ခြင်းမှာ လုပ်နည်းလုပ်ဟန် စံနစ်မကျခဲ့ ခြင်းကြောင့် ဟု ပဲခူးက ကဲထူး သုံးသပ်မိသည်။)

**မေး ..** မောင်ကဲထူးရယ် ယခု ဓမ္မစေတီဘုရင့်နောင်တို့၏ ဆံတော်ရှင် တစ်ဆူ နှင့် စွယ်တော်နှစ်ဆူ ကိန်းဝပ်တော်မူသော ရွှေအောင်ရွှေးခေါ် တစ်နည်း ရွှေအောင်ရိုး ခေါ် မော်ဓောငယ် စူဠာမဏိဆံတော်ရှင် စွယ်တော်ရှင် မြန်မာတိုင်းခွင် သမိုင်းဝင်စေတီတော်မြတ်ကြီးကို ပြန်လည် တည်ဆောက် မည်ဆိုလျှင် ဘယ်လောက်ကုန်မည်ဟု ခန့်မှန်းစမ်းပါ။

**ဖြေ ...** ကျွန်တော်တည်ဆောက်ရမည်ဆိုလျှင် ....

(က)ခိုင်ခံ့ရမည်။ (ခ) အကုန်နည်းရမည်။ (ဂ) မြန်ဆန်ရမည် .. ကြီးကြီး ရယ်။

(၁) စေတီငုတ်တိုပေါ်မှ ဟောင်းနွမ်းဆွေးမြေ့သော အစိတ်အပိုင်းကိုဖယ် ၍ ၁၀–ပေပတ်လည် လေးထောင့်မှ တွင်းလေးတွင်း လိုသလောက် တူးချမည်။ အလယ်တစ်တွင်း တူးချမည်။ သံချည်သံကွေး သံခြင်း ၅–တိုင်စိုက်မည်။ ကြက်ခြေခတ် သံချည်သံကွေးဒေါင့်များထည့်လျက် ကျောက်ထုတ် အောက် ၁–ထုပ်၊ အလယ် ၁–ထုပ်၊ အပေါ် ၁–

www.dhammaransi.com


ထုပ်၊ ၃–ထုပ်ချုပ်ပြီးပုံဆင် ကွန်ကရစ်လောင်းထည့်မည်။ အလယ်တိုင်၌ အပေါ်မှ ပိန္နဲတိုင်ပိုက်လုံးထည့်ပြီး ကွန်ကရစ်လောင်းထည့်မည်။ အလယ်ပိုက်လုံးမှာ ထီးတော်၏ သံချောင်းထည့်ရန်အတွက်ဖြစ်မည်။

(၂) ဘယ်လိုမှမလှုပ်ရှားနိုင်သော ကျောက်တိုင်ကျောက်ထုပ်ကြီးများ စိတ်ချရသောအခါ ရေးဆွဲထားသော စေတီပုံတော်အတိုင်း လိုအပ်သည့်နေရာမှ နှစ်လျှားတစ်နံ အုတ်စီမည်။ အထဲက စိတ်ချရအောင် ဝမ်းစာလိပ်သဲကျောက်ဖြင့် စပ်နည်းစည်းကမ်းကျ အပြည့် တစ်ခါတည်းကျပ်အောင်လောင်းထည့်သွားမည်။ ပုံတော်အရ ထီးကို အဆင်သင့်လုပ်ထားမည်။ ထီးတော်ကို ပြည်ထောင်စု (၅)ခု ပြည်ထောင်စုဘုရားဖြစ်၍ ပြည်ထောင်စုထီး တင်ရမည်။ ထီးခွေကြီး ငါးဆင့်ဖြစ်သည်။ ပြည်ထောင်စုအတွင်းရှိ ကျန်အမျိုးသားများအတွက် အပေါ်က ထီးခွေလေး (၄)ခွေထည့်မည်။ ပေါင်း (၉)ခွေ (နဝင်း ၉×၃= သတ္တဗ္ဗိသ) ဖြစ်ပြီ။ အမြင့်ဖြစ်၍ ကြီးရမည်။ အမာခံသံခွေခံ၍ ကြေးပြားပါးပါး၊ ပေါ့လည်းပေါ့အောင် လေဒဏ်မိုးဒဏ်လည်းခံနိုင်အောင် ပန်းထောင်ပန်းတက် ကျဲကျဲ၊ ဆွဲလဲ ၅–လုံး၊ နယား ၅–ကောင်၊ အောင်လံတော် ၅–ခု၊ စိန်ဖူးတော်အလယ်က ကြီးကြီး ၁–ဖူး၊ အရန် ၄–ဖူး၊ ပြည်ထောင်စုစိန်ဖူးဟု ဆိုလိုသည်။ ပြည်ထောင်စုနေ့မှာ ထီးတော်တင်ပွဲ ခြိမ့်သဲသိုက်မြိုက်တာကို မြင်ပါရစေဟု ပတ္ထနာအပေါင်းဖြင့် ဆုတောင်းလိုက်ပါတယ်။

(၃) ယခု ရှိနေသော ငုတ်တိုအနေအထားကို ကြည့်ပြီးပြောနေခြင်းဖြစ်၍ ယနေ့ ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်း၊ ယနေ့ လုပ်သားခနှုန်းဖြင့် ကျပ်သိန်း(၂၀၀၀) မ,တည်နိုင်လျှင် ပြီးနိုင်သည်။ အပိုအလုပ်တွေ မလိုအရှုပ်တွေမပါ။ ဓမ္မစေတီ ဘုရင့်နောင် တို့၏ ကိုယ်စားဆံတော်မြတ်၊ စွယ်တော်မြတ်များ ကိန်းဝပ်သည့် စေတီတော်ကြီး "**နတ်လည်းကူ၊ လူလည်းမ**" ဆိုသည့်အတိုင်း ခရီးရောက် ပြီးမြောက်လျက် လုပတင့်တယ် မြင့်ကြွယ်ထင်ရှားသော စေတီတော်ကြီးကို မြန်မာသာမက ကမ္ဘာသူကမ္ဘာသားများကပါ အားလုံး ဝိုင်းဝန်း

www.dhammaransi.com



ကော်ရော် ကြည်နူး ပူဇော်နိုင်ကြမည်။ ဒါလည်း ကျွန်တော်ကဲထူး မြင်တာကိုပြောရလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အထွဋ် အထိပ် ဘာသာရေးထိပ်ဖူး ဘာသာရေးဦးစွန်းကြီးဖြစ်၍ နိုင်ငံ အကြီးအကဲများမှ ဦးဆောင်ရပ်တည်ပြီး တိုင်းမှူး၊ ခရိုင်မှူးများ၊ မြို့နယ်မှူးများ စသည်တို့က ဝိုင်းဝန်းလုပ်ကိုင်ကြမှ အောင်မြင်မည်ဟု ထင်ပါသည်။ ယင်းအကြီးအကဲများအတွက် ဘုရားကြီးမှာ မပြီးဘဲ စောင့်နေသည်ဟု ထင်ပါသည်။

မေး ။ ။ ကြီးကြီး ဝမ်းသာလိုက်တာ မောင်ကဲထူးရယ်။

မစားရ ဝခမမ်းဆိုတာလိုဘဲ ကြီးကြီးတို့ ပြည်ထောင်စု တိုင်းရင်းသား အားလုံးက သဘောပေါက် လိုက်နာရမည့် အချက်ကလေးများရှိရင် ပြောပါဦးကွယ်။

ဖြေ ။ ။ ကြီးကြီး မှတ်ထားနော်။

၁။ လုံ့လရှိမှ လူကြီးဖြစ်သည်။

၂။ အာဃာရှိမှ အလုပ်ဖြစ်သည်။

၃။ အရှင်မွေးမှ နေ့ချင်းကြီးသည်။

၄။ လူကြီးက မြှောက်စားမှ လူငယ် မောက်ကြွားသည်။

၅။ သူ့ကို ဂုဏ်နှိမ့် ကိုယ့်ဂုဏ်နိမ့်သည်။

၆။ သူ့ကို ဂုဏ်မြှောက် ကိုယ့်ဂုဏ်မြောက်သည်။

၇။ သမာဓိကြီးကြီးထား၊ စကားနဲနဲပြော၊ အလုပ်များများလုပ်၊ အဟုတ် ကြီးပွားမည်။

၈။ မကောင်းတာမကြံ့.မမှန်တာမလုပ်.မဟုတ်တာ မပြောရ။

၉။ အမေကိုကျော်ပြီး ဒွေးတော်ကို ပိုမလွမ်းနဲ့။

၁၀။ အမေ့ထမင်းစားပြီး ဒွေးတော်နွားကို မကျောင်းချင်နှင့်။

၁၁။ ငါးစိမ်းကိုမြင်တိုင်း ငါးကင်ကို မမေ့ကောင်းဘူး။

၁၂။ အနေသန့်မှ အရှည်ခံမည်။

၁၃။ ကျွဲဝပ်နွားဝပ် ထလွယ်၏။ လူဝပ် ထခဲ၏။ (စီးပွားရေး ကြီးပွားရေး အရင်းအနှီးပြုတ် ဝပ်ကျသွားလျှင် ပြန်လည်ထူထောင်နိုင်ဘို့မလွယ်)

www.dhammaransi.com



၁၄။ သူတစ်ပါးကို ထိန်းနိုင်မှုထက် မိမိကိုယ်ကိုထိန်းဘို့လိုသည်။
၁၅။ အခါကောင်းသော်လည်း အလာနှောင်းလို့ မအောင်မြင်ဘဲဖြစ်တတ်သည်။
၁၆။ ရည်ရွယ်ချက်ပန်းတိုင်ကို အမြန်ဆုံး လှမ်းကိုင်နိုင်ဘို့ မျက်ခြေမပျက် တရစပ် ကြိုးစားရမည်။
၁၇။ စည်းရုံးရေးကောင်းမှ ပြီးဆုံးရေးကောင်းမှာ သေချာသည်။
၁၈။ နည်းမှန် စည်းမှန်မှ အပြီးမြန်မည်ကို သတိပြု။
ဤသို့ ရှေးပညာရှိ သူတော်ကောင်းအပေါင်းတို့ ဆုံးမခဲ့တယ် ကြီးကြီးရယ်။

**မေး ။** မောင်ကဲထူးရယ်– မင်းက စည်းရုံးရေးကောင်းမှ ပြီးဆုံးရေးကောင်းမည်ဟု ပြောတယ်။ စည်းရုံးရေးကောင်းအောင် ကြီးကြီး ဘယ်လို ဆောင်ရွက်ရမလဲ။

**ဖြေ ။** ကြီးကြီး သေသေချာချာမှတ်နော်။ ကျွန်တော်တို့ ဗုဒ္ဓ ပိဋကတ်တော်၌ မိလိန္ဒပဥှာကျမ်းဆိုတာ ရှိတယ်။ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်မထေရ်မြတ်အား လျှောက်ထားလို့ စည်းရုံးရေးကောင်းတရား(၃)ပါး၊ စည်းရုံးရေးပျက်တရား(၃)ပါးရှိတယ် ကြီးကြီးရယ်။

**စည်းရုံးရေးကောင်းတရား(၃)ပါး**

(၁) ကြီးကဲသူ မိမိကိုယ်တိုင်က ဘာသာရေး,သာသနာရေး,လောကရေး, ဓမ္မရေး အစစ နာမည်မပျက် ကိုယ်ကျင့် သီလကောင်းရမည်။ (ဒါလဲ စည်းရုံးရေးကောင်းတရားတစ်ခုပဲ။)

(၂) မိမိ၏လက်အောက် ပရိသတ်တို့အား ပြောရေးဆိုရေး ပြေပြေလည်လည် နူးနူးညံ့ညံ့ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံရေးကောင်းရမည်။ (ဒါလဲ စည်းရုံးရေးကောင်းတရားတစ်ခုပဲ။)

(၃) မိမိ၏လက်အောက် ပရိသတ်တို့အား သူနှင့်ထိုက်တန်သလို ပေးကမ်းချီးမြှင့်ဆိုသည့်အတိုင်း ပေးကမ်းရမည်။ ချီးမြှင့်ရမည်။ တောက်ကြွားအောင် မြှောက်စားရမည်။ (ဒါလဲ စည်းရုံးရေးကောင်းတရားတစ်ခုပဲ)

www.dhammaransi.com


**စည်းရုံးရေးပျက်တရား(၃)ပါး**

(၁) ကြီးကဲသူ မိမိကိုယ်တိုင်က ဘာသာရေး.သာသနာရေး. လောက ရေး.ဓမ္မရေး အစစ နာမည်ပျက် ကိုယ်ကျင့်သီလတွေမကောင်းဘူး။ (ဒါလည်း စည်းရုံးရေး ပျက်ကြောင်းတရားတစ်ခုပဲ။)

(၂) မိမိ၏လက်အောက် ပရိသတ်တို့အား ပြောရေးဆိုရေး မပြေမလည် ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျ ပြောဆိုဆက်ဆံရေး မကောင်းဘူး။ (ဒါလည်း စည်းရုံးရေးပျက်ကြောင်းတရားတစ်ခုပဲ။)

(၃) မိမိ၏လက်အောက် ပရိသတ်တို့အား သူနှင့်ထိုက်တန်သလို ပေးကမ်း ချီးမြှင့်ဆိုသည့်အတိုင်း မပေးမကမ်းမချီးမြှင့်၊ တောက်ကြွားအောင် မြှောက်စားမှုမပြုဘူး။ (ဒါလဲ စည်းရုံးရေးပျက်ကြောင်းတရားတစ်ခုပဲ) ကြီးကြီးရယ်။

မေး ။ ။ မောင်ကဲထူးရယ် – တို့အစိုးရကို တို့ပြည်ထောင်စုကြီးက သိပ်အားကိုး တယ်။ တိုင်းပြည်အတွက် ကုသိုလ်တွေလည်းရ၊ ``**အရေးကြီးလှ သွေးနီးမှ**`` ဆိုသကဲ့သို့ တို့ပြည်ထောင်စု တိုင်းရင်းသားတွေအတွက် စည်းရုံးရေးတွေ လည်း မြင့်မားကျစ်လစ်ပြီး ပိုမိုခိုင်မာ ``**ဂြိုဟ်ပြေနံပြေ ယတြာတွေလည်း ကြေ**``ပေါ့ကွယ်။ ဘာသာရေး သာသနာရေး မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာရရေးမို့ ပိုပြီး အားကိုးတယ်ကွယ်။ အကယ်၍ နိုင်ငံတော် က တကယ်လုပ်လျှင် ဘယ်လိုလုပ်ရမလဲ၊ မင်းထင်တာ ပြောစမ်းပါ။

ဖြေ ။ ။ ကျွန်တော် အခု ကြီးကြီးမေးတာ သိပ်ဝမ်းမြောက်ပါတယ်။ ကျွန်တော် တင်ပြထားတာ ဘုရားပုံတော်ကြီးတစ်ဆူလုံး. ထီး.စိန်ဖူးပါ ဘွားဘွား ကြီးပေါ်နေပြီ။ ဆောက်လုပ်ရေးပစ္စည်း လုပ်သားခပါ တွက်ပြထားပြီ။ ကျပ်သိန်း(၂၀၀၀) (မြန်ကောင်းသက်သာ) မြန်ရမည်။ ကောင်းရမည်။ သက်သာရမည်။ ဤပုံတော်အတိုင်း ယနေ့ ကုမ္ပဏီတွေ အမျိုးအစား အမြားအပြားရှိသည်။ (၁) ကျယ်ကျယ်ပြန့်ပြန့်တင်ဒါခေါ်၍ တင်ပြဆွေး နွေးရမည်။ အချိန်ပေးရမည်။ (၂) ဘုရားဒကာများဘက်က ကျွမ်းကျင် အလုပ်ကြပ်အင်ဂျင်နီယာခန့်ထားလေ့လာစေပြီး တစ်ဘက်က ပြည် ထောင်စုကြီးတစ်ခုလုံး ဘုရားဒကာဖြစ်၍ တိုင်း(၇)တိုင်း ပြည်နယ်(၇)နယ်

www.dhammaransi.com


ဘုရားဒကာဖြစ်စေရမည်။ ပြည်ထောင်စုကြီးတစ်ခုလုံး ကျပ်သိန်း(၂၀၀၀) ရအောင် တိုက်တွန်းဟောပြောရမည်။ ဘာမျှခဲယဉ်းမည်မထင်။ (၃) ဘုရားဒကာများဘက်က တိကျမှန်ကန်သော ကန်ထရိုက်စနစ်ဖြင့် ယခုတင်ပြထားသော ပုံတော်ကြီးတစ်ခုလုံး သိမ်းခြုံ စည်းကမ်းချက် အပြည့်ဖြင့် စာချုပ်၊ လာမည့်ပြည်ထောင်စုပွဲကြီးအမှီ ရက်–လ သတ်မှတ် အလုပ်အပ်ရန် သိန်း(၂၀၀၀)အတွင်းမှာဘဲ ပြီးစီးနိုင်သည်။ ပတ်ဝန်းကျင် လှပတင့်တယ်အောင် လုပ်ပေးရမည်။ ကန်ထရိုက်များအတွက် သိန်း (၂၀၀၀)ဟု ပြောထားသည်။ (ပြည်ထောင်စုကြီးမှ ငွေကောက်၊ နိုင်ငံတော်မှ တည်ဆောက်) ဒါပါဘဲ ကြီးကြီးရယ်။

**မေး** ။ ငါ့တူရယ် မင်းတွက်ထားတဲ့ လုံလုံလောက်လောက် ဖြစ်အောင် သိန်း(၂၀၀၀)ဆိုတာ ဘယ်လိုရမလဲ။

**ဖြေ** ။ ကဲထူးပြောမယ်။ ကြီးကြီးသေသေချာချာမှတ်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင်း လွတ်လပ်ရေးမရမီ မြန်မာ့သမိုင်းဆရာကြီးတွေက မြန်မာအစ တကောင်းက၊ တကောင်းခေတ်ကစပြီး လွတ်လပ်ရေးမရမီအတွင်း ဇီးဖြူသီးလေးကို လက်ဖြင့်ဆုပ်ကိုင်လိုက်သည့်အခါ လုံလုံခြုံခြုံ တိတိကျကျ မိမိရရ ဆုပ်ကိုင်အုပ်ချုပ်နိုင်သောမင်းမှာ ။ တစ်နည်း ရှေ့ပိုင်း နောက်ပိုင်း သမိုင်းပြောင်မြောက်သော မင်းမှာ ။ ဘုရင့်နောင်မင်းတရားပါတည်းတဲ့။ အဲဒီ ဘုရင့်နောင်မင်းတရားလို ဒီနေ့လည်း ဒီအတိုင်း အုပ်ချုပ်နိုင်တာပဲကြီးကြီးရယ်။ စစ်ခမ်ဖလို အနည်းအကျဉ်းတော့ ရှိလျှင်ရှိမယ်။ သူ့အခြေအနေဟာ ခရလောက်သာရှိပါတယ်။ ခရခုန်လို့ ပြည်ထောင်စုရေအိုင်ကြီး မထိခိုက်ပါ။ စိုးရိမ်စရာမရှိပါ။ မပြောပလောက်ပါ။ ခရီးမရောက်ပါ။ ထောက်ခံမည့်သူလည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။ တစ်ပြည်လုံး တစ်အုံလုံး ဝိုင်းပြီးအပြစ်တင်နေကြတယ်။ ဒါ ကျွန်တော်တို့ အကြီးအကဲတွေကို ထောက်ခံတာလို့ မှတ်ရမည်။ တိုင်းပြည်အတွက် သူတစ်ပါးလိုက်မမှီအောင် တိုးတက်ပြောင်မြောက်အောင်လုပ်နေတာ စစ်ခမ်ဖလောက် အသေးအဖွဲ့လေးတော့ ရှိမှာပေါ့။ နိုင်ငံတစ်ကာ ကမ္ဘာနှင့်ခြုံကြည့်လျှင် ထည့်ပြောဖို့တောင်မကောင်းပါ။

www.dhammaransi.com


ဒါ့ကြောင့် တိုင်းကြီး ၇-တိုင်း၊ ပြည်နယ်ကြီး ၇-နယ်ရှိ၍ တိုင်းမှူးကြီး ၇-ဦးနှင့် ပြည်နယ်မှူးကြီး ၇-ဦးကို အကြီးအကဲများက မေတ္တာရပ်လိုက်လျှင် တိုင်းမှူးကြီး ၇-ဦးက ကိုယ့်တိုင်းကိုယ်ကောက်ခံ၊ ပြည်နယ်မှူးကြီး ၇-ဦးက ကိုယ့်ပြည်နယ် ကိုယ်ကောက်ခံ။ လွယ်လွယ်ကူကူနှင့်ခရီးရောက်၊ သိန်း (၂၀၀၀)နှင့် ထီးတင်ပွဲကြီး ပြီးမြောက်သွားမှာ သေချာတယ်ကြီးကြီးရယ်။ သိန်း(၂၀၀၀) ဆိုတာလည်း လုပ်သင့်လုပ်ထိုက်တာလုပ်နိုင်ဖို့ ပိုတွက်ထားတာပါ။ အကြီးအကဲတွေကို ကျွန်တော်အလှူခံတာပါ။ မလှူလျှင်လည်း ကျေနပ်ရတာ ထုံးစံပါကြီးကြီးရယ်။

**မေး** ။ မောင်ကဲထူးရယ်။ အဲဒီ မြတ်ဗုဒ္ဓဘုရားဖြစ် သက်တော် (၉)လက ချီးမြှင့်လိုက်တဲ့ ဆံတော်ဟာ အခုဘယ်မှာလဲ။

**ဖြေ** ၁။ မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ရောက်လျက် (၉)လအကြာ သီဟိုဠ်နိုင်ငံတွင် သုမနနတ်မင်းကြီးမှ လျှောက်ထားတောင်းပန်၍ ဆံတော်တစ်ဆူ ချီးမြှင့်လိုက်တယ်။ သီဟိုဠ် ဘုရင်လက်သို့ သုမနနတ်မင်းကြီးမှတစ်ဆင့် ချီးမြှင့်တယ်။ ပါဠိဘာသာဖြင့် စုဏ္ဏိယနေရာ စုဏ္ဏိယ, ဂါထာနေရာ ဂါထာ= အထူးသိစေအပ်သည့်နေရာ၊ ရှေးအဋ္ဌကထာဆရာ ဋီကာ ဆရာကြီးများ၏ ရေးသားစီကုံးကြသော နည်းအတိုင်း သဉ္ဇာပန်, ဝိဉာပန်, ဣတိအတ္ထော, ဣတိအဓိပ္ပါယော, ဣတိဒဋ္ဌဗ္ဗော, ဣတိဝေဒိ တဗ္ဗော, သဒ္ဒါနည်း,ဆန်းနည်း,အလင်္ကာနည်းပါမကျန် နည်းမှန်စည်းမှန် ကျမ်းကောင်းလက္ခဏာဂုဏ်အင်စုံအလင်တို့ဖြင့် ``**တိဂုမ္ဘဝိနိစ္ဆယ**``ကျမ်းကို နက်နဲခက်ခဲအဓိပ္ပါယ် လုံလောက်ရမည်။ ဝါကျအထားအသို စသည် ရေးသားပုံ ဂုဏ်မြောက်ရမည်။ ထို့ကြောင့် တိဂုမ္ဘ ဝိနိစ္ဆယကျမ်း၊ ဂန္ထကာရက ကျမ်းပြုဆရာ ပဲခူး ဟံသာဝတီဘုရင် ဓမ္မစေတီမင်းတရား ဆရာသခင်အား ကျေးဇူးဥပကာရ တင်ရှိလှသောကြောင့် သီဟိုဠ်ဘုရင်မှ ဆက်သသော ဆံတော်စစ်တစ်ဆူနှင့် စွယ်တော်ပွားနှစ်ဆူဖြစ်ရာ ...

၂။ စွယ်တော်ပွားနှစ်ဆူမှာ ယခု ရွှေအောင်ရွှေးစေတီတော်ကြီး၏ အောက်ပစ္စယံတွင် တည်ရှိသည်။

၃။ မြတ်ဗုဒ္ဓဆံတော်စစ်တစ်ဆူမှာ ယနေ့အထိ မူလတည်နေရာ၊ တစ်နည်း

www.dhammaransi.com


ဓမ္မစေတီမင်းတရား ဘုရင့်နောင်မင်းတရားတို့ တည်ထားခဲ့သော စေတီတော်ကြီးအတွင်းသို့ ပြန်မပို့နိုင်သေး။

၄။ ယနေ့အထိ **(၂၈)နှစ်**၊ နှစ်ပေါင်းများစွာ ယခုရွှေအောင်ရွှေး ကျောင်းတိုက်ဆရာတော် **ဘဒ္ဒန္တပညာဇောတ** ကျောင်း မီးခံသေတ္တာအတွင်း၌ ယင်းဆံတော် တည်ရှိနေသည်။

၅။ ယင်း မီးခံသေတ္တာ၏သော့ကို ရှေးဟောင်းတန်ဘိုးရှိ **(မြတ်ဗုဒ္ဓ ဆံတော်စစ်)** အလွန်ရှားပါး ရှေးဟောင်းပစ္စည်းဖြစ်၍ လုံခြုံမှုအတွက် ပဲခူးမြို့ မြို့နယ်ကောင်စီ လက်တွင်ရှိသည်။ စေတီတော်ကြီး ပြန်လည်တည်ဆောက်ပြီးစီးက နိုင်ငံတော်၏ ခွင့်ပြုချက်အရ မြို့နယ်ကောင်စီမှ **မီးခံသေတ္တာသော့** ပြန်ပေးမည်ဖြစ်တယ်။

**မေး** ။ ။နေပါဦးမောင်ကဲထူးရယ် ။ ။ ကြီးကြီးတစ်သက်လုံး သိချင်နေတာကြာပြီ။ (မြန်မာအစ တကောင်းက)ဟု ပြောကြတယ်။ မြန်မာနိုင်ငံသည် တကောင်းခေတ်ကပေါ်လာ၍ ယနေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ကမ္ဘာ့အလယ်တွင် ဘွားဘွားကြီး နိုင်ငံတကာနှင့် တန်းတူရည်တူ ထင်ရှားပြောင်မြောက်နေပြီ။ ဒါ ကြီးကြီးကျေနပ်တယ်။ ဗမာနိုင်ငံဟုလည်း ကမ္ဘာဦးလူ ပညာရှိတွေကစ၍ ခေါ်ဝေါ်သုံးစွဲလာကြတယ်။ အင်္ဂလန်ဆိုလျှင် အင်္ဂလန်ပေါ့။ အမေရိကန်ဆိုလျှင်လည်း အမေရိကန်ပေါ့။ ဒါ့ကြောင့် မြန်မာနိုင်ငံအပြင် ဗမာနိုင်ငံဟု နိုင်ငံ၏ ဝိသေသလက္ခဏာဖြင့် ထူးထူးခြားခြား ဝေါဟာရတစ်ခုအနေ ဘာကြောင့် ပြောဆိုခေါ်ဝေါ်နေကြတာလဲ။

**ဖြေ** ။ ။ ဩော် ။ ။ ။ သွားရင်းလာရင်း ကြီးကြီးမေးတာလည်း တော်တော်စုံနေပြီ။ ကျွန်တော်ပြောမယ်ကြီးကြီးရယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအမည်ဖြင့် မြန်မာလူမျိုးတွေ ပေါ်လာကြတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ သူများနိုင်ငံ သူများလူမျိုးတွေထက်ပိုပြီး တရားထူးကြီး ၄-ပါးရှိနေတာ အလွန်ထင်ရှားတယ်။ ဘာတရားထူးကြီးတွေလဲဆိုတာ အပ္ပမညာတရား ၄-ပါးလို့လဲ ခေါ်တယ်။ ဗြဟ္မဝိဟာရတရား ၄-ပါးလို့လဲခေါ်တယ်။ ဗြဟ္မစရိယ ခေါ် ဗြဟ္မစိုရ်တရား ၄-ပါးလို့လည်း ခေါ်တယ်ကြီးကြီးရယ်။

မေး ။ ။ အဲဒါ ကြီးကြီးသိချင်လိုက်တာ။ ငါ့တူနဲ့တွေ့မှ ဒါတွေ သိရတယ်။ ဆက်ပြောပါဦး ငါ့တူရယ်။

ဖြေ ။ ။ ။ အဲဒီ အပ္ပမညာတရား ၄-ပါး၊ ဗြဟ္မဝိဟာရတရား ၄-ပါး၊ ဗြဟ္မ စရိယ ခေါ် ဗြဟ္မစိုရ်တရား ၄-ပါးဆိုတာ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ဒီတရား ၄-ပါးကိုပဲ အလွန်မြင့်မြတ်သောကြောင့် အမျိုးမျိုး အမည်တွေ ပေးပြီး ခေါ်နေကြတာပါ။

(၁) အတိုင်းမသိ အရေအတွက် ဖော်မပြနိုင်လောက်အောင် အလွန်များပြားသော သုခိတသတ္တဝါ၊ ဒုက္ခိတ သတ္တဝါတွေကိုပါ အသီးသီး အာရုံပြုသောသဘောရှိသောကြောင့် အပ္ပမညာတရား ၄-ပါးလို့လဲ ခေါ်တယ်။ (နပ္ပမာဏံ အပ္ပမာဏံ အပ္ပမာဏာသ ဘာဝေါ အပ္ပမညံ။ အပ္ပမာဏပုဒ်+ဏျပစ္စည်း ဘာဝတဒ္ဓိတ် ဏျတ္တတာ ဘာဝေတု သုတ်ဟုမှတ်။ သဒ္ဒါမနိုင် စာမကိုင်နှင့်။ သဒ္ဒါမပိုင် စာမခိုင်ဘူး။ သဒ္ဒါမတတ် စာမတတ်ဟု မှတ်လေ။)

(၂) အဲဒီတရား ၄-ပါးနှင့် ဗြဟ္မာမင်းကြီးတွေသည် အမြဲနေသောကြောင့် ဗြဟ္မဝိဟာရတရား ၄-ပါးလို့လဲ ခေါ်တယ်။

(၃) အဲဒီတရား ၄-ပါးကို ဗြဟ္မာမင်းကြီးတွေ အမြဲကျင့်နေသောကြောင့် ဗြဟ္မစရိယ ခေါ် ဗြဟ္မစိုရ်တရား ၄-ပါးလို့လဲခေါ်တယ်။

မေး ။ ။ တစ်ခုစီရှင်းပြပါဦးလား ငါ့တူရယ်။

ဖြေ ။ ။ ။ (က) အထက်ပါအတိုင်း အလွန်များပြားသော သုခိတ သတ္တဝါ၊ ဒုက္ခိတ သတ္တဝါတို့၌ မိမိနှင့်အတူ ချစ်တတ် ခင်တတ်သောကြောင့် မေတ္တာဟု ခေါ်ပါတယ်။

(ခ) အထက်ပါအတိုင်း အလွန်များပြားသော သုခိတ သတ္တဝါ၊ ဒုက္ခိတ သတ္တဝါတို့၌ မိမိနှင့်အတူ သနားတတ် ကြင်နာတတ်သောကြောင့် ကရုဏာဟု ခေါ်ပါတယ်။

(ဂ) အထက်ပါအတိုင်း အလွန်များပြားသော သုခိတသတ္တဝါ၊ ဒုက္ခိတ သတ္တဝါတို့၌ ထူးထူးကဲကဲ တိုးတက်တောက်ပြောင် ထင်ရှားနေသည်ကို အလွန်ကျေနပ် ဝမ်းမြောက်သောသဘောရှိသောကြောင့် မုဒိတာ

ဟု ခေါ်ပါတယ်။

(ဃ)အထက်ပါအတိုင်း အလွန်များပြားသော သတ္တဝါတို့၌ ဝမ်းသာဝမ်းနည်းမရှိဘဲ မဇ္ဈတ္တာကာရသဘော မိမိစိတ်ကို ဟိုဘက်ဒီဘက်မပါ အလယ်တည့်တည့်ထားနိုင်သောကြောင့် ဥပေက္ခာဟု ခေါ်ပါတယ်။

မေး ။ ။ မောင်ကဲထူးရယ် မင်းအခုပြောနေတဲ့ မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာဆိုတဲ့ အပ္ပမညာတရား (၄)ပါး ဟာ သမထဘာဝနာ တစ်နည်း သမထကမ္မဋ္ဌာန်း (၄၀)တွင်းမှာ ပါတယ်လို့ ကြီးကြီးကြားဘူးတယ်။ ဟုတ်ပါသလား။

ဖြေ ။ ။ ဟုတ်ပါတယ်ကြီးကြီး။ သမထဘာဝနာ (၄၀)လို့ ပြောပြော၊ သမထကမ္မဋ္ဌာန်း (၄၀)လို့ပြောပြော အပ္ပမညာ တရား(၄)ပါး (မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ) ဤ(၄)ပါး ပါတယ်။ ဘာဝနာနှင့် ကမ္မဋ္ဌာန်းဟာ အတူတူပဲ။ အချို့နေရာ၌ ဘာဝနာလို့ဟောတယ်။ အချို့နေရာ၌ ကမ္မဋ္ဌာန်းလို့ ဟောတယ်။

မေး ။ ။ အဲဒီ(၄)ပါးသည် သမထ(၄၀)ထဲမှာပါလျှင် ရှုမှတ်ပွားများသော ယောဂီအား ဘယ်လိုအကျိုးတွေရပါသလဲ။

ဖြေ ။ ။ မေတ္တာကမ္မဋ္ဌာန်း၊ ကရုဏာကမ္မဋ္ဌာန်း၊ မုဒိတာကမ္မဋ္ဌာန်း တစ်ခုခုကို ပွားများအားထုတ်လျှင် စတုက္က ဈာန်ဟုခေါ်သော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် စတုတ္ထဈာန် ဤဈာန်လေးမျိုးကို ရနိုင်ပါတယ်။ ဈာနလာဘီပုဂ္ဂိုလ်ဟုခေါ်တယ်။ ဈာန်ရလျှင် ဈာနလာဘီ၊ ကိလေသာ အညစ်အကြေး ဖြူစင်သွားလျှင် အရိယာ၊ ဈာနလာဘီ ဖြစ်တိုင်း အရိယာမဟုတ်။ အရိယာဟုတ်တိုင်း ဈာနလာဘီမဖြစ်။ ဈာန်လည်းရ ကိလေသာအညစ်အကြေးမှလည်းဖြူစင်၊ အဲဒါမှ ဈာနလာဘီအရိယာပုဂ္ဂိုလ်လို့ခေါ်တယ်။ (၁) ကာမစ္ဆန္ဒ နီဝရဏ (၂) ဗျာပါဒနီဝရဏ (၃) ထိန,မိဒ္ဓနီဝရဏ (၄) ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏ (၅) ဝိစိကိစ္ဆာနီဝရဏ (၆) အဝိဇ္ဇာနီဝရဏ ဟူသော နီဝရဏတရား(၆)ပါးကို **(နီဝရဏာံ ဈာပေတီတိ ဈာနံ)** ထို နီဝရဏတရားဆိုး(၆)ပါးကို လောင်ကျွမ်းရှို့မြှိုက် အားနည်းစေတတ်သောကြောင့် ဈာန်ဟုခေါ်ပါတယ်။ အဲဒီ နီဝရဏတရား (၆)ပါးဟာ မင်္ဂဉာဏ်

www.dhammaransi.com


ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရမည့် ယောဂီအား ... မရအောင် (**မဂ္ဂ နီဝါရေတီတိ နီဝရဏံ**) တားမြစ်တတ်သောကြောင့် နီဝရဏလို့ ခေါ်ပါတယ်။ ယင်းနီဝရဏ တရားခြောက်ပါးကို စျာန်တရားက အားနည်းစေသဖြင့် ယင်းစျာန်တရား သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိမည့်ယောဂီအား မြန်မြန်ရအောင် အားပေးတယ်။ ကူညီတယ်။ ရအောင်ပို့ပေးတယ်ဟု မှတ်ရမည်။

**မေး** .. ဒါဖြင့် ဥပေက္ခာသမထကမ္မဋ္ဌာန်းကို ရှင်းပြပါဦးလား မောင်ကဲထူးရယ်။

**ဖြေ** .. ဥပေက္ခာသမထကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီအား ပဥ္စမစျာန် ကို ရစေနိုင်ပါတယ်။ ယင်း ပဥ္စမစျာန်သည်လည်း ရှေ့အတူ အင်အားကြီး စွာဖြင့် နီဝရဏတရားခြောက်ပါးကို လောင်ကျွမ်းရှို့မြှိုက် အားနည်းစေတတ် သောကြောင့် စျာန်ဟုပင်ခေါ်ပါတယ်။ ယင်းပဥ္စမစျာန်တရားသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရရှိမည့် ယောဂီအား အင်အားကြီးစွာဖြင့် အမြန်ရ အောင် ရောက်အောင်ပို့ပေးနိုင်ပါတယ် ကြီးကြီးရယ်။ ထို့ကြောင့် ဘာဝနာ ယောဂီတိုင်းတို့သည် စျာန်ရဘို့အတွက် သမထဘာဝနာကို နာနာအား ထုတ်သင့်တယ်။ ဒါမှ စျာန်ရမည်။ စျာန်ရမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ကိုတားမြစ်တတ်သော နီဝရဏတရားဆိုး (၆)မျိုးအား နည်းအောင် လုပ်ပေးနိုင်မည်။ အားနည်းအောင်လုပ်တဲ့ သူတို့(၆)မျိုး မတားမြစ်နိုင် တော့ဘူး။ မတားမြစ်မှလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရမည်။

**မေး** .. မောင်ကဲထူးရယ် .. ကြီးကြီး မရှင်းမလင်းဖြစ်နေသေးတယ်။

**ဖြေ** .. မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုမရနိုင်အောင် တားဆီးသောတရားက နီဝရဏတရား(၆)ပါး။ အဲဒီ နီဝရဏတရား (၆)ပါးကို လောင်ကျွမ်းရှို့မြှိုက် အားနည်းစေတတ်သော တရားက စျာန်(၅)ပါး။ ယင်း စျာန်(၅)ပါးသည် နီဝရဏတရား(၆)ပါးကို လောင်ကျွမ်းရှို့မြှိုက် အားနည်းအောင် လုပ်လိုက် သည့်အတွက် ထိုယောဂီသည် စျာန်တရားရလျှင် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားရဖို့ အလွန်နီးသွားပြီလို့ မှတ်တော့ကြီးကြီး။ ထို့ကြောင့် (**သမထစျာန်၊ ဝိပဿနာဉာဏ် မှတ်ရန်အထူးတည်း။**)ဟု ပညာရှိ အရိယာအပေါင်း သူတော်ကောင်းတို့ မိန့်တော်မူကြသည်။

**မေး** .. မောင်ကဲထူးရယ် .. မင်းက ဘာဝနာယောဂီတိုင်းတို့ သမထကမ္မဋ္ဌာန်း

www.dhammaransi.com


ကို အားထုတ်သင့်ကြောင်း တိုက်တွန်းတယ်။ ''**သမထရှာန် ဝိပဿနာ ဉာဏ်**''ဟူသော သမထကြောင့် ဈာန်ရတယ်။ ဝိပဿနာကြောင့် ဉာဏ်ရ တယ်ဆိုလို့ သမထကြောင့် ဈာနလာဘီဖြစ်တယ်။ အခြား ဘာများဖြစ်နိုင် ပါသေးသနည်း။

ဖြေ ။ ။ ကြီးကြီး သမထကမ္မဋ္ဌာန်းကြောင့် ဈာနလာဘီပုဂ္ဂိုလ်သာဖြစ်တာ မဟုတ်ဘူး။ ဆဠာဘိညပုဂ္ဂိုလ်ဖြစ်နိုင်ပါသေးတယ်။ သို့သော် လောကီ အဘိညာဉ်(၅)ပါး၊ လောကုတ္တရာ အဘိညာဉ်(၁)ပါး ပေါင်း အဘိညာဉ် (၆)ပါးကို ရတယ်ဟု ဆိုလိုပါတယ်။

မေး ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ် ။ ။ ကြီးကြီး သိချင်လိုက်တာ။

ဖြေ ။ ။ အဲဒီအဘိညာဉ်(၆)ပါးမှာ ။ ။ ။

(၁) ဒိဗ္ဗစက္ခုအဘိညာဉ်- နတ်မျက်စိကဲ့သို့ အလွန်ဝေးလံသော အရာဝတ္ထု တစ်ခုခုကို အာရုံပြုလိုက်လျှင် မြင်နိုင်တယ်။

(၂) ဒိဗ္ဗသောတအဘိညာဉ်- နတ်၏နားကဲ့သို့ အလွန်ဝေးလံသော အသံ များကို အာရုံပြုလိုက်လျှင် ကြားနိုင်တယ်။

(၃) ဣဒ္ဓိဝိဓအဘိညာဉ်- တန်ခိုးဣဒ္ဓိပါဒ်ကြီးတယ်။ မြေအောက်သို့လည်း လျှိုးနိုင်တယ်။ မိုးပေါ်သို့လည်း ပျံနိုင်တယ်။ အမျိုးမျိုးလည်း ဖန်ဆင်း နိုင်တယ်။ ဒါကို ဈာန်ရပုဂ္ဂိုလ် ဈာန်ပျံပုဂ္ဂိုလ်လို့ဆိုကြတယ်။

(၄) ပရစိတ္တ ဝိဇာနနအဘိညာဉ်- မိမိထံလာနေသော လူတစ်ယောက်၏ စိတ်ကို မမေးမမြန်း မပြောမဆိုပဲ ဘာလာလုပ်တယ်၊ ဘာပြောမလို့ လာတယ် စသည် အာရုံပြုလိုက်လျှင် အားလုံးသိနိုင်တယ်။

(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်- မိမိ၏ဘဝ အတိတ်က ဘာတွေ လုပ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်၊ အမိဟောင်းကဘယ်သူ၊ အဖ ဟောင်းကဘယ်သူ၊ ငါဘာတွေလုပ်ခဲ့လို့ ယခု ဘာတွေဖြစ်တယ် စသည် ပြန်လည်ဆင်ခြင်အောင်းမေ့လိုက်လျှင် အားလုံးသိနိုင်တယ်။

ဤငါးပါးဟာ သမထကမ္မဋ္ဌာန်းကြောင့်ရအပ်သော လောကီပဥ္စမဈာန် ၏ အကျိုးဆက်ပင်ဖြစ်သည်။ လောကီအဘိညာဉ် (၅)ပါးဟု ခေါ်သည်။

(၆) လောကုတ္တရာအဘိညာဉ်တစ်ပါးက အာသဝေါတရား (၄)ပါးကုန်

www.dhammaransi.com



ရဟန္တာအဖြစ်သို့ ရောက်သွားပြီဖြစ်သောကြောင့် အာသဝက္ခယ အဘိညာဉ်ဟု ခေါ်သည်။ ဝိပဿနာကမ္မဋ္ဌာန်းကြောင့် ရအပ်သော လောကုတ္တရာ ပဉ္စမစျာန်၏ အကျိုးဆက်ပင်ဖြစ်သည်။

အဲဒီလောကီအဘိညာဉ်(၅)ပါး လောကုတ္တရာအဘိညာဉ် (၁)ပါး၊ ပေါင်း (၆)ပါးလုံးကိုရသောပုဂ္ဂိုလ်သည် ဆဠာဘိညပုဂ္ဂိုလ်ဟုခေါ်သည်။ ထို့ကြောင့် ဒိဗ္ဗစက္ခု အဘိညာဉ်ရပုဂ္ဂိုလ်၊ ဒိဗ္ဗသောတအဘိညာဉ်ရပုဂ္ဂိုလ်၊ ဣဒ္ဓိဝိဓ အဘိညာဉ်ရပုဂ္ဂိုလ် ဤသို့ အဘိညာဉ်(၆)ပါးတို့ တွင် တစ်ပါးရလျှင် ... (ဥပမာ) ဣဒ္ဓိဝိဓအဘိညာဉ် တစ်ပါးသာရလျှင်လည်း ဣဒ္ဓိဝိဓအဘိညာဉ်ရ ပုဂ္ဂိုလ်ဟု ခေါ်သည်။ လောကီအဘိညာဉ်(၅)ပါး ရလျှင်လည်း လောကီ အဘိညာဉ်(၅)ပါးရပုဂ္ဂိုလ်ဟုခေါ်သည်။ အာသဝက္ခယ အဘိညာဉ်(၁)ပါး တည်းရလျှင်လည်း အာသဝက္ခယ အဘိညာဉ်ရပုဂ္ဂိုလ်ဟုခေါ်သည်။ (၆)ပါး လုံးရမှ ဆဠာဘိညပုဂ္ဂိုလ်ဟုခေါ်သည်။ ပထမစျာန် စသည်ဖြင့် စျာန် (၅)ပါးရှိသလို ဒိဗ္ဗစက္ခုအဘိညာဉ် စသည်ဖြင့် အဘိညာဉ် (၆)ပါးရှိသည် ကို သတိပြု။ သမထကမ္မဋ္ဌာန်းကြောင့် ရသည်ဟုမှတ်။ ထို့ကြောင့် သမထ ကမ္မဋ္ဌာန်းကို အထင်မသေးရဟူလို။ ရှေးက အချို့ပုဂ္ဂိုလ်ကြီးတွေ စျာန် အဘိညာဉ်ကိုရလို၍ သမထကမ္မဋ္ဌာန်းကို ကြိုးစားပေါက်ရောက် ထင်ရှား သွားသော ပုဂ္ဂိုလ်ကြီးတွေ အများအပြားပင်။

**မေး** .. ငါ့တူရယ် မင်းအခုပြောနေတဲ့ လောကီပဉ္စမစျာန် လောကုတ္တရာ ပဉ္စမစျာန်ဆိုတာရယ် လောကီအဘိညာဉ်, လောကုတ္တရာ အဘိညာဉ် ဆိုတာရယ် ရှင်းပြပါဦးလားကွယ်။

**ဖြေ** ... ဥပေက္ခာ သမထကမ္မဋ္ဌာန်းကြောင့် ပဉ္စမစျာန်ရတယ်။ ပဉ္စမစျာန်သည် လောကီ(ရူပ)ပဉ္စမစျာန် လောကုတ္တရာ ပဉ္စမစျာန်ဟု နှစ်မျိုးရှိတယ်။ လောကီ ပဉ္စစျာန်ကြောင့် လောကီအဘိညာဉ် (၅)ပါးကိုရတယ်။ လောကုတ္တရာ ပဉ္စမစျာန်ကြောင့် လောကုတ္တရာ အာသဝက္ခယ အဘိညာဉ်ကို ရတယ်။

**မေး** .. မင်းအခုပြောနေတဲ့ သမထကမ္မဋ္ဌာန်း (၄၀)ဆိုတာလဲ ကြီးကြီးအခု သေခါနီးမှ သိရတယ်။ သေပျော်ပါပြီကွယ်။ **(တစ်သက်ထက် တစ်ရက်)** တန်ဘိုးရှိအောင် လေ့လာပါ၊ ဆည်းပူးပါဆိုတာ ဒါပဲထင်တယ်။ ဒါကြောင့်

www.dhammaransi.com



အဲဒီသမထကမ္မဋ္ဌာန်း (၄၀)ကို ပြောစမ်းပါကွယ်။

ဖြေ ... ကြီးကြီး သမထကမ္မဋ္ဌာန်း (၄၀)ဆိုတာ မှတ်ထား

၁။ ကသိုဏ်းသမထ (၁၀)ပါးကား

(ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း)

၂။ အသုဘသမထ (၁၀)ပါးကား

(ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက၊ ဝိစ္ဆိဒ္ဒက၊ ဝိက္ခာယိတက၊ ဝိက္ခိတ္တက၊ ဟတဝိက္ခိတ္တက၊ လောဟိတက၊ ပုဠုဝက၊ အဋ္ဌိက)

၃။ အနုဿတိသမထ (၁၀)ပါးကား

(ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာ နုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာ နုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိ)

၄။ အပ္ပမညာ သမထ (၄)ပါးကား

(မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ)

၅။ သညာသမထ (၁)ပါးကား (အာဟာရေ ပဋိကူလသညာ)

၆။ ဝဝတ္ထာန်သမထ (၁)ပါးကား (စတုဓာတု ဝဝတ္ထာန်)

၇။ အာရုပ္ပသမထ (၄)ပါးကား (အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတနာ၊ နေဝသညာ နာသညာယတန)

အဲဒါ သမထကမ္မဋ္ဌာန်း (၄၀)ပဲ ကြီးကြီး။

မေး .. အဲဒီ သမထကမ္မဋ္ဌာန်း(၄၀)ကို ဘာကြောင့် သမထဘာဝနာ (၄၀)ဟူ၍လည်းကောင်း၊ သမထကမ္မဋ္ဌာန်း(၄၀) ဟူ၍လည်းကောင်း ဤ(၄၀)ကိုပင် ဘာဝနာဟူသောအမည် ကမ္မဋ္ဌာန်းဟူသောအမည်ဖြင့် ဘုရားမြတ်ဟောခဲ့ပါသလဲကွယ်။ ရှင်းပြပါဦးလား။

ဖြေ .. အဘိဓမ္မတ္ထ သင်္ဂဟကမ္မဋ္ဌာန်းပိုင်း၌

(သမထဝိပဿနာနံ၊ ဘာဝနာနမိတောပရံ) ဘာဝနာအမည်ဖြင့် ပြော

www.dhammaransi.com



သွားတယ် ...။

(၁) ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ။

(အလုပ်၏တည်ရာ/ တစ်နည်း–နေရာတစ်ခုခု၌ လုပ်ရမည့် တရားနှစ်ပါးဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဟုဟောခဲ့ပါတယ်ကြီးကြီး)

(၂) ဝဍ္ဎနဋ္ဌေန ဘာဝနာ။

(မွေးဖွားစ ကလေးငယ်လေးကို ကြီးမားလာအောင်၊ ကြီးထွားလာအောင် ပြုစုလာသကဲ့သို့ အသိဉာဏ်သေးသေးနုနုကလေးကို ကြီးကြီးရင့်ရင့်ကြီးဖြစ်အောင် ထပ်ခါထပ်ခါ·ပွားများအပ်သောကြောင့် ဘာဝနာလို့ဟောခဲ့ပါတယ် ကြီးကြီး)

ဥပမာ–ဝါးကလေး ငယ်ငယ်တုန်းက တစ်နည်း အရွယ်မရောက်ခင်က မျှစ်လို့ခေါ်တယ်။ စားကြတယ်။ နောင်ကြီးမားကြီးထွားလာတော့ အခြေအနေအားလျော်စွာ ဘယ်သူမှ မျှစ်လို့ မခေါ်တော့ဘူး။ ဝါးလို့ ခေါ်လာကြတယ်။ အိမ်ဆောက်ခြင်း စသည်၌သုံးကြတယ်။

ထို့ကြောင့် သမထ (၄၀)နှင့် ဝိပဿနာ (၃)ပါးကို ရှေ့ပိုင်း၊ နောက်ပိုင်း အခြေအနေအရ အချို့နေရာ၌ ဘာဝနာဟူ၍လည်းကောင်း၊ အချို့နေရာ၌ ကမ္မဋ္ဌာန်းဟူ၍လည်းကောင်း ဟောတော်မူသည်ဟု မှတ်လေ။

**မေး ..** သမထ နှင့် ဝိပဿနာအထူးကို ပြောပြပါဦးလား ငါ့တူရယ်။

**ဖြေ ..** (က)နီဝရဏဓမ္မေ သမေတီတိ သမထော။

နီဝရဏတရား(၆)ပါးတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ (ဧကဂ္ဂတာ ခေါ် သမာဓိ စေတသိက်ကို ကောက်)

(ခ) အနိစ္စာဒိ ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ ရုပ်နာမ်ခန္ဓာ အပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟု၊ တစ်နည်း အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာ နုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ် ဖြစ်လာအောင် ရှုတတ်သောကြောင့် ဝိပဿနာ။

(ဝိပဿနာ ပညာစေတသိက်ကိုကောက်)

**မေး ..** ယခုနက်နဲသော သိစရာတွေကိုသိရအောင် ဘယ်လိုလုပ်ရမလဲကွယ်။

www.dhammaransi.com



ဖြေ ... ယခု ကျမ်းပြုဆရာတော်ရေးထားသော ဘာဝနာ ရသဝိဘာဝနီကျမ်း၊ အမတရသဝိဘာဝနီကျမ်းနှင့် အရိယ မဂ္ဂကွဏာ ဝိဘာဝနီကျမ်းတို့ကို **ရှာ,ဖတ် ရှာ,မှတ် ရှာ,တတ်** ဘို့ လိုပါတယ်။ **"မစင်လျှင်ဆေး၊ မသိလျှင်မေး"**တစ်ကယ်ဟုတ်ချင်လျှင် တစ်ကယ်လုပ်ရမည်ဟု ဆိုလိုသည်။

**မေး** .. သမထကမ္မဋ္ဌာန်းရဲ့ အကျိုးကျေးဇူး ကျယ်ဝန်းလှပါလား။ ရှိသေးသလား မောင်ကဲထူးရယ်။

**ဖြေ** .. တေဝိဇ္ဇာပတ္တပုဂ္ဂိုလ်ဆိုတာ ရှိသေးတယ်။ ဝိဇ္ဇာဉာဏ် သုံးပါးရတဲ့ပုဂ္ဂိုလ်ပါ။

(က) ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာဉာဏ်ရ။

(ခ) ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ရ။

(ဂ) အာသဝက္ခယဝိဇ္ဇာဉာဏ်ရ။

**မေး** .. တေဝိဇ္ဇာပတ္တပုဂ္ဂိုလ်အပြင် ရှိသေးသလား မောင်ကဲထူးရယ်။

**ဖြေ** .. ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်ဆိုတာရှိသေးတယ်။

(က)ဓမ္မပဋိသမ္ဘိဒါဉာဏ်– ဗုဒ္ဓပိဋကတ်တော်လာ ပါဠိတော်တွေ အကုန်ရတယ်။

(ခ) အတ္ထပဋိသမ္ဘိဒါဉာဏ်– ထို့အတူ အနက်တွေ အကုန်ရတယ်။

(ဂ) နိရုတ္တိပဋိသမ္ဘိဒါဉာဏ်– ပုဒ်,ပါဌ်,ဓာတ်,ပစ္စည်း,လိင်,ဝုစ် စသည် သဒ္ဒါရေးတွေ အကုန်တတ်မြောက်နေတယ်။

(ဃ)ပဋိဘာနပဋိသမ္ဘိဒါဉာဏ်– လောက၌ အလွန်ထင်ရှားထည်ဝါသော တိက္ခဉာဏ်, ဇဝနဉာဏ်, ဟာသ ဉာဏ်, ဂမ္ဘီရဉာဏ်စသော ထူးကဲသောဉာဏ်များနှင့် ပြည့်စုံနေတယ်။ ဒါ့ကြောင့် ကဲထူးက သမထကမ္မဋ္ဌာန်းကို အားထုတ်သင့်တယ်ဟု တိုက်တွန်းတာပါ။

**မေး** .. မောင်ကဲထူးရယ် .. ကြီးကြီးတစ်သက်လုံးမကြားဘူးတဲ့ သမထရဲ့ တန်ခိုး အမျိုးမျိုးတွေကြားရလို့ အခုမှ လူဖြစ်ကျိုးနပ်တယ်။ လူတစ်ယောက် သိအပ်တဲ့ သိထိုက်တဲ့ သိစရာတွေကိုသိရတယ်။ အဲဒီ သမထအခြေခံကောင်း တွေရလာတဲ့ အကျိုးအမြတ်တွေဟာ ဝိပဿနာတရားများ ဆက်လက်ရှုပွားလို့ အဆင့်မြင့်ပြီး ရဟန္တာဖြစ်လာသည့်အခါ ဘယ်လိုများ

www.dhammaransi.com



ဂုဏ်မြောက် မြင့်မားပါသလဲကွယ်။

ဖြေ ။ ။ ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာဖြစ်လာသည့်အခါ အောက်ပါ အမည်ထူးကြီးများကို ရရှိနိုင်ပါတယ်။

(၁) သုက္ခဝိပဿကရဟန္တာ၊ (၂) စျာနလာဘီရဟန္တာ၊
(၃) တေဝိဇ္ဇာ ပတ္တရဟန္တာ၊ (၄) ဆဠဘိညာပတ္တရဟန္တာ၊
(၅) ပဋိသမ္ဘိဒါပတ္တရဟန္တာ စသည်အားဖြင့်

သမထ အခြေခံကောင်းသောကြောင့် ဝိပဿနာတရားကြောင့် ရဟန္တာဖြစ်လာသည့်အခါ ဤသို့ အစုံမြင့်လျက် ဂုဏ်တင့်ပြောင်မြောက်သော ဝိသိဋ္ဌရဟန္တာကြီးများဖြစ်လာတယ်။ ရဟန္တာဖြစ်သော်လည်း (**အရွက်မှာလှက်၊ အသီးမှာသရက်၊ အသားမှာဝက်**) ကောင်းသည် မှန်သော်လည်း ဝက်သားကို ရေဖြင့်ပြုတ်စားသကဲ့သို့ အရသာမထွက်။ ရေသက်သက်ဖြင့် ဝက်ပမာအရသာမရှိ၊ ကြီးကြီးသတိထားပါ။ ထို့ကြောင့် ကြီးကြီး သမထမပါဘဲ ဝိပဿနာလုပ်ငန်းသည် အရှိန်လည်းမမြင့် ဂုဏ်သိရ်လည်းမတင့်ဟု မှတ်ပါကြီးကြီးရယ်။

မေး ။ ။ မောင်ကဲထူးရယ်။ ရှေ့က မင်းပြောခဲ့တဲ့အထဲမှာ

(၁) စျာန်(၅)ပါးတွင် တစ်ပါးပါးကိုရလျှင် စျာနလာဘီဟုခေါ်နိုင်သည်။
(၂) အနုသယခေါ် တရားဆိုး ၇-ပါး။ ကိလေသာ ခေါ် တရားဆိုး(၁၀)ပါး။

အထက်ပါ တရားဆိုးများဟူသော အညစ်အကြေးတွေ ကင်းစင်လျှင် အရိယာပုဂ္ဂိုလ်ဖြစ်သည်ဟု ကြီးကြီးမှတ်မိလိုက်တယ်။ အဲဒါ ရှင်းပြပါဦး ငါ့တူရယ်။

ဖြေ ။ ။ ဟုတ်တယ် ကြီးကြီး။ သတ္တဝါခပ်သိမ်းတို့၏ ရုပ်နာမ်ခန္ဓာအတွင်းမှာ ရှိတော့ရှိတယ်။ မမြင်ရဘူးဟူသော စကားကဲ့သို့ ကိန်းဝပ်မြုပ်ကွယ်နေသော တရားဖြစ်သောကြောင့် အနုသယခေါ်တယ်။ ထို့ပြင် သတ္တဝါခပ်သိမ်းအား ပင်ပန်းညစ်နွမ်းအောင် လုပ်တတ်သောသဘောရှိသောကြောင့် ကိလေသာခေါ်တယ်။ သရုပ်အားဖြင့် (၇)ပါး၊ (၁၀)ပါးဖြစ်သော်လည်း အရင်းစစ်၍အမြစ်ကို ဖော်ပြလျှင် (တစ်ပဲနှင့်လေးပြား မထူးခြား အင်္ဂလိပ်ခေတ်က ဝေါဟာရဟုမှတ်လေ)

www.dhammaransi.com


**မေး** ။ ။ လောကဥ္စ ပုဂ္ဂိုလ်အပြား ဘယ်နှစ်ပါးရှိသလဲ မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ။ လောကဥ္စ ပုဂ္ဂိုလ်အပေါင်း တစ်ကျိပ်နှစ်ယောက်ရှိသည်။ (၁၂ ယောက် ဟု ဆိုလိုသည်။) ယင်း(၁၂)ယောက်မှာ ။ ။ ။

ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် (၄)ယောက် တို့ဖြစ်သည်။

**ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်ကား**

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (အပါယ်လေးဘုံသား ကုသိုလ်ဟိတ်မရှိ)

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် (လူ့ဘုံ၊ နတ်ပြည်ဗြဋ္ဌပ်၊ ရူပ ၁၅ ဘုံ၊ အရူပ ၄ ဘုံ၊ အသညသတ်ဘုံပေါင်း ၂၇ ဘုံ၊ ကုသိုလ်ဟိတ်မရှိ)

၃။ ဒွိဟိတ်ပုဂ္ဂိုလ် (အလောဘ၊ အဒေါသ၊ ကုသိုလ်ဟိတ် ၂ပါးရှိ)

၄။ တိဟိတ်ပုဂ္ဂိုလ် (အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ် ၃ပါးရှိ)

**မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်ကား**

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ် (ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ ၂ပါးကို သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်ဆဲပုဂ္ဂိုလ်)

၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ် (ကာမရာဂါနုသယ ပဋိဃာနုသယ ၂ပါးကို တနုကရ ခေါ် ခေါင်းပါးရုံသာ ပယ်ဆဲပုဂ္ဂိုလ်)

၃။ အနာဂါမ်မဂ်ပုဂ္ဂိုလ် (အထက်ပါ ကာမရာဂါနုသယ၊ ပဋိဃာနုသယ ၂ပါးကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ဆဲပုဂ္ဂိုလ်)

၄။ အရဟတ္တမဂ်ပုဂ္ဂိုလ် (မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာ နုသယ ၃ပါး တို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ဆဲပုဂ္ဂိုလ်)

**ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄)ယောက်ကား**

၁။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် (ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ ၂ပါးကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီးပုဂ္ဂိုလ်)

၂။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် (ကာမရာဂါနုသယ ပဋိဃာနုသယ ၂ပါးတို့ကို တနုကရ ခေါင်းပါးရုံသာ ပယ်ပြီးပုဂ္ဂိုလ်)

၃။ အနာဂါမိဖိုလ်ပုဂ္ဂိုလ် (အထက်ပါ ကာမရာဂါနုသယ ပဋိဃာနုသယ ၂ပါးကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ပြီးပုဂ္ဂိုလ်)

www.dhammaransi.com



၄။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် (မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ ၃ပါးတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်ပြီးပုဂ္ဂိုလ်)

**မှတ်ချက်**

အောက်အောက်ပုဂ္ဂိုလ်တိုင်း ပယ်နိုင်သော အနုသယကို အထက်ထက် ပုဂ္ဂိုလ်တို့က ပယ်ပြီးဟုမှတ်လေ။

(စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေစိတ္တက္ခဏိကာ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။)

(အဘိဓမ္မတ္ထသင်္ဂဟ ဝီထိပိုင်း စာမျက်နှာ–၆၇)

**မေး** . . . မောင်ကဲထူးရယ် ကြီးကြီး ဘယ်တရားစခန်းမှ မဝင်ဖူးလို့ ကြီးကြီး အတွက် ဆက်ပြောသင့်ပါတယ်။ ပြောပါဦးလားကွယ်။

**ဖြေ** . . . **ပုထု ကိလေသေ ဇနေတီတိ ပုထုဇ္ဇနော။**

(ကိလေသာ ၁၀ပါး အများအပြားရှိသောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်ဟု ခေါ်တယ်)

**အရေ ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။**

(ရန်သူနှင့်တူသော ကိလေသာတို့ကို ပယ်သတ်လျက် နိဗ္ဗာန်သို့ ပို့ဆောင် တတ်သောကြောင့် မဂ်ဟုခေါ်ပါတယ်။) ယင်းအကြောင်း မဂ်၏ အကျိုးဖြစ် သောကြောင့် ဖိုလ်ဟုခေါ်ပါတယ်။

အဲဒီ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၄–ယောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်၄–ယောက် ဤ(၈) ယောက်တို့သည် သူ၏သက်ဆိုင်ရာ ကိလေသာ တရားဆိုးခေါ် အညစ်အကြေး တွေ ကင်းစင်သောကြောင့် အရိယာပုဂ္ဂိုလ်(၈)ယောက်ဟု ခေါ်ပါတယ်။

**မေး** . . ငါ့တူရယ် မဂ်လေးဆင့် ဖိုလ်လေးဆိုင် ဆိုတဲ့ စကားကဲ့သို့ ကိလေသာ အညစ်အကြေး ပယ်ဆဲပုဂ္ဂိုလ်ကို မဂ်ပုဂ္ဂိုလ်၊ ကိလေသာ အညစ်အကြေး ပယ်ပြီးပုဂ္ဂိုလ်ကို ဖိုလ်ပုဂ္ဂိုလ်ဆိုတာ မှန်ပါသလား ငါ့တူရယ်။

**ဖြေ** . . မှန်ပါတယ် ကြီးကြီး။ ကျွန်တော် နည်းနည်းပြောပါရစေ။ ကျွန်တော် ပြောတာ ပိုသွားလျှင်လဲ **(တိုလွန်းလျှင်လည်း သေးနုတ်တယ်၊ ရှည်လွန်း လျှင်လည်း ထွေးရှုပ်တယ်)** ဂန္ထဂရုဒေါသဆိုတာလဲ ရှိသေးတယ်ကြီးကြီး။ သဘောပေါက်အောင် လိုရင်းတိုရှင်းပြောမယ်။ ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်

www.dhammaransi.com


မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်၊ ပုဂ္ဂိုလ်တစ်ကျိပ် နှစ်ယောက် ဟုခေါ်တယ်ကြီးကြီး။

**မေး ။ ။** ဆက်ပြောပါဦး ငါ့တူရယ်။

**ဖြေ ။ ။** ပရိယတ်စာပေနှင့် ပဋိပတ်လုပ်ငန်းစဉ် ကျွမ်းကျင်မှု မရှိသေးသည့် အတွက် အကြမ်းဖျင်းမှတ်လို့ရရုံ ကျွန်တော်ပြောပြမယ်။

(၁) ယောဂီတိုင်းတို့၏ ရုပ်နာမ်နှစ်ပါးခေါ် ခန္ဓာငါးပါး၌ ဤကား ရုပ်ပါတည်း။ ဤကား နာမ်ပါတည်း။ ဤကား ရုပ်၏ ဖြစ်ပုံ၊ ဤကား ရုပ်၏ပျက်ပုံပါတည်း။ ဤကား နာမ်၏ ဖြစ်ပုံ၊ ဤကား နာမ်၏ ပျက်ပုံပါတည်း။ အဟုတ်အရှိကို အလုပ်သိဖြင့် ထင်ထင်ရှားရှား ကွဲကွဲပြားပြား သိနိုင်လျှင် နာမရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်တယ်ကြီးကြီး။ ဒါ့ပြင် ကျွန်တော် ပြောခဲ့တဲ့ ရုပ်တရား၊ နာမ်တရား၊ တစ်နည်း-ရှေ့အသွင်နှင့် နောက်အသွင် မတူ ဖေါက်ပြန်နေတဲ့ ရုပ်တရား။ ရုပ်ဆီသို့ ညွှတ်ကိုင်းမှတ်ရှုနေတဲ့ နာမ်တရား ဤရုပ်တရား၊ နာမ်တရားနှစ်ပါးတို့သည် ထင်ထင်ရှားရှား ဖြစ်ပေါ်နေခြင်းဟာ အကြောင်းကင်းစွာ တစ်နည်း-အကြောင်းမရှိဘဲ ဖြစ်ပေါ်လာခြင်းမဟုတ်။ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုအကြောင်း တရားဟူသည်တို့ကား လေးပါးရှိတယ်။

ထိုလေးပါးမှာ **(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ)**

၁။ အဝိဇ္ဇာ (ရုပ်နာမ်ကိုလည်း မသိမမြင်၊ လာမည့်ဘေးကို အဝေးက မြင်ခြင်းမရှိ သုခ,ဒုက္ခကို ဘာမှနားမလည်)

၂။ တဏှာ (ဘာမှမသိ၊ ဘာမှနားမလည်သောကြောင့် လိုချင်တယ်။)

၃။ ဥပါဒါန် (အထက်ပါ တဏှာကို အရှိန်အဟုန်မကြီးထွားအောင် တစ်နည်း-ကြီးထွားမှုလျော့နည်းအောင် လုပ်တတ်သည့် တရားဓမ္မနှင့် မတွေ့သောကြောင့် များများလိုချင်တယ်။ စွဲစွဲလန်းလန်းလိုချင်တယ်)

၄။ ကံ (မီးလောင်ရာလေပင့်သကဲ့သို့ မိမိနစ်နာအောင် သူခိုးကိုဓားရိုးကမ်း အမှားတွေ တောင်လိုမောက်ပြီး အထက်ကဖော်ပြသည့်အတိုင်း ရုပ်နာမ် နှစ်ပါးခေါ် ခန္ဓာငါးပါးကို မရ-ရအောင် မဖြစ်-ဖြစ်အောင်လုပ်သည်)

အထက်ပါ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဟူသော အကြောင်း

www.dhammaransi.com


တရားလေးပါးကြောင့် ဖြစ်ခဲ့သည်ဟု အကြောင်းတရားလေးပါးကို အဟုတ်အရှိကို အလုပ်သိဖြင့် ပိုင်ပိုင်နိုင်နိုင်သိနိုင်သော ယောဂီသည် ပစ္စယ ပရိဂ္ဂဟဉာဏ်အဆင့်သို့ ရောက်သည်။

**မေး** ။ ကြီးကြီး ဝမ်းသာလိုက်တာ မောင်ကဲထူးရယ်။ ကြီးကြီး တစ်ကယ်ကို မကြားဖူးတာပါ။

**ဖြေ** ။ ။ အခုပြောခဲ့တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့မှာ ဘာဝနာယောဂီတိုင်းတို့ရဲ့ အခြေခံဉာဏ်ကြီး နှစ်ပါးပါ။ ဝိပဿနာဉာဏ် မဟုတ်သေးပါ။ အဲဒီဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် (ထုံးလိုမွှေ ရေလိုနှောက် စကားကဲ့သို့) ကျေကျေညက်ညက် သဘောပေါက် အဆင့်မြင့် ထိုယောဂီ ပုဂ္ဂိုလ်မှာ ပုဂ္ဂိုလ်နှစ်ပါးတွင် (အန္ဓပုထုဇဉ်) ရုပ်နာမ်ကိုလဲမမြင်၊ ရုပ်နာမ်၏ အဖြစ်အပျက်ကိုလဲမမြင်၊ ရုပ်နာမ်၏ အကြောင်းကိုလဲမမြင်၊ အဲဒါ အကန်း ပုထုဇဉ်ပဲ။ **(အန္ဓ/အကန်း)**

ကလျာဏပုထုဇဉ်-ရုပ်နာမ်ကိုလဲမြင်တယ်။ ရုပ်နာမ်၏ အဖြစ် အပျက်ကိုလဲ မြင်တယ်။ ရုပ်နာမ်၏ အကြောင်းကို လဲမြင်တယ်။ အဲဒါ ကလျာဏ ပုထုဇဉ်ပဲ။ **(ကလျာဏ/အကောင်း)**

**မေး** ။ အဲဒါ အရိယာ ဖြစ်သလား။

**ဖြေ** ။ ။ မဖြစ်သေးဘူး ကြီးကြီး။ အဆင့်မြင့် ကလျာဏပုထုဇဉ်ပဲ ရှိသေးတယ်။ ဒါ့ကြောင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ။ ။ **(ကိုယ့်ဉာဏ်အဆင့် ကိုယ်တိုင်ချင့် အသင့်ဆုံးဖြတ်ရာ)**ဟု မိန့်တော်မူသွားတယ်။

**မေး** ။ ကြီးကြီး ဝိပဿနာ၏အခြေခံ ဉာဏ်နှစ်ပါးတော့သိပြီ ဝိပဿနာဉာဏ် ဆိုတာရောရှိသလား။

**ဖြေ** ။ ။ ရှိတယ် ကြီးကြီး။ (၁၀)ပါးပါ။ အဲဒီ(၁၀)ပါးမှာ ။ ။

(၁) သမ္မသနဉာဏ်၊ (၂) ဥဒယဗ္ဗယဉာဏ်၊ (၃) ဘင်ဉာဏ်၊ (၄) ဘယဉာဏ် (၅) အာဒီနဝဉာဏ်၊ (၆) နိဗ္ဗိဒါဉာဏ်၊ (၇) မုစ္စိတုကမျတာဉာဏ်၊ (၈) ပဋိသင်္ခါဉာဏ်၊ (၉) သင်္ခါရုပေက္ခာဉာဏ်၊

(၁၀) အနုလောမဉာဏ်၊ (ဤအနုလောမဉာဏ်၏ နောက်မှာ ဂေါတြဘု ဉာဏ်၊ ထို့နောက် မဂ်ဉာဏ် ဤသို့ အကျဉ်းမှတ်ခဲ့လေ။)

မေး ။ ။ မောင်ကဲထူး ... ကြီးကြီးအခုမှ လူ့ဘဝကို ရောက်သလိုထင်တယ်။ ကြီးကြီး မရှက်ပါဘူး။ ဒီဝိပဿနာဉာဏ် (၁၀)ပါးရဲ့ အကျဉ်းချုပ် အဓိပ္ပါယ် လေးတွေကို မသိရဘူးလား။

ဖြေ ... သိရမယ် ကြီးကြီး။

(၁)**သမ္မသနဉာဏ်** (အိမ်တစ်အိမ်မှာ ရှာဖွေရေးရဲတွေက သူသိချင်တာ ဝင်ရှာသလို ခန္ဓာအိမ်ထဲမှာ သိချင်တာတွေသိရအောင် ဝင်ရောက်ရှာဖွေတဲ့ ဉာဏ်ပါတည်း။)

(၂) **ဥဒယဗ္ဗယဉာဏ်** (ဝင်ရှာတော့ ရုပ်နာမ်နှစ်ပါးကိုလဲတွေ့တယ်။ ထို ရုပ်နာမ်နှစ်ပါး၏ ဖြစ်ပုံ၊ ပျက်ပုံကိုလဲ တွေ့တယ်။ အဲဒီ တွေ့တဲ့ ဉာဏ် ပါတည်း။)

(၃)**ဘင်္ဂဉာဏ်** (အဖြစ်အပျက်တွေကမြန်တော့ ဖြစ်တယ်။ ပျက်တယ်ဟု မရှုအားတော့ပဲ အားလုံးပျက်တယ်။ အားလုံး ပျက်တယ်ဟု သိတဲ့ ဉာဏ်ပါတည်း။)

(၄)**ဘယဉာဏ်** (ဒီလောက် အပျက်တွေများပြီး အားလုံး ပျက်တာသာ ဖြစ်တဲ့အတွက် ရုပ်နာမ် ရ,ရမှာ မရချင်။ မလိုချင် ရ,ရမှာကြောက် တယ်။ ကြောက်တယ်ဟု ကြောက်စရာကိုသာ မြင်နေသော ဉာဏ် ပါတည်း။)

(၅)**အာဒီနဝဉာဏ်** (ရုပ်၊ နာမ် ၂-ပါးခေါ် ခန္ဓာ(၅)ပါးလုံးတို့သည် စေ့စေ့ တွေး၍ ယောဂီ၏အသိနှင့် တစ်ခုမျှကောင်းတာမရှိ။ တစ်ခုမှ အကျိုးမရ အပြစ်သက်သက်ကိုသာ တွေ့မြင်နေသော ဉာဏ်ပါတည်း။)

(၆)**နိဗ္ဗိဒါဉာဏ်** (တစ်ကိုယ်လုံး ဆံဖျားမှ အောက်ခြေဖျားအထိ အောက် ခြေဖျားမှ အထက်ဆံဖျားအထိရှာဖွေ ဘယ်လိုကြည့်ကြည့် ပျော်စရာ လုံးဝမရှိ။ ပျင်းစရာကြီးဟုသာ သိနေသော ဉာဏ်ပါတည်း။)

(၇)**မုစ္စိတုကမျတာဉာဏ်** (ငါသည် ဒီလိုနေလို့တော့ ကြာလေနစ်လေ

www.dhammaransi.com


ဖြစ်တော့မည်။ ဝေးအောင် ရုပ်နာမ်ခန္ဓာမှ လွတ်ရာကို ရှန်းတော့မည်။ ဝေးရာကိုပြေးတော့မည်ဟု ပြေးဘို့သာ စိတ်အားထက်သန်သော ငှက်ကလေးကဲ့သို့ မထောက်ချင် ထောက်ချင်နှင့် ခြေတစ်ဖက်ဖြင့်သာ ထောက်ပြီး ရှေ့ကိုလှမ်းတော့မည့် အမူအရာ ကျန်ခြေတစ်ချောင်းကို မ,ထားပြီးဖြစ်သည့်ဟန် လွတ်အောင်ပြေးဘို့သာ စိတ်အားသန်နေသော ဉာဏ်ပါတည်း။)

(၈)**ပဋိသင်္ခါဉာဏ်** (ခရီးရှည်သွားခါနီး သော့မပိတ်မီ အိမ်တွင်း ဟိုနား ဒီနား ကို လှည့်ပတ် ရုပ်နာမ်ခန္ဓာကို ပြန်လှည့်ကြည့်သကဲ့သို့ ပြန်လည်လှည့်လည်ကြည့်သော ဉာဏ်ပါတည်း။)

(၉)**သင်္ခါရုပေက္ခာဉာဏ်** (ရုပ်နာမ်ခန္ဓာသည် ဘယ်တော့မှ ကောင်းကျိုးပေးမည်မဟုတ်။ တစ်နည်း–ဘယ်လိုမှ ကောင်းကျိုးပေးမည်မဟုတ်။ ငါ ဘယ်တော့မှ ပြန်မလာတော့ဘူးဟု အိမ်ကြီးကိုစွန့် ဥပေက္ခာပြု အပြီးသတ် ဆုံးဖြတ်သော ဉာဏ်ပါတည်း။)

(၁၀)**အနုလောမဉာဏ်** (တစ်သံသရာလုံး လမ်းမှားခဲ့သည် ဒုက္ခတွေ ပင်လယ်ဝေသလို တစ်သံသရာလုံးဝေခဲ့ပြီ။ လမ်းမှားတွေ ကျော်မြောက်၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတည်းဟူသော လမ်းမှန်ပေါ်သို့ ရောက်ပြီဟု ဒါန၊ သီလ၊ ဘာဝနာလမ်းမှန်ပေါ်သို့ တည့်တည့်မတ်မတ် ရပ်တည်နိုင်သော ယောဂီ၏ အသိဉာဏ်ပါတည်း။)

**မေး ..** အရိယာပုဂ္ဂိုလ် (၈)ယောက်ဆိုတာရော။

**ဖြေ ..** ကြီးကြီး ကျွန်တော်ပြောမယ်။ အကျဉ်းပဲပြောမယ်နော်။ အကျယ်သိလိုလျှင် ဆိုင်ရာပဋိပတ္တိစာအုပ်များကို ရှာဖတ်တော့။ ဆရာတော်ကြီးများတွေ့လျှင်လည်း ချဉ်းကပ်လျှောက်ထားတော့၊ ယင်း ကလျာဏ ပုထုဇဉ်အဖြစ်မှ အထက်ဆင့်သို့ တက်လာသော ပုထုဇဉ်သည် ဆက်လက်တရစပ်အားထုတ်ရင် ...

(၁) ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ–ဤနှစ်ပါးကို တနုကရ ခေါ် ခေါင်းပါးအောင်၊ တစ်နည်း–ကျဉ်းကျုတ်သေးငယ်အောင် ပယ်နိုင်သည့် အဆင့်သို့ရောက်သွားသော ယောဂီသည် စူဠသောတာပန် (သောတာပန်အဆင့်

www.dhammaransi.com


သို့ မရောက် သေးသော်လည်း သောတာပန်၏ အနီးအနား သောတာပန် အငယ်စားလေးဟုခေါ်သည်။ ဘယ်အခါကာလကမှ ဤအဆင့် ဤရာထူး သို့ မရောက်ခဲ့ဖူးဘူး။ အဆင့်မြင့် ပုထုဇဉ်တို့ထက် အရိယာအဆင့်သို့ ရောက်မည့်ဆဲဆဲ မိမိဘဝ အမြင့်ဆုံးရာထူးသို့ရောက်ခဲ့ပြီ။ **နိယတဂတိကော** (သုဂတိဘဝမှ မြဲသောလားရာ ဂတိရှိသူ) **လဒ္ဓဿာသော** (ရအပ်သော သက်သာရာရ ရှူသာ ရှိုက်သာရှိပြီးဖြစ်သူ) **လဒ္ဓပတိဋ္ဌော** (ရအပ်သော ထောက်တည်ရာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ကိုယ်တိုင် တည့်တည့် မတ်မတ် ရပ်နိုင် သော သူအဖြစ်သို့ရောက်ပြီ။)

(၂) အဆက်မပြတ် ဆက်၍ ရှုမှတ်အားထုတ်နေသော ယောဂီသည် အချိန် မလင့် ဂုဏ်သိရ်တွေ့ပါမြင့်လျက် ဒိဋ္ဌိနုသယနှင့် ဝိစိကိစ္ဆာ နုသယ(၂)ပါးကို သမုစ္ဆေဒ ပဟာန်ခေါ် အကြွင်းမဲ့ ပယ်သတ်ပြီးသူဖြစ်သောကြောင့် သောတာပန် ဟူ၍လည်းကောင်း၊ စူဠသောတာပန်ကို ထောက်၍ မဟာ သောတာပန်ဟူ၍လည်းကောင်း ခေါ်နိုင်တယ်ကြီးကြီး။ ပဟီနာပါယဂမနော သောတာပန္နောနာမ (အပါယ်လားကြောင်းတရားတွေကို အပြီးအပိုင် ပယ်စွန့်ပြီးဖြစ်သောကြောင့် ဤသောတာပန်အဆင့်သို့ရောက်လျှင် အပါယ် လေးပါးတံခါးပိတ်သွားပြီဟု ဆိုနိုင်တယ်ကြီးကြီး။ ဤကာမ (၁၁)ဘုံသို့ အများဆုံး(၇)ကြိမ်သာလာရတော့မည်။)

**မှတ်ချက်**– အချို့သောတာပန် တစ်ကြိမ်မှ ခြောက်ကြိမ်အထိ လာနိုင်သေး သည်ဟု မှတ်လိုက်ပါ။

**မေး** ။ ။ သကဒါဂါမ် အရိယာပုဂ္ဂိုလ်အကြောင်း ပြောပါဦးလား ငါ့တူရယ်။

**ဖြေ** ။ ။ သမ္မပ္ပဓာန် လုံ့လဝီရိယဖြင့် တရစပ်ရှုမှတ်သွားမည်ဆိုလျှင် အောက် ဆင့်က ပယ်ပြီးဖြစ်သော ဒိဋ္ဌိနုသယ ဝိစိကိစ္ဆာနုသယတို့အပြင် ကာမရာဂါ နုသယနှင့် ပဋိဃာ နုသယတို့ကို တနုကရခေါ် ခေါင်းပါးအောင် သေးနုပ် အောင်ပြုနိုင်သည့် အဆင့်အဖြစ်သို့ ရောက်ခဲ့သော် သကဒါဂါမ်ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ (ဤကာမ ၁၁–ဘုံ သို့ အများဆုံး တစ်ကြိမ်သာ လာရတော့ မည်။ တစ်ကြိမ်မျှမလာတော့ပဲ ဘုံစဉ်စံသဘောနှင့် အထက်ရူပဗြဟ္မာ အရူပဗြဟ္မာကြီးတို့ အဖြစ်သို့သာ ရောက်တော့မည်။)

www.dhammaransi.com


(၃) ဆိုပြီး–ကာမရာဂါနုသယနှင့် ပဋိဃာနုသယတို့ကို သမုစ္ဆေဒပဟာန် ခေါ် အကြွင်းမဲ့ ပယ်နိုင်ခဲ့လျှင် အနာဂါမ် ပုဂ္ဂိုလ်လို့ခေါ်ပါတယ်။ (အဲဒီ အနာဂါမ်ပုဂ္ဂိုလ်ဟာ ဤကာမ ၁၁–ဘုံသို့ တစ်ကြိမ်မျှမလာရောက်တော့ ပဲ ဘုံစဉ် စံသဘောနှင့် အထက်ရူပဗြဟ္မာ အရူပဗြဟ္မာကြီးတို့ အဖြစ်သို့ သာ ရောက်တော့မည်။)

(၄) မာနာနုသယ. ဘဝရာဂါနုသယ. အဝိဇ္ဇာနုသယခေါ်တဲ့ အနုသယကြီး သုံးပါးကို သမုစ္ဆေဒပဟာန်ခေါ် အကြွင်းမဲ့ ပယ်နိုင်လျှင် ရဟန္တာ (အရ+ ဟတ္တ)အရ–အနုသယ ကိလေသာရန်သူတို့ကို၊ ဟတ္တ–နာလန် မထူအောင် သတ်ဖြတ်ပယ်ရှားနိုင်သည်။

**(အရေ ကိလေသေ ဟနတိ ဟနန် ကရောတီတိ အရဟာ)**

ကိလေသာရန်သူတို့ကို နာလန်မထူအောင် အကြွင်းမဲ့ ပယ်သတ်နိုင်သော သူ ရဟန္တာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဟု ခေါ်သည်။ သံသရာဝဋ် ဒုက္ခညွတ် မှလည်း လွတ်ပြီ။ ၃၁–ဘုံအတွင်းသို့လည်း ဘယ်အခါမျှ မရောက်တော့ပြီ။

**မှတ်ချက်** ။ ကိလေသာတို့ကို ပယ်ဆဲပုဂ္ဂိုလ်သည် မဂ်ပုဂ္ဂိုလ်၊ ပယ်ပြီးပုဂ္ဂိုလ် သည် ဖိုလ်ပုဂ္ဂိုလ်ဟု မှတ်လေ။

**မေး** ‥ ငါ့တူပြောတာ ပုထုဇဉ်လေးယောက်၊ မဂ္ဂဋ္ဌာန် လေးယောက်။ ဖလဋ္ဌာန် လေးယောက်ရှိသေးတယ်။ နိဗ္ဗာန်အကြောင်း မပါသေးဘူးမဟုတ်လား။

**ဖြေ** … ဆိုခဲ့ပြီးသော ရဟန္တာသည် အနုသယနှင့်ကိလေသာ အာသဝေါ ခပ်သိမ်း အကြွင်းမဲ့အကုန် ငြိမ်းပြီဖြစ်သည်။ အနုသယကိလေသာ ခေါ် အာသဝေါတရားလေးပါးရော မျိုးစေ့တွေကို ဓမ္မမီးကြောင့် ပြာအဖြစ်သို့ ရောက်သည်ဖြစ်၍ ရုပ်နာမ်နှစ်ပါးခေါ် ခန္ဓာငါးပါးအပင်ကြီးမပေါက်တော့ ပါ။ အပင်ကြီးမပေါက်လျှင် သောကပရိဒေဝ စသော တစ်ဆယ့်တစ်သီး မီးနှင့်တူသည့် ဒုက္ခအသီးအပွင့်တွေ မသီးပွင့်တော့ပါ ကြီးကြီးရယ်။

**မေး** ‥ ငါ့တူရယ် ကြီးကြီးဆက်မမေးတတ်တော့ ဝိပဿနာဉာဏ် (၁၀)တန် ၏ ရှေ့မှာ တွေ့ရမည့် လမ်းစဉ်လေးတွေ ချီးမြှင့်ပါဦးကွယ်။

**ဖြေ** … ဝိပဿနာဉာဏ်(၁၀)တန်၏ရှေ့မှာ

www.dhammaransi.com

(၁) ဝေါဒြာဘုဉာဏ်၊ (၂) မဂ်ဉာဏ်၊ (၃) ဖိုလ်ဉာဏ်၊ (၄) နိဗ္ဗာန်ပဲ ကြီးကြီး။ ဒါကြောင့် ရှေးဆရာတော် ဘုရားကြီးများက (**မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်မြင်**)ဟု မိန့်တော်မူသွားကြတယ်။ မဂ်ရောက်လျှင် ဖိုလ်သို့ဝင်ပြီ။ ဖိုလ်သို့ဝင်လျှင် နိဗ္ဗာန်ကို မြင်ရပြီ ကြီးကြီး။ နိဗ္ဗာန်ကို ဝေးသေးလျှင် ဘာမြင်မလဲ။ နီးလို့မြင်တယ်ဟု မှတ်ထား။ အရဟတ္တဖိုလ်ဉာဏ်ရသော ဘာဝနာယောဂီသည် ရဟန္တာဖြစ်ပြီး။ ကိလေသာငြိမ်း ရုပ်နာမ်မငြိမ်းသေး သည့်အတွက် သဉပါဒိသေသနိဗ္ဗာန်သို့ရောက်နေပြီ။ ထိုရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုလျှင် ကိလေသာလည်းငြိမ်း၊ ရုပ်နာမ်လည်း ငြိမ်းခဲ့ရ။ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်။

မေး ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ ။ ကြီးကြီးမေးတဲ့ နိဗ္ဗာန်သည် ...

(၁) ကိလေသာငြိမ်းသွား၍ ရုပ်နာမ်ခန္ဓာရှိနေသောကြောင့် အဲဒီနိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်လို့ ခေါ်တယ်။ (ရဟန္တာဟု ဆိုလိုတယ်။ ကိလေသာ ငြိမ်း၊ ရုပ်နာမ်ရှိသေး။)

(၂) ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုသဖြင့် ကိလေသာတရားဆိုး တွေလည်းငြိမ်း ရုပ်နာမ်ခန္ဓာတွေလည်းငြိမ်း၊ အဲဒါ အနုပါဒိသေသ နိဗ္ဗာန်လို့ခေါ်တယ်။ (ပရိနိဗ္ဗာန် မပြုသေးမီ ခန္ဓာရှိသေးသည့်အတွက် သဉပါဒိသေသနိဗ္ဗာန်၊ ပရိနိဗ္ဗာန်ပြု၍ ခန္ဓာမရှိတော့လျှင် အနုပါဒိသေသနိဗ္ဗာန်လို့မှတ် ကြီးကြီး)

မေး ။ မောင်ကဲထူးရယ် မင်းပြောတဲ့ သမထစျာန် ဝိပဿနာ ဉာဏ်ဆိုတာ လည်း ရှင်းပြပါဦးလားကွယ်။

ဖြေ ။ ကြီးကြီးမှတ်ထား။

၁။ သမထကြောင့် ဈာန်နှင့်အဘိညာဉ်ရတယ်။

၂။ ဝိပဿနာဉာဏ်ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရတယ်။ ကံလမ်းကသွားလျှင် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟူသော ဘဝ ကောင်း၊ ဘုံကောင်း၊ ဗိမာန်ကောင်း ရရှိခြင်းသို့ ရောက်တယ်။ ဈာန်လမ်းကသွားလျှင် အဘိညာဉ်သို့ ရောက်တယ်။ ဉာဏ်လမ်းက သွားလျှင် နိဗ္ဗာန်သို့ရောက်တယ်ကြီးကြီး။

www.dhammaransi.com



**မေး** ။ ။ ငါ့တူရယ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်အကြောင်းတော့ ငါ့တူ ပြောလို့ ရှေ့ကပင် သိခဲ့ရပြီ။ ဂေါတြဘုဉာဏ်ဆိုတာ ဘာလဲကွယ်။

**ဖြေ** ။ ။ ။ ပုထုဇဉ်အနွယ်ကိုသတ်၍ အရိယာအနွယ်ကို တိုးပွားစေတတ်သော ဉာဏ်ပဲ။ ဥပမာ–ပင်လယ်ကြီးကို တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ပျံသန်းဖြတ်ကူးဘို့ စိတ်ဇောတွေ လိုအင်ဆန္ဒတွေ အလွန်ပြင်းပြနေသော ပင်လယ်ကူး ဇင်ယော်ငှက်လေးနဲ့တူတယ်။ **(ငှက်ကလေး ငယ်ငယ် ပင်လယ်ကူးနိုင်တယ်။)** ပေါရာဏ စကားပုံ–ယင်းငှက်ကလေးသည် မိမိ၏ နေထိုင်ရာ ပင်လယ်ကြီး အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ကူးလို၍၊ တစ်နည်း–ဒုက္ခဘက်ကမ်းမှ သုခဘက်ကမ်းသို့ ကူးလို၍၊ တစ်နည်း–သံသရာမှ နိဗ္ဗာန်သို့ ကူးလို၍ မိမိအင်အား ပြည့်မပြည့် အလွန်အချိန်အဆ မိမိအားကို စမ်းသပ်သည့်အနေ ပျံတက်လိုက်၊ ပျံနားလိုက်။ ဒီထက်ပျံတက်လိုက်၊ ပျံနားလိုက် အရှေ့ဘက်ကမ်းကိုလည်း ကောင်းကင်မှ မျှော်ကြည့်သည် မတွေ့သေးလျှင် ပျံနားသည်၊ တွေ့တော့တွေ့ပြီ။

မိမိ၌ ရှိသောအားဖြင့် အရှေ့ဘက်ကမ်းသို့ ရောက်အောင်ကူးနိုင်၊ မကူးနိုင်၊ တစ်နည်း–ပျံနိုင်၊ မပျံနိုင်၊ မပျံနိုင်သေးဟု စိတ်ချလက်ချ အဆင့်သို့ မရောက်သေးလျှင် အောက်ဆင်း ပျံနားသည်။ နောက်ဆုံး တစ်ကယ်စိတ်ချ၊ တစ်ကယ်ဆုံး ဖြတ်လို့ရပြီ၊ တစ်ကယ်ကူးနိုင်ပြီဟု ဆုံးဖြတ်၍ရသော ဘာဝနာယောဂီနှင့်တူသော ပင်လယ်ကူး ဇင်ယော်ငှက်ကလေးသည် ကြီးမားသော အရှိန်အဟုန်တို့ဖြင့် အနောက်ဘက်ကမ်းကို ရဲရဲဝံ့ဝံ့ လွတ်လွတ်စွန့်ပြီး အရှေ့ဘက်ကမ်းသို့ရောက်အောင် ပျံသွားတော့ပြီ။

ဂေါတြဘု ဉာဏ်၏သဘောသည် အနောက်ဘက်ကမ်းနှင့်တူသော ပုထုဇဉ်အနွယ်ကို စွန့်လွှတ်လျက် အရိယာအနွယ်တည်းဟူသော အရှေ့ဘက်ကမ်းသို့ အရောက်ကူးပြောက်သွားသည် ကြီးကြီး။ ဂေါတြဘုဉာဏ်၏ ပုထုဇဉ်ဘဝမှ မဂ်(အရိယာ)ဘဝသို့ ကူးသွားပုံသဘောကို ရက်ရက်ရောရော နက်နက်နောနော သဘောပေါက်လိုက်စမ်းပါ ကြီးကြီးရယ်။ အဲဒီအချိန်မှာ ပင်လယ်ကူး ဇင်ယော်ငှက်ကလေးနှင့်တူသော ဘာဝနာ

www.dhammaransi.com


ယောဂီသူတော်စင်မှာ မိမိ၏အောင်မြင်မှုအတွက် ဘယ်မျှစိတ်ချမ်းသာမည်ဆိုတာ ကြီးကြီးတွေးကြည့်စမ်းပါ။ ဘာဝနာယောဂီ အရှေ့ဘက်ကမ်းသို့ ရောက်သွားပြီ။ မဂ်ဉာဏ်ပေါ်ရောက်သွားပြီ။ (**မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်**)ဆိုတာ ဒါပဲမို့လား ကြီးကြီး။

၁။ သံသရာနှင့်နိဗ္ဗာန်အကူး၊

၂။ ပုထုဇဉ်အနွယ်မှ အရိယာအနွယ်သို့အကူး၊
ကူးပြောင်းပုံ သဘောပေါက်လောက်ပြီ။

**မေး** ။ ။ မောင်ကဲထူးရယ် ငါ့တူနဲ့တွေ့ရတာ အများကြီး နောက်ကျသွားပြီ။ ကြီးကြီးအတွက် အချိန်နှင့်ကြည့်လျှင် အများကြီး ဆုံးရှုံးသွားပြီ။ ငါ့တူ ယခုပြောတဲ့ မဂ်သို့ရောက်လျှင် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်ရပြီဟုသိရပြီ။ အဲဒီ နိဗ္ဗာန်ဆိုတာ အရိပ်အာဝါသ တောအုပ်ကြီးလိုလား၊ ရှင်ဘုရင်နန်းတော်ကြီးလိုလား၊ သို့မဟုတ် ဘုံဗိမာန်ကြီးလိုလား ဆက်ပြောပါဦး ငါ့တူရယ်။

**ဖြေ** ။ ။ ကြီးကြီး ထင်သလိုမဟုတ်ဘူး။ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်က ဒီလိုဟောခဲ့တယ်။ သေချာမှတ်နော်။

၁။ **ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ**။ (သမုဒယသစ္စာခေါ် လောဘစေတသိတ်တဏှာမှ လွတ်မြောက်သွားခြင်းသည်၊ တစ်နည်း–တဏှာနှင့် အကြောင်းအကျိုးမရှိ အဆက်ပြတ်ခြင်းသည် နိဗ္ဗာန်ပါတည်း။)

၂။ **အနုပ္ပါဒ နိရောဓော နိဗ္ဗာနံ**။ (တစ်ဖန် ဘယ်လိုမှ ပြန်မဖြစ်တော့သော ရုပ်နာမ်နှစ်ပါး နောက်ဆုံးချုပ်သွားခြင်းသည် နိဗ္ဗာန်ပါတည်း။)

၃။ **အဇာတိ နိဗ္ဗာနံ**။ (သံသေဒဇ ပဋိသန္ဓေ၊ အဏ္ဍဇ ပဋိသန္ဓေ၊ ဇလာဗုဇ ပဋိသန္ဓေ၊ ဩပပါတိက ပဋိသန္ဓေ၊ ဂဗ္ဘသေယျက ပဋိသန္ဓေ၊ ဤပဋိသန္ဓေငါးမျိုးရှိသည်တွင် ဘယ်ပဋိသန္ဓေမျိုးမှ မတည်တော့ခြင်းသည် နိဗ္ဗာန်ပါတည်း။)

၄။ **အပ္ပဝတ္တိ နိဗ္ဗာနံ**။ (ရုပ်နာမ်နှစ်ပါး နောက်ဆုံးချုပ်သွားပြီး ယင်းရုပ်နာမ်နှစ်ပါး ဘယ်အခါကာလမှ ပြန်၍မဖြစ်တော့ခြင်းသည် နိဗ္ဗာန်ပါတည်း။)

www.dhammaransi.com



**မှတ်ချက်။** အထည်ဒြပ်မရှိသော နိဗ္ဗာန်၏ သန္တိသုခကို အထည်ဒြပ်ရှိသော ဝေဒယိတသုခ နန်းရွှေဘုံ၌တင်စား၍ သုခအချင်းချင်းအတူပြု၍ ဆိုလိုက်သော သဒိသူပစာဟု မှတ်လေ။)

၅။ **သန္တိလက္ခဏံ နိဗ္ဗာနံ။** (နတ္ထိ ခန္ဓသမာ ဒုက္ခာ–ကမ္ဘာလောကကြီးတစ်ခုလုံး၌ ခန္ဓဒုက္ခထက် ကြီးသောဒုက္ခ ဘယ်လိုမှမရှိ။ ဒုက္ခထဲမှာ ခန္ဓ ဒုက္ခဟာ အကြီးဆုံးတည်း။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာသည် ရုပ်နာမ်ဒုက္ခခေါ် ခန္ဓဒုက္ခကြီးနှင့်တကွ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းသောသဘော အကုန်ငြိမ်းသော လက္ခဏာရှိတယ် ကြီးကြီး)

၆။ **ဒုက္ခသ အနန္တရံ သုခံ။** (ရေ၏အဆုံး၌ ကုန်းရှိနေသလို တော၏အဆင်း၌ ကွင်း ကေန်ရှိနေသည်။ နိဗ္ဗာန်ချမ်းသာသည် ရုပ်နာမ်ဒုက္ခ၊ တစ်နည်း–ခန္ဓဒုက္ခ၏အဆုံး၌ ကေန်ရှိနေသည်ဟုမှတ်။)

၇။ **ဒုက္ခက္ခယာ နိဗ္ဗာနံ။** (ဒုက္ခကုန်ခြင်းကြောင့် နိဗ္ဗာန်မည်၏။)

၈။ **တဏှက္ခယာ နိဗ္ဗာနံ။** (တဏှာ၏ကုန်ခြင်းကြောင့် နိဗ္ဗာန်မည်၏။)

၉။ **ဒုက္ခသ အတိက္ကမံ နိဗ္ဗာနံ။** (ဒုက္ခ၏ ကုန်မြောက်ရာသည် နိဗ္ဗာန်မည်၏။)

**မေး** ... သားရယ် နိဗ္ဗာန်ချမ်းသာဆိုတာရှိရဲ့သားနှင့် လူတိုင်းလို ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြဘူး။ အလွန်ချမ်းသာသည့် မဟာသုခကြီးဖြစ်သော်လည်း အနုမာန ခေါ် ဆင်ခြင်စဉ်းစား သိခြင်းသာများတယ်။ တကယ့် မသိကြဘူး။

**ဖြေ** ... ကြီးကြီး လူတိုင်းလူတိုင်း နိဗ္ဗာန်ကို အကြမ်းပဲ၊ အရမ်းပဲ တိုက်လို့ရရ၊ ခိုက်လို့ရရ တရစပ်မပြတ်အောင် အိမ်နား နီးချင်းနားငြီး၍ ခဲပေါက် ခံရလောက်အောင် နိဗ္ဗာန်ကို သွေးတောင်းနေကြသည်။ တောင်းဆိုနေကြသည်။ နိဗ္ဗာန်ကို ထိထိရောက်ရောက် မြင်အောင်ပြောနိုင်၊ ပြနိုင်၊ သိအောင် အားထုတ်နိုင်ဘို့ မလွယ်ဘူး။ ကျွန်တော်တို့ ပုထုဇဉ်ဘဝမှ နိဗ္ဗာန်ဆိုတာ တော်တော်ဝေးနေသောကြောင့် အဝေးမှ လှမ်းကြည့်လို့ ဝိုးတိုးဝါးတားလေးသာ မြင်ကြတယ်။ ရှင်းရှင်းလင်းလင်း မမြင်ကြဘူး။ ဒါကြောင့် ...

www.dhammaransi.com


မဂ္ဂဖလာန မာရမ္မဏဘူတော အသင်္ခတဓမ္မော (အသင်္ခတဓာတ် နိဗ္ဗာန် မြတ်သည် မဂ်အဆင့်၊ ဖိုလ်အဆင့်သို့၊ တစ်နည်း -မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်သာ အာရုံပြုနိုင်၊ သိနိုင်၊ မြင်နိုင်သောတရားပါတည်း။ ပုထုဇဉ်တို့ အတိအကျသိနိုင်မြင်နိုင်သောအရာမဟုတ်ဟု တထစ်ကျမှတ်လေ)

ထပ်ဆင့်ပြောလိုသည်မှာ နိဗ္ဗာန်သည် လူ နတ် ယောကျာ်း မိန်းမ စသည် ကဲ့သို့မရှိဘဲ ခေါ်နေသော ပညတ်တရားမဟုတ်။ တကယ်ရှိ အဟုတ်ရှိသော ပရမတ်တရားပါတည်း။

ပရမတ္ထတရား လေးပါးမှာ–

စိတ်. စေတသိက်. ရုပ်. နိဗ္ဗာန်။

အထဲမှာ တကယ်မရှိဘဲနဲ့ ခေါ်နေသောပညတ်။ တကယ်ရှိလို့ခေါ်နေတာ ပရမတ်။

**ပုံစံ** – လူဆိုတာမရှိဘဲနှင့် လူလို့ခေါ်ကြတယ်။ တကယ်ရှိတာက ရုပ်.နာမ် နှစ်ပါး ပါတည်း။

နတ်ဆိုတာ မရှိဘဲနှင့် နတ်လို့ခေါ်ကြတယ်။ တကယ်ရှိတာက ရုပ်.နာမ် နှစ်ပါးပါတည်း။

ယောကျာ်းဆိုတာမရှိဘဲနှင့် ယောကျာ်းလို့ ခေါ်ကြတယ်။ တကယ်ရှိတာ က ရုပ်.နာမ် နှစ်ပါးပါတည်း။

မိန်းမဆိုတာ မရှိဘဲနှင့် မိန်းမလို့ခေါ်ကြတယ်။ တကယ်ရှိတာက ရုပ်.နာမ် နှစ်ပါးပါတည်း။

အဲ့ဒါ ပညတ်လို့မှတ်။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ဟာ ရှိလည်းရှိတယ်။ ခေါ်လည်း ခေါ်တယ်။ နိဗ္ဗာန်သည် ပရမတ်ဖြစ်ကြောင်း မရှိတာမဟုတ်၊ အရှိတရားဟု မှတ်လေ။

**မေး** ။ ။ နိဗ္ဗာန်ကို ကြီးကြီး ပိုင်ပိုင်နိုင်နိုင် ထင်ထင်ရှားရှားသိအောင် သည်းခံ ပြီး ပြောပါဦးလားကွယ်။

**ဖြေ** ။ ။ ကြီးကြီး ဒီလို ။ ။ အလုပ်သဘောဖြင့် ကြီးကြီးသိအောင် ဥပမာဆောင် ပြောရဦးမယ်။ ကြီးကြီးနှင့် ကျွန်တော်တို့ဟာ ပုထုဇဉ်အဆင့်မှာဘဲ ရှိ

www.dhammaransi.com



သေးတယ်။ ပိုင်ပိုင်နိုင်နိုင်သိချင်တဲ့ နိဗ္ဗာန်နှင့်ဆိုလျှင် တောအုပ်ကြီး ရှစ်ခုကဲ့သို့ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် နှစ်ရပ်ပေါင်း ရှစ်ဆင့်တောင် ခြားနေသေးတယ်။

ကျွန်တော်တို့ ပဲခူးမြို့တွင် စူဠာသာလ. မဟာသာလ ခေါ် ပဲခူးချောင်းဖျား သစ်ကုန်သည်သား ကုန်သည်ညီနောင်တို့ အိန္ဒိယနိုင်ငံသို့ရောက်စဉ် မြတ်ဗုဒ္ဓ (၆)ဝါအရ အိန္ဒိယနိုင်ငံ ချယားတောဌ သီတင်းသုံးစဉ် မြန်မာနိုင်ငံသို့ ပြန်ခါနီး ချီးမြှောက်လိုက်သော ဆံတော်စစ်နှစ်ဆူ ကိန်းဝပ်စံပါယ်တော်မူသော **ရွှေမော်ဓော** စေတီတော်ကြီးကို–

(၁) မီးရထားကုန်းကျော်တံတားကြီးပေါ်မှကြည့်လျှင် ဝိုးတိုးဝါးတားလေး မြင်ရတယ်။

(၂) မြို့လယ်တံတားကြီးပေါ်မှကြည့်လျှင် တော်တော်နီးလာသည့်အတွက် တော်တော်ထင်ထင်ရှားရှားလေး မြင်ရတယ်။

(၃) ဘောလုံးကွင်းအနီး လွတ်လပ်ရေးကျောက်တိုင်ရှေ့မှ ကြည့်လျှင် အလွန်နီးကပ်လာပြီဖြစ်သည့်အတွက် ဒါ–ထီးတော်. ဒါ–ငှက်ပျောဖူး. ဒါ–ကြာမှောက်ကြာလှန်ဟု ပို၍နီးလာသည့်အတွက် တော်တော် ကွဲကွဲပြားပြား မြင်လာတယ်။

(၄) အရဟတ္တဖိုလ်ဉာဏ်ကိုရ၍ ရဟန္တာကြီးဖြစ်လာသော်လည်းကောင်း၊ ပစ္စေကဗောဓိဉာဏ်ကိုရ၍ ပစ္စေကဗုဒ္ဓါဖြစ်လာသော်လည်းကောင်း၊ သမ္မာသမ္ဗောဓိဉာဏ်ကိုရ၍ ဗုဒ္ဓမြတ်စွာဖြစ်လာသော်လည်းကောင်း၊ အနီးအစပ်ကပ်၍ မြင်ရပြီဖြစ်သောကြောင့် ဒါ–စိန်ဖူးပဲ. ဒါဟာ ... စိန်၏ အရည်အသွေး၊ ကျောက်၏အရည်အသွေး၊ ရတနာအမျိုးမျိုးတို့၏ အရည်အသွေးတွေကိုပါ အကြွင်းမဲ့အားလုံးကို မြင်ရတယ်။

မြင်မှာပေါ့ ကြီးကြီးရယ် ... တောအုပ်ကြီး ရှစ်ခုနှင့်တူသော မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ရှစ်ဆင့်မြှောက် ကျော်လာရောက်လာပြီဖြစ်၍ **အမတခေါ် အသင်္ခတခေါ်တဲ့** မြတ်သောနိဗ္ဗာန်ဆိုတာ ဒါပဲဟု ပိုင်ပိုင်နိုင်နိုင်သိနိုင်ပြီး **"တစ်နေ့ တစ်လံ ပုဂံဘယ်မှမပြေး"**ဟူသောစကားကဲ့သို့ နိဗ္ဗာန်ဆိုတာ နိစ္စဓုဝ ထာဝရ

www.dhammaransi.com



တည်ရှိနေသော အတိုင်းမဲ့ အနှိုင်းမဲ့ အမြင့်ဆုံး အမြတ်ဆုံး **မဟာသုခကြီး** ကို လက်ရပိုင်ပိုင်အားတင်းကာ အနိုင်ရရှိရေးကြိုးစားလျှင် ဒီဘဝမှာပင် ရနိုင်ပါသေးတယ်ကြီးကြီး။

**မေး ..** ဒါန,သီလ,သမထ,ဝိပဿနာ စသော ကုသိုလ်တရားတို့သည် နိဗ္ဗာန်ရောက်ကြောင်းချည်းဟုသာသိခဲ့တယ်။ ဟုတ်ပါသလား မောင်ကဲထူးရယ်။

**ဖြေ ...** ဟုတ်ပါတယ်ကြီးကြီး။ ကျွန်တော် ဥပမာဖြင့် ရှင်းပြပါရစေ။ အလွန်ဝေးသော နိုင်ငံခြားမှ ရန်ကုန် ရွှေတိဂုံသို့ ဖူးရန် လေယာဉ်ပျံဖြင့်လာတယ်။ လေယာဉ်ပျံမို့ မင်္ဂလာဒုံ၌ ဆင်းရတယ်။ မော်တော်ကားဖြင့် ဆက်သွားရတယ်။ ရွှေတိဂုံသို့ရောက်သည်။ လေယာဉ်ပျံသည် ဝေးသောအကြောင်း၊ မော်တော်ကားသည် နီးသောအကြောင်း၊ ဒါကြောင့် လူတိုင်းလူတိုင်း အထွေထွေကောင်းမှုတွေကို နိဗ္ဗာန်ရောက်ကြောင်းပင်ဖြစ်၍ အထူးကြိုးစားပြုသင့်တယ်။

**(ဒါန,သီလ,သမထ တို့သည် ဝေးသေးသောအကြောင်း၊ ဝိပဿနာသည် နီးသောအကြောင်း)**

ဒါကြောင့် စရဏကိုလည်း မလျှော့နှင့်၊ ဝိဇ္ဇာကိုလည်း မပေါ့နှင့်၊ စရဏသမ္ပန္နပုဂ္ဂိုလ်, ဝိဇ္ဇာသမ္ပန္နပုဂ္ဂိုလ်ဖြစ်ပါစေ ကြီးကြီး။

ဒါန,သီလ,သမထ တို့သည် နိဗ္ဗာန်၏ ဝေးသောအကြောင်း၊ ဝိပဿနာဉာဏ်သည် နီးသောအကြောင်း၊ အလွန်ဝေးသောခရီးမှ မင်္ဂလာဒုံသို့ရောက်အောင် ကျန်းမာချမ်းသာလန်းဖြာစွာဖြင့် အလွန်ခရီးရောက်အောင် ပို့၏။ လေယာဉ်ပျံနှင့်တူ၏။ ယင်းလေယာဉ်ပျံလမ်းသည် မင်္ဂလာဒုံမှာဆုံး၏။ ထို့ကြောင့် မင်္ဂလာဒုံမှ ရွှေတိဂုံသို့ရောက်အောင် ကားဖြင့် ဆက်သွားရသေးသည်။

**(ယမ္ဗိ ဈာနသုခံ မဂ္ဂသုခံ ဖလသုခံ အတ္ထိ .... တဿာပိ ဥပနိဿယ ပစ္စယော ဝ ဟောတိ)**

ကြီးကြီး အနန္တနယသမန္တပါသာဒိက ခေါ် ပဋ္ဌာန်းကျမ်းကြီးကို သင်ဘူးလျှင် အလွန်ပြောရလွယ်သည်။ မသင်ဘူးတော့ အန္ဓ ခေါ် မျက်စိမမြင်

www.dhammaransi.com



(အကန်း)ကို သူလိုရာရောက်အောင် ပြဘို့မလွယ်။ ကြီးကြီး သေချာစွာ မှတ်နော်။ ဒီကိစ္စ သဘောပေါက်ခဲတယ်။

**(ပဋ္ဌာန်းနားမလည် အကန်းနှင့်တူသည်)** တဲ့ကြီးကြီး။

ကျွန်တော် တော်တော်စောစောထဲက (မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်) ဟု ပြောထားတယ်။ ဖိုလ်ဉာဏ်သို့ရောက်လျှင် လှမ်းကြည့်က နိဗ္ဗာန်ကို မြင်ပြီ။ အခု မဂ်လာဒုံသို့ရောက်လျှင် ရွှေတိဂုံကိုမြင်နေပြီ။ အလွန်နီးနေပြီ။ ခြေလျင်လျှောက်သွားလဲ တအောင့်ပဲကြီးကြီး။ ရွှေတိဂုံသို့ရောက်သကဲ့သို့ နိဗ္ဗာန်သို့ရောက်သည်ဟု တစ်ထစ်ချမှတ်တော့ကြီးကြီး။ ထို့ကြောင့် ဤနေရာမှာ မြတ်ဗုဒ္ဓက ရကြောင်း.ရောက်ကြောင်း အကြောင်းနှစ်မျိုးရှိသည့်အတွက် **ဒူရေနိဒါန်း** (ဝေးသောအကြောင်း)၊ **သန္တိကေနိဒါန်း** (နီးသောအကြောင်း)ဟု မိန့်တော်မူသည်။ ဝေးသောအကြောင်းများလည်း ရောက်ကြောင်းပင်။ အနီးအစပ် ချဉ်းကပ်ရောက်ဘို့ရာ ဉာဏ်လမ်းကို ဆက်လုပ်ရသေးသည်။ အဲဒါ သန္တိကေနိဒါန်း(နီးသောအကြောင်း)ဟု ဆိုလိုသည်။ လှမ်းမြင်နေရပြီပဲ။ ခြေလျင်လျှောက်သွားလျှင်လည်းရသည်။ လွယ်သလို စက်ဘီး,ဆိုင်ကယ်,ဆိုက်ကားစီးသွားလျှင် မြန်မြန်ရောက်တယ်။ မစီးလျှင်လည်း ခြေလျင်သွား ရောက်သည်ပင်။ အဲဒီဥပမာအတိုင်း **သဒိသူပစာ** ဖြစ်၍ အဖန်ဖန် အတန်တန် နိဗ္ဗာန်ချမ်းသာအတွက် အများကြီး ပြောခဲ့ပြီ ကြီးကြီး။

**မေး** ။ ။ မင်းသိတာရှိသေးလျှင် ကြီးကြီးသိပါရစေဦးငါ့တူရယ်။

**ဖြေ** ။ ။ သူကိုင်လျှင်ဆေး၊ သူပေးလျှင်မန္တာန်၊ သူကြံလျှင်အောင်၊ သူဆောင်လျှင်ပြီး အဲဒီလို (**သိဋ္ဌနံ သိဒ္ဓိ**၊ **ဣဋ္ဌနံ ဣဒ္ဓိ**)ဆိုတဲ့အတိုင်း သိဒ္ဓိရှင် မဟိဒ္ဓိရှင် ဖန်ဆင်းရှင် တန်ခိုးရှင် အာဏာရှင် စွမ်းဆောင်ရှင် ဖြစ်ချင်လျှင်လည်း ဖြစ်နိုင်တယ်ကြီးကြီး။ အားထုတ်လိုက်စမ်းပါ။

**မေး** ။ ။ မောင်ကဲထူးရယ် မင်းက သိဒ္ဓိရှင်, မဟိဒ္ဓိရှင်, ဖန်ဆင်းရှင်, တန်ခိုးရှင်, အာဏာရှင်, စွမ်းဆောင်ရှင်ဖြစ်ချင်လျှင် ဖြစ်တယ်ဆိုလို့ အခုသတိရတယ်။ ကြီးကြီးတို့နိုင်ငံတွင် အောက်ပိုင်းမှာရော အထက်ပိုင်းမှာပါ အိမ်တိုင်းလိုလို

www.dhammaransi.com


ပထမံ ဘိုးဘိုးအောင်ပုံတော်ကြီးနှင့် ငှက်ပျော၊ အုန်း၊ အမွှေးတိုင်း၊ ဖယောင်းတိုင်၊ အချို့ ကွမ်းဆေး၊ လဘက်၊ ပန်းများပါ လှလှပပပြင်ဆင်လျက် အချို့တော့ ပုန်းလျှိုးဝှက်လျှိုး၊ အချို့တော့ ပေါ်ပေါ်လွင်လွင် အကူအညီရလိုလို့ အားကိုးတကြီးဖြင့် လုပ်ပေးပူဇော်ကြတယ်။ အဲဒီအပူဇော်ခံ ပထမံဘိုးဘိုးအောင် အကြောင်း ငါ့တူမသိဘူးလား။

ဖြေ ... သိတယ် ကြီးကြီး၊ ကြီးကြီးအခုပြောနေတဲ့ ပုဂ္ဂိုလ်ထူးကြီး ပထမံ ဘိုးဘိုးအောင်ဟာ ကျွန်တော်တို့ ပဲခူးတိုင်းနှင့် အိမ်နီးချင်းဆိုတာလို တိုင်းချင်းစပ်နေတဲ့ မကွေးတိုင်း တောင်တွင်းကြီးမြို့၊ ကြေးနီ ဘုန်းတော်ကြီးကျောင်းဆရာတော်၏တပည့် ဘုန်းကြီးကျောင်းသားလေး မောင်အောင်ပါကြီးကြီး။

မေး .. ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ .. ကြီးကြီး ကျွန်တော်တို့လူမျိုးတွေ ကိုယ့်မှာ ကိုယ်ပိုင်တရား ကိုယ်ပိုင်အလုပ်တွေရှိလျက်သားနှင့် ကယ်တင်ရှင်ကြီးဖြစ်အောင် မကြိုးစားပဲ ကယ်တင်ရှင်ကိုလိုက်ရှာတယ်။ ကယ်တင်ရှင်ကို ပေးကမ်းပြီးပေါင်းတယ်။ အောက်ကျနောက်ကျ အညံ့ခံပြီးတောင်းပန်တယ်။ ကိုယ့်ကိုကိုယ် သိမ်ငယ်ပြီး အရှုံးပေးရတာ၊ အညံ့ခံရတာ၊ အောက်ကျနောက်ကျနေရတာ ပျော်စရာလိုလို၊ ကိုယ့်ဘဝကို ကယ်တင်ရှင်ကြီးဖြစ်အောင် မကြိုးစားချင်ဘူး။

မေး .. ဆက်ပြောပါဦး မောင်ကဲထူးရယ်။

ဖြေ .. **အားမတန် ကံချ** ဆိုတဲ့အတိုင်း ဖြစ်အောင်မကြိုးစားဘူး။ မဖြစ်တော့ ကံမကောင်းဘူးဟု ကံကို တရားခံအဖြစ်လွှဲချတယ်။ ကျေးဇူးရှင် **မိုးကုတ်ဆရာတော်** ဘုရားကြီးက ယောဂီတွေကို မင်းတို့က အားမထုတ်ပဲနှင့် ပါရမီကို ထည့်ထည့်ပြောနေတယ်။ ပါရမီဆိုတာ သူ့ဟာသူဖြစ်လာတာ မဟုတ်ဘူး လုပ်ယူရတယ်။ အခုလုပ်နေတာလဲ ပါရမီတွေပဲ။ အတိတ်က လုပ်လာတာ အတိတ်ကပါရမီ၊ အခုလုပ်တာ အခုပါရမီပဲ။ တရစပ်ဆက်လုပ်ရတယ်။ လမ်းဆုံးမှာ ရွှေကြေးနန်းရှိတယ်။ လမ်းဆုံးလျှင် ရွှေတွေ့ရမှာပါ၊ လမ်းမဆုံးသေးလို့ ရွှေမတွေ့သေးတာ။ လမ်းဆုံးအောင်ကြိုးစားရမည်။

www.dhammaransi.com


**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ တောင်တွင်းကြီး ကြေးနီဘုန်းကြီးကျောင်းဆရာတော်က သူ့တပည့်ကျောင်းသားလေး **မောင်အောင်** ဟာ အကင်းပါးတယ်၊ ဖျတ်လတ်တယ်၊ တည်ငြိမ်သောဣန္ဒြေရှိတယ်၊ ပြောလျှင်သိတတ်သော လေးနက်သည့်အသိဉာဏ်ရှိတယ်၊ မြင့်မြတ်သည့်ပုံစံ အပြည့်ရှိတယ်ဟု အချိန်သတ်မှတ်ပြီး အားထုတ်ခိုင်းတော့သည်။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ကြီးကြီး ကျွန်တော်ရှေ့နားက ပြောခဲ့တဲ့ သမထကမ္မဋ္ဌာန်းလေးဆယ်ထဲက ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပဲ။ အဲဒီ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုတာ အရဟံအစရှိတဲ့ ဘုရားဂုဏ်တော်တွေ **ပုံဘုရားအဖြစ်မှ ဂုဏ်ဘုရားအဖြစ်သို့** ရောက်အောင် တစ်နည်း– **အရုပ်ဘုရားမှ အဟုတ်ဘုရား** ဖြစ်အောင် (နီဝရဏဓမ္မေ သမေတီတိ သမထော–ဆိုတဲ့အတိုင်း ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ စသော နီဝရဏခြောက်ပါးကို ဖယ်ရှားလွန်မြောက်လျက် ဂုဏ်တော်အတွင်းသို့ရောက်အောင် အသိစိတ်လေးကိုပို့ပြီး လိုရာပန်းတိုင်သို့ ခရီးရောက်ပြီးမြောက်အောင် တစ်အားတွန်းပြီး မှတ်ရတယ်။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်တွေ ထင်ထင် ရှားရှား၊ ကြီးကြီးမားမား၊ ဘွားဘွားကြီးပေါ်လာအောင် ရှုမှတ်ရတယ်။ ဆရာကျော်နှင့် တပည့်တော် (**အနှာနှင့်ဆေးကိုက်အောင်ပေး ပျောက်ရေးမခက်ပါ**)ဆိုတာ ဒါပဲထင်တယ် ကြီးကြီး။

**မေး** ။ ။ ဆက်ပြောပါဦး ငါ့တူရယ်။

**ဖြေ** ။ ။ အချိန်လည်းနှောင်း ရှုမှတ်မှုလည်းကောင်းလာသည့် တစ်နေ့သောအခါတွင် အပေါ်ကလာပြောတယ်၊ ခဏခဏလာပြောနေတယ်။ ပြောပုံမှာ ။ ။ (မောင်အောင် မင်းမှားနေတယ်)၊ မကြာမကြာ ။ ။ (မောင်အောင် မင်းမှားနေတယ်)၊ ခဏခဏပဲ။ နေ့စဉ်ဆရာက စစ်မေးတယ်။ တပည့်ကဖြေတယ်။ ရှုမှတ်မှုအရှိန်ကောင်းနေလျက် ယောဂီတစ်ယောက်၏ ထုံးစံအတိုင်း အတွေ့၊အငွေ့ မတိုးတက်ပဲ ဖြစ်နေပြီ။ ဆရာတော်က ထုတ်မေးပြီ၊ တပည့်က ထုတ်လျှောက်ပြီ။ သို့သော် ဆရာက သူ၏

www.dhammaransi.com


လမ်းညွှန်မှုတရားသည်မများဟု ချုပ်ကိုင်ထားသည်။ တစ်ပြားသားမှ မလျှော့နိုင်ဟု တင်းခံနေသည်။ ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌ **မာနော စတ္ထုသ ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု**–ဟု မိန့်တော်မူခဲ့သည်။ (**မာနတံခွန် မိုးယံတိမ်စွန်**)တဲ့ကြီးကြီး။ အထက်ပုဂ္ဂိုလ်ကလည်း မောင်အောင် မင်းများ နေတယ်ဟု တရစပ်ပြောနေသည်။ ကမ္မဋ္ဌာန်းနည်းပြဆရာကလည်း မများဘူးဟု **ကျားကျားမီးယပ်** ဆိုသကဲ့သို့ အနိုင်၊ အပြိုင်၊ ဖွတ်ပြော၊ ဖွတ်ငြင်း၊ အကြားထဲက ယောဂီဘုန်းကြီးကျောင်းသားလေး မောင်အောင် ပျော့ပျော့မျော့မျော့ပဲရှိတော့သည်။ ဆရာကလည်း ရှေ့သို့ရှေ့သို့ ဆက် မှတ်ဆက်မှတ်၊ ကလေးမှာလည်း ကြံရာလည်းခက် ခန္ဓာလည်းပျက် မတတ် ဖြစ်နေပြီ။

**မှတ်ချက်** ။ ကမ္မဋ္ဌာန်းပြဆရာတိုင်း အလွန်သတိထားဘို့ကောင်းသည်။ ဆရာ လည်းပန်း တပည့်လည်းနွမ်းဖြစ်နေပြီ။ ဒီတော့မှ အားမတန်မာန်လျှော့၊ အေးကွာ ငါ့တပည့် မင်းအထက်ကပြောသည့်အတိုင်း ကျွန်တော်များ နေလျှင် ပြင်ပေးပါဟု ပြောလိုက်တော့၊ သူ့ကိုတပည့်ခံလို့ ဖြစ်လျှင်လည်း အမြတ်၊ မဖြစ်လျှင်လည်း အရင်းပေါ့။ ဆရာကိုယ်တိုင်လည်း **တရားချစ်ခင် စိတ်ကောင်းဝင်** ပြီး အရှုံးပေးလိုက်လို့ နှလုံးအေးသွားပြီ။

**မေး** ။ ။ ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ။ ။ ကြီးကြီး သည်းခံနားထောင်ပါ၊ မိမိ၏တပည့် ဘုန်းကြီးကျောင်းသား လေး မောင်အောင် သေးသေးလေးကို **ပထမံဘိုးဘိုးအောင်ခေါ်** ကြီးကြီး့ကြီး ဖြစ်လာအောင် ယနေ့ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး ရွတ်နေတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးဖြင့် ရွတ်ဖတ် ဗုဒ္ဓါနုဿတိဂုဏ်တော် သမထကို အားထုတ်စေခဲ့သည်။ အဲဒီ သမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ ယနေ့ အထိ အမှန်တစ်မျိုးအမှားတစ်မျိုး နှစ်မျိုးဖြစ်နေတယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်ပြီးနောက် အိန္ဒိယနိုင်ငံ ပါဋလိပုတ်(ယနေ့ ပတ္တနားဟုခေါ်သည်)မြို့၌ တတိယသင်္ဂါယနာတင်အပြီး အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ သံဃာ တော်တစ်ထောင်၏ ဥသျှောင်မထေရ်ကြီးနှင့် တတိယသင်္ဂါယနာတင်

www.dhammaransi.com



သာသနာ့ဒါယကာ ဘုရင် အသောကမင်းတရားကြီးတို့၏ တတိယ သင်္ဂါယနာတင် ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် ကမ္ဘာ့မြေပုံကြီးကို (၉)တိုင်း(၉)ဌာနအဖြစ် ကိုးစိပ်.စိပ်ပြီး ခွဲတမ်းကျ **အရှင်သောဏ** နှင့် **အရှင်ဥတ္တရ** တို့ ခေါင်းဆောင်သည့် ပဥ္စဝဂ် ခေါ် ဈာနလာဘီ ရဟန္တာ သံဃာတော်ငါးပါးအဖွဲ့ မြန်မာနိုင်ငံ (ယခု မွန်ပြည်နယ်) သုဝဏ္ဏဘုံမြို့သထုံသို့ ကောင်းကင်မှ ဈာန်ဖြင့်ကြွလာတော်မူကြသည်။ ယင်း သမ္ဗုဒ္ဓေ ဂါထာတော်ကြီးမှာ မြန်မာနိုင်ငံတွင် ရှိနှင့်နေပြီ။ (**မသိသူကျော်သွား သိသူဖေါ်စား** သဘောဖြင့် ထွက်ရပ်ပေါက်တွေ တော်တော်ရှိနှင့်နေပြီ) ရှင်သောဏ၊ ရှင်ဥတ္တရ တို့ မြန်မာနိုင်ငံသို့ ရောက်လာသည့်အခါ ထွက်ရပ်ပေါက် လောကီတွေ လွှမ်းမိုး၍ လောကုတ္တရာမဂ်ရကြောင်း၊ ဖိုလ်ရကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ တဖြည်းဖြည်း မြေအောက်သို့ လျှိုးသကဲ့သို့ ပျောက်ကွယ်သွားတော့မည်။ ဤသို့ နောင်လာမည့်အရေး အနာဂတဘေးတို့ကို မျှော်တွေးပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီး၏ အရေးကြီး တစ်ပါဒကို ပြောင်းထည့်လိုက်သည်။ ဂါထာပါဒတော့ ပြည့်သည်။ မူလ သမ္ဗုဒ္ဓေဂါထာတော်ကြီး အစစ်တော့မဟုတ်တော့ပါ။ အလွန် အားပျော့အားလျော့သွားလေပြီ။ ဆေးမည်ဆယ်မျိုးရှိသော ဆေးတစ်ဖုံ ဖော်စပ်ရာတွင် ဆေးနည်းအမှန်က လက်ပံခါး၊ သူ၏ကိုယ်စား တောင်မရိုးကို ထည့်ပြီးဖော်လိုက်သကဲ့သို့ (လက်ပံခါးနှင့် တောင်မရိုးသည် အသွင်လည်းတူသည်၊ အစင်လည်းတူသည်၊ တစ်နည်း ကြည့်တော့လည်း တသားတည်း၊ ဝါးကြည့်တော့လည်း ခါးတယ်၊ သို့သော် လက်ပံခါး ခါးပုံက ရောဂါအတွက်သတ္တိရှိတယ်၊ တောင်မရိုးခါးပုံက ရောဂါအတွက် သတ္တိမရှိဘူး)။ ဤဥပမာကဲ့သို့ သမ္ဗုဒ္ဓေဂါထာတော်ကြီး အမှန်မှအမှား အဖြစ်သို့ ရောက်လျက် ထွက်ရပ်ပေါက်ဘို့ သတ္တိမရှိတော့ပြီ။

၁။ အမှန်သမ္ဗုဒ္ဓေသည် ကုသိုလ်ရသောသတ္တိ၊ ထွက်ရပ်ပေါက်သောသတ္တိ ရှိသည်။

၂။ အမှားသမ္ဗုဒ္ဓေသည် ကုသိုလ်ရတဲ့သတ္တိတော့ရှိတယ်၊ ထွက်ရပ်ပေါက်တဲ့သတ္တိမရှိတော့–ဟု ခွဲမှတ်တတ်ဘို့လိုတယ်။

www.dhammaransi.com


မောင်အောင် မင်းမှားနေပြီဟု အထက်က ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေက သွန်သင်လမ်းညွှန်မှုကိုနာယူပြီး အားထုတ်လိုက်သည့်အတွက် **ဆရာကောင်းတပည့်၊ တပည့်ကောင်းဆရာ** ဆိုသကဲ့သို့ နှစ်ဦးလုံး လုံလောက် ဂုဏ်မြောက်လျက် ဘုန်းကြီးကျောင်းသားကလေး မောင်အောင် မှ ထွက်ရပ်ပေါက် **ပဓာနိဿရိယ ဇောတိပါလ** အဖြစ်ဖြင့် ကမ္ဘာကျော်၊ ဗမာကျော်၊ ကယ်တင်ရှင်ကြီး ဖြစ်လာသည်။

**မှတ်ချက်** ။ ဤနည်းတွေကို ကမ္ဘာအရပ်ရပ်မှာပင် လိုလား လိုက်စားနေကြပြီဖြစ်ကြောင်း သတိပြု။

**မေး** ။ မောင်ကဲထူးရယ် မကွေးတိုင်း တောင်တွင်းကြီးမြို့ ကြေးနီဘုန်းကြီးကျောင်း ဆရာတော်က သူ့တပည့် ကျောင်းသားလေး မောင်အောင်အား သမထလေးဆယ်ထည်းက ဗုဒ္ဓါနုဿတိသမထကို မှတ်မှတ်ရရ အမြတ်တနိုးထားပြီး အားထုတ်ခိုင်းတာ ဘာကြောင့်လဲ။

**ဖြေ** ။ ကျွန်တော်တို့ မြတ်ဗုဒ္ဓ၏ ပိဋကတ်တော်တွင် ထေရာ ပါဒါန အဋ္ဌကထာကျမ်းဆိုတာ ထင်ထင်ရှားရှား အလွန်ပေါ်လွင်သည့် အဋ္ဌကထာကျမ်းကြီးပါ။ သို့သော် စာမေးပွဲအဆင့်ဆင့်တို့၌ ပါဝင် ပြဋ္ဌာန်းထားသော ကျမ်းမဟုတ်တော့ မသင်ကြဘူး။ ချပို့လေ့မရှိကြဘူး။ အဲဒီ အဋ္ဌကထာကျမ်း၌ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် ရဟန်းယောဂီ **သုဘူတိ** မထေရ်ကြီးက ... တပည့်တော် ဝုမပဗ္ဗဇိတ ခေါ် အရွယ်ကြီးမှ အရှင်ဘုရား၏ သာသနာတော်အတွင်းသို့ ရောက်ခွင့်ရသည့်အတွက် ပရိယတ်အားထုတ်ဘို့ မစွမ်းနိုင်တော့ပါ။ ပဋိပတ် အားထုတ်လိုပါသည်။ ပဋိပတ်ခေါ် ကမ္မဋ္ဌာန်းတစ်ခုကို ချီးမြှင့်တော်မူပါဟု လျှောက်ထားသည့်အခါ ...

**မှတ်ချက်**။ (ကမ္မဋ္ဌာန်းနှင့် ဘာဝနာ အတူဖြစ်ကြောင်းသတိပြု။) ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ပေးပုံမှာ ...

**ဘာဝေဟိ ဗုဒ္ဓါနုဿတိံ ၊ ဘာဝနာန မနုတ္တရံ။**

**ဣမံ သတိံ ဘာဝေတွာ၊ ပူရယိဿသိ မာနသံ။ ။**

(ချစ်သား - သုဘူတိမထေရ် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ

www.dhammaransi.com



နှစ်ပါးတို့တွင် သင်နှင့် အတော်ဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံး ဖြစ်သော ဗုဒ္ဓါနုဿတိခေါ်သော သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်လေတော့ ...။ အဲဒီ ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော သင့်အား သင်၏ လိုချင်ရာ စိတ်ထည်းမှာရှိသည့်အတိုင်း အကုန်လုံးပြီးမြောက် ပြည့်စုံပေလိမ့်မည်။) (မြန်မာပြန်)

ကြေးနီဘုန်းကြီးကျောင်း ဆရာတော်သည် ဤထေရာပါ ဒါနအဋ္ဌကထာ ကျမ်းကို သင်ဖူးပုံရသည်။ ဒါ့ကြောင့် သူ့တပည့်အား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်ခိုင်းသည်ဟု ကဲထူးထင်တယ် ကြီးကြီး။ ·

**မေး** .. မောင်ကဲထူးရယ် သူ၏မွေးရာပါ ငယ်မည် ဘုန်းကြီး ကျောင်းသားလေး မောင်အောင် မှ ထွက်ရပ်ပေါက် ကယ်တင်ရှင်ကြီးဖြစ်လာလို့ အရပ်က မောက်ကြွားအောင် မြှောက်စားပြီး **ဘိုးဘိုးအောင်** ဟု ခေါ်လာကြတယ်။ ထားပါတော့ ခေါ်ကြပါ ပထမံ ဟု (ပထမံ- ရှေးဦးစွာ) ဟု (အနက်ဆင့် တစ်ချက်မြင့်) ဘာဖြစ်လို့ ပရိသတ်က ကဲပြီး မဆီမဆိုင် ခေါ်လာရတာတုံးကွယ်။

**ဖြေ** ... ကြီးကြီး ဒါကတော့ (**ရွာသမုတ်, သစ်ငုတ်စုန်းဖြစ်**) ဆိုတာလို (**ယောကျ်ားဘာသား ရှာမှရှား**)

(၁) သူ၏ ဘဝများစွာ အတိတ်ကပါလာသော သူဆည်းပူးခဲ့သည့် ပါရမီ ကုသိုလ်ထူးတွေကြောင့် ရှေ့နောက် ဝဲယာ၊ ထက်အောက်ပါမကျန် သူ၏ ကောင်းမှု အခြံအရံတို့ကြောင့် သူ့အပေါ် ချစ်တာတွေ၊ သစ္စာတွေ၊ မေတ္တာတွေရောက်ပြီး အတော်ဆုံး၊ အမော်ဆုံးအဖြစ်ဖြင့် (**ပထမံ ဂုဏ်ထူး**)ဖြင့် ပရိသတ်က ချီးကျူးခေါ်လာကြတယ် ကြီးကြီး။

(၂) စေတနာတွေရော အဝေရာတွေရော ပိုလာကြတယ် ကြီးကြီး။

(၃) ဒါဟာ သူ့ရဲ့ဘဝ ကောင်းကျိုးအမျိုးမျိုးတွေပဲ ကြီးကြီး။

(၄) ကျွန်တော်တို့က မလိုတမာ အပိုနာစရာမဟုတ်ပါဘူး ကြီးကြီး။

(၅) အမှန်တော့ သူ့လုပ်ခ သူရတာပဲကြီးကြီး။ ကျွန်တော်တို့လုပ်လျှင် ကျွန်တော်တို့လည်း ရမှာပါကြီးကြီး။

www.dhammaransi.com

(၆) **ရွှေပေါ်မှာ စိန်ရောက်သလို** ထိန်တောက်ဝေဆာပြီး အချိန်တွေ ရောက်လို့ အရှိန်ဝေမောက်လာတာပဲ ကြီးကြီး။

(၇) ကံမှုန်းလျှင် ပုန်းမရ၊ ကံပေးလျှင် ငွေသည်ဟုမှတ် ကြီးကြီး။

(၈) အသစ် အထွေထွေမလို အချစ်တွေသာပိုပြီး **ပထမံ** ဟု လှစ်ဆို ဝိုင်းအုံ့ယုယ တစ်မမနှင့် ခေါ်လာကြတာပဲ ကြီးကြီး။

(၉) ဒါဟာ ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်း၏ အကျိုးဆက်တိုးတက်မှု တွေပဲကြီးကြီး။

**မေး ...** မောင်ကဲထူးရယ်။ ဒို့ မြတ်ဗုဒ္ဓဟောထားတဲ့ ကမ္မဋ္ဌာန်းဟာ တစ်နည်း ဘာဝနာဟာ (၁) သမထ (၂) ဝိပဿနာ ဟု သိထားတယ်။ မင်းက ကြီးကြီးမေးလို့ သမထ ဘာဝနာလေးဆယ်ရဲ့အကျိုးတွေ တန်ခိုးတွေ ကို မကွေးတိုင်း တောင်တွင်းကြီးမြို့ ကြေးနီ ဘုန်းတော်ကြီးကျောင်း ကျောင်းသားလေး မောင်အောင် မှ ဆရာတပည့် ကြိုးစားမှုကြောင့် ပထမံ ဘိုးဘိုးအောင် (ကယ်တင်ရှင်ကြီး) ဖြစ်လာပုံသိရတဲ့အတွက် **ဘောဂရိယ** စကားပုံစာအုပ်လေးကို ငယ်ငယ်က ဖတ်ဖူးတယ်။

(၁) ရေတွင်းထဲက ဖားသူငယ်သည် ရေတွင်းအကြောင်းကိုသာသိ၏။

(၂) မြစ်၏အကြောင်းကို ကောင်းစွာမသိနိုင်။

ဒီလိုဆိုတော့ ယခု မောင်ကဲထူး ကျေးဇူးကြောင့် မြစ်၏အကြောင်းကို ပါ တစ်စေ့တစ်စောင်း ဤကဲ့သို့သိရ၍ များစွာ ဝမ်းမြောက်ပါတယ်။ ငါ့တူရယ် မြတ်ဗုဒ္ဓဟောတာ သမထဘာဝနာကို ဝိပဿနာဘာဝနာ၏ ရှေ့က ဟောသွား တော်မူတယ်။ အလွန်ကို သဘာဝကျတယ်။ ဒါ့ကြောင့် မြတ်ဗုဒ္ဓကို ဉာဏ်တော် အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကျေးဇူးတော်အနန္တဟု ရှေးပညာ ရှိ သူတော်စင်အပေါင်း ဆုံးမခဲ့တာပဲကွယ်။ ထက်၊အောက် အနှံ့ တော်တော်ကြီး ပျံ့အောင် အားကိုးခံရတဲ့ ပထမံဘိုးဘိုးအောင်သည် ဗုဒ္ဓါနုဿတိ သမထ ကမ္မဋ္ဌာန်း နှင့် အကျိုးရောက် တန်ခိုးတောက်လာသည်။ ကြီးကြီး အင်္ဂရတ်သမားတွေ ပြဒါးတို့ ရေသယံသံ, ခြသံ စသည်ကို လုံထဲကိုထည့်ပြီး ကျောက်မီးသွေးဖြင့် မီးထည့်ထိုးတဲ့ လေဖိုကို ဖားဖိုလို့ ခေါ်တယ်။ ခု–ပထမံဘိုးဘိုးအောင်က ဖားဖို နှင့်မထိုးဘဲ သမထဖိုနှင့်ထိုးတယ်။ ဗုဒ္ဓါနုဿတိသမထဖိုနှင့်ထိုးလို့ ထွက်ရပ်

www.dhammaransi.com


ပေါက်တာပါ။ ဖားဖိုထက် သမထဖိုက ပို၍ထက်မြက်ကြောင်း ဖားဖိုဖြင့်ထိုးလို့ ရှေ့က ထွက်ရပ်ပေါက်သွားတဲ့ **ဘားလေးပါး** ဘားမဲ့ဆရာတော်၊ ဘားတမော့ ဆရာတော်၊ ဘားမြိုက် ဆရာတော်၊ ဘားစုဆရာတော်၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ စ,မဝိဇ္ဇာ စသော ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်း တို့ ဖားဖိုနှင့်ထိုးပြီး ထွက်ရပ်ပေါက်တွေဘဲ။ သမထဖိုနဲ့ထိုးပြီး ထွက်ရပ်ပေါက်က တန်ခိုးသိဒ္ဓိ စသည် ပိုတဲ့အတွက် **ပထမံ** ဘွဲ့ထူးဖြင့် ထွက်ရပ်ပေါက် **ပထမံ ဘိုးဘိုးအောင်** ဟု လုံလောက်ဂုဏ်မြောက် အစွမ်းထက်သော **ပထမံဘိုးဘိုးအောင်** ဖြစ်လာတယ် ကြီးကြီး။ မြတ်ဗုဒ္ဓရှင်တော်လက်ထက်က ဝုမ္မပဗ္ဗဇ္ဇိတ သုဘူတိ အမည်ရှိသော ရဟန်းကြီးအား အကောင်းဆုံး ကမ္မဋ္ဌာန်းတောင်းသည့်အခါ (ဘာဝေဟိ ဗုဒ္ဓါနုဿတိံ )စသော ဗုဒ္ဓဘာသိတ မြတ်ဗုဒ္ဓကိုယ်တိုင်ပေးသော ကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းဖြစ်ကြောင်း (ဣမံ သတိံ ဘာဝေန္တဿ၊ ပူရယိဿသိ မာနသံ) သင့်စိတ်ထည်းက ဖြစ်ချင်တာတွေ ရောက် ချင်တာတွေ ရချင်တာတွေ အားလုံးပြည့်စုံလိမ့်မည်။ မိန့်တော်မူခြင်းကိုလည်း သိရ၍ သမထလေးဆယ်ထည်းက ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်းအကျိုးကို သိရသဖြင့် ကြွင်းကျန်သော (၃၉)ပါးသော သမထကမ္မဋ္ဌာန်းတို့ကိုပါ တထေရာ တည်းမြင်ပြီး များစွာကြည်ညိုများစွာကုသိုလ်တွေ ဖြစ်ပါတယ်ကွယ်။

**ဖြေ** ။ ။ ကြီးကြီး ။ ။ ကြီးကြီး ဓမ္မဿဝနကုသိုလ်ခေါ် ကုသိုလ်တွေရသလို ကျွန်တော်ကလည်း ဓမ္မဒေသနာ ကုသိုလ်တွေရပါတယ်ကြီးကြီး။ ကျွန်တော်က ဓမ္မဒေသက၊ ဓမ္မဝဒန္တ ပုဂ္ဂိုလ်ဖြစ်တော့ ကြီးကြီးက ဓမ္မ ဒေသနီယ၊ ဓမ္မသုဏန္တ ပုဂ္ဂိုလ်ဖြစ်တာပေါ့။ ဓမ္မဒေသနီယ၊ ဓမ္မသုဏန္တ ပုဂ္ဂိုလ်ရှိလို့လည်း ကျွန်တော် ဓမ္မဒေသက၊ ဓမ္မဝဒန္တပုဂ္ဂိုလ်ဖြစ်ရတာပါ။ ကြီးကြီးနဲ့ ကျွန်တော်ကတော့ အချင်းချင်း ကျေးဇူးရှင်ကြီးပါပဲ။ အညမည ပစ္စယော ဟောတိ ပါပဲ ကြီးကြီးရယ်။

**မေး** ။ ။ မောင်ကဲထူးရယ် ခြသံအကြောင်း မင်းမသိဘူးလား။

**ဖြေ** ။ ။ သိတယ်။ ကြီးကြီးနားထောင်။ ခြသံဆိုတာ အချို့ တောဟောင်းကြီး တွေမှာ တောင်ပို့ဟောင်းကြီးတွေရှိတယ်။ အဲဒီတောင်ပို့ထဲက ကြာတော့ သယံဇာတမြေမှဖြစ်လာသော ခြတောင်ပို့ထဲက သံအရင့်စားကြီးလို အလွန်မာကျောတော့ ခြသံလို့ခေါ်ကြတယ်။ အဲဒီခြသံဟာ ရှိတော့ရှိတယ်၊

www.dhammaransi.com


ရှားတယ်ကြီးကြီး။ ဖားဖိုဖြင့်ထိုးနေတဲ့ အဂ္ဂိရတ်ဆရာတွေ သိပ် လိုက်လံ ရှာဖွေကြတယ်။ ဒီလိုရှာလို့မရဘူး။ မိုးကုန်ခါနီး သီတင်းကျွတ်လလောက်မှာ အဲ့ဒီ တောင်ပို့ကြီးထဲက ခြသံမှထွက်သော အရောင်တွေ

၁။ စို့ပေါက်တယ် ၂။ စက်တန်ပေါက်တယ် ၃။ သက်တန် ပေါက်တယ်။ ဒီလို လူတွေကခေါ်ကြတယ်။ မိုး/ ကောင်းကင်သို့ မော်ကြည့်လျှင် ညနေ ၃–နာရီ ၄–နာရီမှာ တခါတရံ ကောင်းကောင်းတွေ့နိုင်တယ်။ သန္တာန်က ကိုင်းကိုင်းကြီးဘဲ။ အရောင်ကတော့ (စိမ်း . . . ဝါ . . . နီ . . .) လူတိုင်းလို တွေ့ဘူးပါတယ်။ အဲဒါဟာ ခြတောင်ဘို့ထဲက ကျွန်တော်အခုပြောတဲ့ ခြသံရဲ့ အရောင်တန်ခိုးနိမိတ်တွေဘဲ။

ဒါကြောင့် ကျွန်တော်က ဖားဖိုကို မီးသွေးနဲ့ထိုးနေတဲ့ အဂ္ဂိရတ်ဆရာတွေကို ခြသံပြပေးလိုက်တာဘဲ။ ဘယ်တောထဲက ဘယ်တောင်ဘို့ထဲက ထွက်တယ်ဟု ရှာပြီး တူးယူရနိုင်တယ်ကြီးကြီး။ သယံဇာတ သု့သဘာဝ ဖြင့် ခြသံရဲ့ တန်ခိုးနိမိတ် အရိပ်အရောင်တွေဘဲကြီးကြီး။

**မေး** . . . မောင်ကဲထူးရယ်– ကျောင်းထိုင်ချင်လို့ ကျောင်းရှာတဲ့ ကိုယ်တော်တွေ ရချင်တဲ့ကျောင်းတစ်မျိုး၊ မရချင်တဲ့ ကျောင်းနှစ်မျိုးဟု ကြီးကြီးသိရတယ်။

**ဖြေ** . . . ဟုတ်တယ်ကြီးကြီး

၁။ ဂန္ထဓုရ ဝိပဿနာဓုရနှင့်နေတဲ့ဆရာတော် ပျံလွန်တော်မူသွားလျှင် အဲဒီဆရာတော်မှ ကျန်တဲ့ပစ္စည်းတွေ အားလုံးကိုရတယ်။ အကောင်းဆုံးဘဲ။

၂။ သာသနာ့ဘောင်မှာမပျော်လို့ လူဝတ်လဲသွားတဲ့ ဘုန်းကြီးကျောင်းကတော့ အကောင်းတွေ အသစ်တွေသာ ယူသွားတယ်။ အဟောင်းတွေနှင့် ရွှေ့ပြောင်းမရတာတွေ အကုန်ကျန်တယ်။ အဲဒါ နဲနဲကြိုက်တယ်။

၃။ အဂ္ဂိရတ်ထိုးတဲ့ ဘုန်းကြီးပျံလွန်တဲ့ကျောင်းကို မကြိုက်ကြဘူး။ သို့သော် **ညားတိုင်း မချစ်၊ ချစ်တိုင်း မညား** ဆိုရိုးစကားကဲ့သို့ မထိုင်ချင်ဘဲ ဒီကျောင်းကို ထိုင်လိုက်ရတဲ့ဘုန်းကြီးဘဲ။ အကြောင်းကတော့ အဂ္ဂိရတ် ဘုန်းကြီးဆိုတော့ (၁) စိန်နီ၊ (၂) ဆေးဒန်း၊ (၃) ကန့် (၄) ဇဝက်သာ၊ (၅) ဒုတ္တာ၊ (၆) ဟင်းရိုင်းနီ/ဖြူ၊ (၇) လက်ချား၊ (၈) ယမ်းစိမ်း၊

www.dhammaransi.com


(၉) နာ၊ (၁၀) ဂျုတ်၊ (၁၁) သံ၊ (၁၂) ဘင်၊ (၁၃) ပြဒါး၊ (၁၄) သွပ်၊ (၁၅) ဒါန်း(ကြေးနီ)၊ (၁၆) ဘော်၊ (၁၇) ငွေ၊ (၁၈) ရွှေ၊ ကျောင်းမှာရှိတဲ့ နဝကမ္မရော သက်န်းရောင်း၊ ထီးရောင်း၊ ဘိနပ်ရောင်း အဲ့ဒီဝယ်စရာတွေဝယ်ဘို့ ငွေရှာရတယ်ကြီးကြီး။ သက်န်းစုတ်တွေကလဲ လုံပတ်လို့ကုန်ပြီ။ အစုတ်ပါ မကျန်တော့ဘူး။

**မေး** ... ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ** ... အဂ္ဂိရတ်ထိုးတယ်ဆိုတာ အရင်းအနှီးမသေးဘူး။ သူတို့တတ်ထားတဲ့ ပညာက **(ပြဒါးသေတစ်ဆွေ၀၊ သံသေတစ်ပြည်၀)**၊ ဒီလောက်နားလည်လို့မရဘူး။ အယူအဆလဲသိပ်လိုတယ်။ ရှေ့က ထွက်ရပ်ပေါက်ဆရာကြီးတွေ အညွှန်အကြားကို ကောက်တတ်ဘို့မလွယ်ဘူး။ ချဲန်ပါတ်ပေးတဲ့ဆရာက ပြောတယ်။ အဲဒါ မုန့်ဟင်းခါးတွေလားတဲ့။ (မုန့်ဟင်းခါး) = ၅၆၂ ထိုးတယ်။ ပေါက်ပဲ့မလားကြီးကြီး။ အဲဒီ ချဲန်ပါတ်ပေးတဲ့ ဆရာနှင့်တပည့်တို့ဟာ အဂ္ဂိရတ်သမားနှင့် ခပ်ဆင်ဆင်ပဲ။

**မေး** .. မင်းအဂ္ဂိရတ်သမားအကြောင်း သိပါရစေလားကွယ်။

**ဖြေ** .. ဖားဖိုနဲ့ထိုးတဲ့ ရှေ့ဆရာကြီးများရဲ့ လုံလုပ်တာက စပြီးလိုတယ်။

**မေး** ... အဲဒီ လုံအကြောင်းပြောပါဦး၊ မောင်ကဲထူးရယ်။

**ဖြေ** ... ကြီးကြီး အောက်ပါလင်္ကာကိုကျက်ထား–

**လုံလုပ်နည်းလင်္ကာ** – ကုလားတစ်မတ်၊ ဘုန်းကြီး ငါးမူး၊ ဘုရားတစ်ဆူ၊ သဲမူနှစ်ဆ၊ ဆယ်ဆသမင်၊ ကျောက်လျှင်သုံးကျပ်၊ လုံ လုပ်စပ်၍ သုံးပတ်စပ်ပါ၊ အရိပ်မှာထား၊ ခြောက်ပြားနေပြ၊ မီးမှာချ၍ ထိုးကြလိုရာ၊ ဖိုဝိဇ္ဇာတို့ လင်္ကာပို့သည်၊ မှတ်ပါသိပ်သည်း လုံလုပ်နည်း။

**(မှတ်ချက်)** ကုလား (ကျွန်းသားမီးသွေး)
ဘုန်းကြီး (ငှက်ပျောသီးမွေး)
သမင် (မြေနီစေး)
ဘုရား (ကြွေပုဂံကွဲအမှုန့်) ကျန်ထင်ရှားပြီး။

**မေး** ... ကြီးကြီး မသိလို့ သိစရာလေးများရှိရင် ပြောပါဦးလားကွယ်။

**ဖြေ** ... ကြီးကြီးကျက်ထား။

www.dhammaransi.com


အင်္ဂါ–အင်္ဂါနှင့် မက်မိလို့နားယောင် လက်ရှိသမျှ အကုန်ပြောင်တယ် မယုံပေါင် (––)တဲ့ ကြီးကြီး။

မေး ‥ ကျက်ထားမယ်ကွယ်။ မင်းကဗျာလေးက ကောင်းတော့ကောင်းတယ် မဆုံးဘူး။

ဖြေ ‥‥ ကြီးကြီး အိမ်တိုင်းအိမ်တိုင်း မကောင်းသောအကျိုးကိုပေးတဲ့ နိမိတ် ထဲမှာ တောထဲမှာနေတဲ့ (ဖွတ်သတ္တဝါ) တောက်တဲ့နှင့်ဆင်တယ်။ အကောင် နဲနဲကြီးတယ်။ အဲဒီအကောင်အိမ်ပေါ်တတ်လာလျှင် ဖွတ်တက်တယ်လို့ ဆိုကြတယ်။ အရောင်ခပ်ကြားကြား အချို့ကဖွတ်ကြားလို့ ခေါ်ကြတယ်။ တစ်နေ့သောအခါ စီးပွားရေး၊ ကြီးပွားရေး အဖက်ဖက်လုံလောက် ဂုဏ် မြောက်လျက် ဘယ်သူကိုမှလူမထင်၊ မာနတွေဝင်ပြီး ဘာသာရေး၊ သာသနာရေးလဲ စိတ်မဝင်စား၊ ရပ်ရေးရွာရေးလဲ အဖော်မလုပ်၊ လေး ဘက်လေးတန် ဘုန်းဘုန်းကျမွဲတော၊ ပစ္စည်းဆို ကောက်စရာရှာမရအောင် နှိပ်စက်မလို့ဆိုပြီး အဲဒီအိမ်ကိုဦးတည်လျက် အောက်မှတက်လာသော ဖွတ်ကြားကြီးကို ဘယ်သွားမလို့လဲဟု လူတစ်ယောက်ကမေးတယ်တဲ့ ‥‥ ကြီးကြီး ပုံပြင်ဆိုတာ ပုံကိုပြင်ထားတာပဲ။ ကျွန်တော်လဲ ကြားဘူးတာ ပြောတာ။ ဟိုး ‥ မိသားစု နိမ့်တုံမြင့်တုံ လောကဓံတရား ၈–ပါး အဖုံဖုံ ကို သူတို့နားမလည်ဘူး။ အဲဒီမိသားစုကို မွဲအောင်လုပ်မလို့ ငါသွားမှာ။

မေး ‥‥ မောင်ကဲထူးရယ် ကြီးကြီးသိချင်လိုက်တာ။ ကြီးကြီးလဲ မွဲမှာ သိပ် ကြောက်တာ။ မွဲလျှင် ပြဿနာတွေ အများကြီး ပေါ်တတ်တယ်။

ဖြေ ‥ ဖွတ်ကြားကြီးက အဲဒီအိမ်ကို မွဲအောင်သွားလုပ်မလို့ ပြောတော့ လမ်းမှာတွေ့တဲ့လူကြီးက ဖွတ်ကြားကြီး အဲဒီအိမ်ကို ခင်ဗျား မသွားနှင့် တော့။ ခင်ဗျားမွဲအောင် သွားမလုပ်နှင့်တော့။ မွဲအောင်လုပ်တဲ့ အင်္ဂါရတ် သမားကြီး အဲဒီအိမ်က အခုဘဲ ဆင်းသွားတယ်။

မေး ‥‥ ငါ့တူ ဆက်ပြောပါဦးကွယ်။

ဖြေ ‥‥ အင်္ဂါရတ်ကျောင်းထိုင်ဘုန်းကြီးထက် ဖွတ်ကြားကြီး တက်တာက ပိုဆိုးတယ်။ ဖွတ်ကြားကြီးတက်လို့ဆိုးတာထက် အင်္ဂါရတ်သမားကြီး တက်တာက ပိုဆိုးတယ်။

www.dhammaransi.com


**ဆိုလိုရင်းမှာ** – လုပ်နည်းတွေကမှန်တယ်။ လုပ်တတ်ဘို့မလွယ်ဘူး ကြီးကြီး။ ဖားဖိုနှင့်ထိုးတာထက် သမထဖိုလ်ဖြင့် ထိုးတာက ပိုသေချာတယ်။ ဒါကြောင့် ဘိုးဘိုးအောင် တဘောင်က **ဘိုးဘိုးအောင် ပထမံအတတ်နှင့် ထွက်ရပ်လမ်း ပေါက်ခဲ့ပါပြီ** တဲ့။ သမထကမ္မဋ္ဌာန်းလေးဆယ်ထဲမှာ အနုဿတိ (၁၀)ပါးဆိုတာပါတယ်။ အဲဒီအနုဿတိ(၁၀)ပါးထဲမှာ ဗုဒ္ဓါနုဿတိသမထ ကမ္မဋ္ဌာန်းဟာ အစဆုံး ပထမကမ္မဋ္ဌာန်းဘဲ။ ဒါကြောင့် ဗုဒ္ဓါ နုဿတိ ကမ္မဋ္ဌာန်းအတတ်ကို **ပထမ** တပ်ပြီး ခေါ်တယ်။ ကဗျာဖြစ်၍ **မှသားမပါ လင်္ကာမချော** လင်္ကာချောအောင် ဂရုသံဖြင့် **ပထမံ** ဟုဆိုသည်။ ယခုအိမ်တိုင်းလိုလို ဘိုးဘိုးအောင်ပွဲရှိနေတယ်။ သူဟာ ဓမ္မကျိုးမပေးနိုင်သော်လဲ လောကအကျိုးကိုတော့ ပေးနိုင်တယ်ကြီးကြီး။ ဓမ္မကျိုးဆိုတာ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်တရားပဲ။

**မေး** ‥ ကြီးကြီးကျန်းမာရေးအတွက် အသက်ရှည်ရေး ဓါတ်လုံးဆောင်ထားချင်တယ်။ သင့်/မသင့် ...

**ဖြေ** ... ဒါဖြင့် သတ္တကခ္ဓတ္တုံ– ဓါတ်လုံးဆောင်ထား။ (၇)မျိုးထဲ (စိန်, ဆေး, ကန့်, ဝက်, ဒုတ်, ဟင်း, လက်) (၁) စိန်နီမြင်းဆေး၊ (၂) ဆေးဒါန်း၊ (၃) ကန့်၊ (၄) ဇဝက်သာ၊ (၅) ဒုတ္တာ၊ (၆) ဟင်းရိုင်း၊ (၇) လက်ချား ဆတူ၊ သေးသေးလိုလျှင် နဲနဲစီ၊ ကြီးကြီးလိုလျှင် များများစီ၊ လုံးဖြင့်ထိုး၊ ကျန်းမာရေးဓါတ်လုံးအဖြစ် ဆောင်ထားနိုင်တယ်ကြီးကြီး။

**မေး** ... ကြီးပွားရေး၊ စီးပွားရေးအတွက်လဲ ဓါတ်လုံးဆောင် ထားချင်တယ်သားရယ်။

**ဖြေ** ‥ ဒီမှာ **ရထားမတိုက် ကျားမကိုက် ဆင်မလှဲ ကျွဲမခတ်** စသည့် လုံလောက် အလွန်ဂုဏ်မြောက်သည့် ပဲခူးတောရ ဘုန်းတော်ကြီး **ဦးသီလ** ကြခတ်ပိုင်းတည် တောထွက် မော်လမြိုင်ဘက်ကမ်း ဘီလူးကျွန်း ရွာလွတ်ရွာ၊ ကမာမိုရွာတို့ကို တစ်လှည့်စီ အမှီပြု ဆွမ်းခံ ကေစာရီ မျှတရှင်ပြုးနေရာတစ်ခုမှာ သီတင်းသုံးရာ၌ ကျိုက်ဒိုးတောင်အနီးမို့ ကျိုက်ဒိုးတောရကျောင်းဟု အရပ်က မှည့်ခေါ်ကြတယ်။ ဤသို့ ကေစာရီဘဝမှ ဝေယျာဝစ္စပြုချင်လို့ လျောက်ပြီးလာနေတယ်။ ဘွဲ့အမည် **ဦးတေဇဝန္တ**။ သူ၏

www.dhammaransi.com


ဇာတိမှာ ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကျားခေါင်းရွာသားဖြစ်သည်။ ဘုန်းတော်ကြီး **ဦးသီလ** သည် နေရာဌာန အမြစ်တွယ်မခံ၊ သံယောဇဉ်မထား၊ အရပ်တပါးသို့ သွားတော့မည်ကြံတော့ အပြုအစု **ဦးဇောတိကပ္ပ** အား ငါသွားတော့မည်။ မင်းဒီမှာစောင့်ရှောက်။ ရှိနေတဲ့အဆောက်အဦးများ သဒ္ဓါတရားကိုင်ပြီး စောင့်ရှောက်။ မင်းမှာဓါတ်လုံး ရှိသားပဲ။ မင်းဘာမှမပူနဲ့။ အေး မင်း ဓါတ်လုံးဆောင်ထား။ ငါသွားတော့မည်။ ဤစကားအဆုံးတွင် သက်နိုးသပ္ပါယ် သပိတ်ကိုလွယ်ပြီး ကြွသွားတော်မူသည်။

ကြားရသော ဒကာ/ဒကာမများက ပဲခူးတောရဘုန်းတော်ကြီးက ဓါတ်လုံးပေးပြီး ကြွသွားပြီဟုကြားပြီး ဓါတ်လုံးကို သိလိုကြသည်။ ဝိုင်းဝန်းမေးကြသည်။ အမှန်တော့ ဘုန်းတော်ကြီး **ဦးသီလ** အမိန့်ရှိသော ဓါတ်လုံးသည် သံလုံးပါတည်း။ သံသပိတ်ဖြစ်၍ သပိတ်ကို သံလုံးဓါတ်လုံးအနေဖြင့် ဆွမ်းခံစားဘို့ မိန့်တော်မူလိုရင်းဖြစ်သည်။ သို့သော် ရေသယံသံ, သံလုံးလဲမဟုတ်။ ခြသံ, သံလုံးလည်း မဟုတ်။ နောက်ဆုံး သပိတ်ကို ပြောခြင်းဖြစ်သည်။ အားလုံး ဝမ်းမြောက်ကြသည်။ ပဲခူး သနပ်ပင်မြို့နယ် ကျားခေါင်းသား တပည့် **ဦးဇောတိကပ္ပ** မှာလဲ သပိတ်ခေါ် သူ့ဓါတ်လုံးဖြင့် **ဆရာကောင်းတပည့်** ပီပီ ဘီလူးကျွန်းဘက်ကမ်းမှ ကျားခေါင်းသို့မပြောနဲ့ မော်လမြိုင်ဘက် ကမ်းကိုတောင် တစ်ခါမျှမကူးဘဲ ဆရာသမားစကား နားဝယ်ထားလျက် သက်ဆုံးတိုင် ယင်း ကျိုက်ဒိုးတောရကျောင်း၌ သီတင်းသုံးတော်မူသွားသည်။ ဘုန်းကြီး **ဦးဇောတိကပ္ပ** မှ ဘုန်းကြီး **ဦးကောသလ္လ**၊ ဘုန်းကြီး **ဦးကောသလ္လ** မှတစ်ဆင့် ယခုဆရာတော်ကြီးများ ဆက်လက် စောင့်ရှောက်သာသနာပြုနေကြသည်။ ယနေ့အထိ ယင်းဘီလူးကျွန်း ကျိုက်ဒိုးတောရကျောင်းမှာ ကျောင်းတိုက်ကြီးလဲ ကြီးပွားတိုးတက်တည်ရှိ။ သက်တော်ကြီး၊ ဝါတော်ကြီး ဆရာစဉ်ဆက် တပည့်စဉ်ဆက်၊ ပရိယတ် ပဋိပတ်နှစ်ရပ် စွယ်စုံလောက်လုံထင်ရှားသော စာသင်တိုက်ကြီးတစ်ခုအဖြစ် ဖူးမြင်နေရသည်။ ကြီးကြီးလိုချင်တိုင်း စီးပွားရေး၊ ကြီးပွားရေး ဆိုတာကတော့ (**ရှိုးသား, ကြိုးစား,**

www.dhammaransi.com


**တိုးပွား)**ပေါ့ ကြီးကြီးရယ်။

မေး ။ ကြီးကြီး ခပ်ငယ်ငယ်က ကြားဖူးတယ် တဘောင်သီချင်းပါပဲ။ ဘိုးဘိုးအောင်သီချင်းတဲ့။ ကြီးကြီး မှတ်မိတာကတော့ အဲဒီ ဘိုးဘိုးအောင် တဘောင်သီချင်းကို ဆရာကြီး ရွှေတိုင်ညွန့်ကရေး၍ အဆိုကျော် ခင်မောင်ရင်က ဆိုခဲ့တယ်။ နှောင်းတစ်ခေတ်မှာ အဲဒီသီချင်းကို အဆိုကျော် မောင်မောင်ကြီးက ဆိုပြန်တယ်။ လူကြိုက်များတယ်။ အဲဒီသီချင်း ငါ့တူ မရဘူးလား။

ဖြေ ။ ကျွန်တော်ဘယ်ရမလဲ ကြီးကြီးရယ်။ အဲဒီရေးတဲ့ ဆရာရွှေတိုင်ညွန့်ရော ရေးခေတ်ဆို ခင်မောင်ရင်ရော နှောင်းခေတ်ဆို မောင်မောင်ကြီးရော မရှိကြတော့ဘူး ကြီးကြီး။

မေး ။ မင်း နည်းနည်းလေးမှ မရဘူးလား။

ဖြေ ။ ကျွန်တော် တစ်ပိုင်းတစ်စလေးတော့ ဟိုနားတစ်စ ဒီနားတစ်စ ရသလိုလိုလေးရှိတယ် ကြီးကြီး။

မေး ။ မင်းရတာလေး ကြီးကြီးသိပါရစေ။ သမထလေးဆယ် မှ ဗုဒ္ဓါနုဿတိ သမထ၏အကျိုးကို အ,အ(စကားမပြောတတ်)က ဒံပေါက်ထမင်း စားရသလို ကြီးကြီးကောင်းမှန်းတော့သိတယ်။ မပြောတတ်ပဲ ဖြစ်နေတယ်။

ဖြေ ။ ကျွန်တော် သေသေချာချာရထားတာ မဟုတ်တော့ မပြောပါရ စေနဲ့ ကြီးကြီးရယ်။ ကျွန်တော် အရှုံးဖြစ်နေပါဦးမယ်။

မေး ။ ငါ့တူ အရှုံးမဖြစ်ပါဘူး။ ကြီးကြီးအလွန်သိချင်လို့ ငါ့တူကို မေးတာပဲ။ ငါ့တူ မှတ်မိတာလေး ဆိုပြစမ်းပါ။

ဖြေ ။ (၁) **ဒို့ဗမာ တေဇာဂုဏ်ရည် ကျုပ်တို့လူမျိုး တန်ခိုးရှိသည် × ဘုန်းကံရှင်များ× ထင်ရှားခဲ့သည် × ပထမံ အတတ်နဲ့ × ထွက်ရပ်လမ်း × ပေါက်ခဲ့ပါပြီ။**

မေး ။ ဟာ ငါ့တူရယ် မင်း မတတ်ဘူး မတတ်ဘူးနဲ့။ အမှန်ချည်း ပြောနေတယ်တောင် ထင်တယ်။ ဆက်ဆိုပါဦး မောင်ကဲထူးရယ်။

ဖြေ ။ (၂) **(ကျွန်တော် ကြားဘူးသလို × ပြောဆိုပါမည်× ကျောင်းသား**

www.dhammaransi.com


အရှယ် × ငယ်သူငယ်ချင်း သုံးယောက်ရှိလေသည် × စုံစုံညီညီ × ကတိသစ္စာထားကြပုံက × အရွယ်ရောက်တဲ့ × ချိန်ခါမီ × တစ်ယောက်ကောင်းစားရင် × တစ်ယောက်ကို မ,မည်)၂

မေး ။ ဟာ သိပ်ကောင်းတာပဲ။ ဆက်ဆိုပါဦးကွယ်။

ဖြေ ။ (၃) တောရပ်ခိုမှီ × တစ်ဦးကတော့ ရဟန်းဘဝနဲ့ နေတော်မူသည် × အလယ်လူ × ထင်လင်းစွာ × မင်းဖြစ်တော့သည် × ကျန်တစ်ယောက်မှာ ထူးစွာပေါ်လာသည် × ပြဒါးနဲ့ရေသယံ × သံကိုမထိုးဘဲ ပထမံတန်ခိုးကြောင့် × ဘိုးဘိုးအောင် တဘောင်နဲ့ ပေါ်လာသည်။

မေး ။ မောင်ကဲထူးရယ်။ ဆရာကြီး ရွှေတိုင်ညွှန့်ကလည်း အရေးကောင်းအဆိုကျော် ခင်မောင်ရင်နှင့် မောင်မောင်ကြီးတို့ကလည်း အဆိုကောင်း ဆက်ဆိုပါဦး။

ဖြေ ။ ကြီးကြီး သီချင်းစာသားကတော့ အလွန်ကိုကောင်းတယ်။ ကျွန်တော်နာစေးနေတယ် ကြီးကြီး။ (ခြသေ့်မင်းကြီးကို ယုန်သူငယ်လေး ဖြေသောစကားပုံ)

မေး ။ မောင်ကဲထူးရယ်။ ဒို့မြတ်ဗုဒ္ဓရဲ့ သမထလေးဆယ်တည်းက မင်းပြောတဲ့ တစ်မျိုးတည်း ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်းတန်ခိုးတော်ကိုသိရ၍ ကြီးကြီးဟာ ဒီနေ့မှ လူဖြစ်တယ်ကွယ်။ နဲနဲ ဆိုပြပါဦးလား မောင်ကဲထူးရယ်။

ဖြေ ။ ကြီးကြီး ကျွန်တော်မဆိုချင်တော့ဘူး။ ကျွန်တော် မျက်ခုံးတွေလည်း လှုပ်တယ်။ အန္တရာယ်ရှိမယ်ထင်တယ်။

မေး ။ ငါ့တူရယ် ဗုဒ္ဓမြတ်စွာ၏ ဘာဝနာနှစ်ပါးတွင် ဗုဒ္ဓါနုဿတိ သမထဘာဝနာ၏ အကျိုးအာနိသင်ကြောင့် ဘုန်းကြီးကျောင်းသားလေး မောင်အောင်မှ ငါတို့မြန်မာနိုင်ငံအတွက် သူရဲကောင်းကြီး ပထမံဘိုးဘိုးအောင် ဖြစ်လာတာ။ မင်းကထိုက်သလောက်ရလျက်သားနဲ့ ကြီးကြီးကို မဆိုပြရဲဘူးဆိုတာ ကြီးကြီးများစွာ စိတ်မကောင်းဘူး။ သမိုင်းကြောင်းကလည်း ယခု သမိုင်းကြောင်းမဟုတ်ဘူး။ ဒို့မြန်မာနိုင်ငံအထက်

www.dhammaransi.com



ပိုင်း မန္တလေးမြို့ ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီးဟာ (၁၂၄၀)ခုနှစ်က နတ်ရွာစံကံတော်ကုန်သွားပြီ။ နှစ်ပေါင်းတစ်ရာ တော်တော် ကျော်နေပြီ။ အဲဒီ မင်းတုန်းမင်းတရားကြီး၏ ဖခင်က သာယာဝတီမင်း၊ သာယာဝတီမင်း၏ ဖခင်က (ငယ်နာမည် မောင်ဝိုင်း၊ ကြီးနာမည် ဗဒုံမင်း) မင်းတုန်းမင်းကြီး၏ အရှိန်အဝါကြောင့် ဘိုးတော်မင်းတရားဟု ခေါ်လာ ကြသည်။ ယင်းဘိုးတော်မင်းတရားကြီး၏ သား သာယာဝတီမင်း၊ သာယာဝတီမင်း၏သား မင်းတုန်းမင်း၊ ဆိုလိုရင်း မင်းတုန်းမင်း၏ဖခင် သာယာဝတီမင်း၊ သာယာဝတီမင်း၏ဖခင် ဦးဝိုင်း (ခ)ဗဒုံမင်း (ခ)ဘိုးတော် မင်းတရားလက်ထက်က အကြောင်းအရာဖြစ်တော့ မင်းကြောက်တာကလဲ လွန်တယ်။ မင်း ဒီလောက်ကြောက်နေလျှင်မဆိုပြနဲ့။ ကြီးကြီးသိအောင် စာဖြင့်ရေးပြပါလား ငါ့တူရယ်။

ဖြေ ... (၄) ရေးပြမယ် ကြီးကြီး။ သေချာဖတ်နော်။ ရထားပေါ်မှာ သူများ မကြားစေနဲ့။ ရေးပြမယ်။

**တစ်နေ့သောအခါမှာ × အာဏာပြင်းတဲ့ × ရာဇာမင်းက × သူ ငယ်ချင်းများနဲ့ × ထားတဲ့သစ္စာမတည် × ဘိုးဘိုးအောင် ပညာ အတတ်နဲ့ × နန်းရပ်ထီးဖြူ × လုယူမယ်ထင်သည် × အမိန့်တော် မသွေမှတ်လို့ × အသေသတ်မည် × အထူးဘဲကြံစည် × ကတိကို မတည် × အကြံရိုင်းတဲ့ × ဘိုးတော်ဦးဝိုင်းသည် × မဆိုင်းခဏပင် ကြံစည် × မိုလ်မှူးတွေကို × သူစေခိုင်းလို့ × သွေမစောင်း × လှေလောင်းနဲ့ညီ × လက်ပြန်ကြိုး အမျိုးမျိုးချည် × ဖမ်းခဲ့ပြန်သည် × အရမ်းမဲ့ကြံစည်၊ ဂုဏ်မောက်တဲ့ × ထိုမင်းကို ထင်လင်းစေရအောင် × အကြောင်းကို ပြဦးမည် × တော်မှထင်တယ် ကြီးကြီး။**

မေး .. ငါ့တူရယ် ဆက်ရေးပြပါဦး။

ဖြေ .. (၅) ကြီးကြီး ဆက်ဖတ် ...

**ပထမံဂုဏ်ရောင် × ဘိုးဘိုးအောင်က × သူ့တိုင်းပြည်ဘောင်သို့ × ဌာနီဆိုက်အောင် × လိုက်ခါလာပြန်သည်အတည် × မင်းလိုဘုရင်**

www.dhammaransi.com


ကေရာဇ်က × အပြစ်ရှာသည် သစ္စာမတည် × ပထမံအတတ်ဟာ × သတ်လို့မသေပါသည် ×× ။ တော်ပြီ ကြီးကြီး။

မေး ‥ ဆက်ရေးပါဦး မောင်ကဲထူးရယ်။

ဖြေ ‥‥ (၆) ချော် ကြီးကြီးကလဲ၊ ကဲ ဆက်ဖတ် ‥‥

သတ်ရန်ကိုမဆိုထားနဲ့တော့ × ထင်ရှားအောင်မြင်ရမည် × ငါရေးပြပါတဲ့ × ဝ လုံးကိုသာအတည် × မင်းပျက်အောင်ဖျက်နိုင်ရင် × ငါ့ကိုနိုင်လိမ့်မည်။ × ပထမံဂုဏ်ရောင် ဘိုးဘိုးအောင်က × ဤကဲ့သို့လျင်စွာ × ပညာကိုပြသည်။ × ထီးဘုရင်မဟာသည် × သူကိုယ်တိုင် ထင်လင်းစွာ × အတင်းဖျက်လိုက်ခါမှ × အစက ဝ တစ်လုံးဟာ × နှစ်လုံးဖြစ်လာသည်။ နှစ်လုံးဖြစ်ပြန်တော့ × လေးလုံးပေါ်ခဲ့ပြီ။ နှစ်ဆတိုးတာဟာလေ × ကျွန်တော်တို့ ဗမာ့တန်ခိုးပါဗျ × အလွန်ထူးဆန်းတဲ့ ဉာဏ်စွမ်းရည် × ဘိုးဘိုးအောင်ပါရမီ × ဗုဒ္ဓဘာသာမြန်မာဟူသမျှ × ရန်ဘယာမြူမစ × စိတ်သာချအတည် × ဝိဇ္ဇာမ,မည် × စီးပွားချမ်းသာ ကျန်းမာခါရွှင်ကြည် × ထင်တိုင်းပေါက်မည်။ × ဝမ်းမြောက်ကြစေဘို့ ရိုန်ခါအမီ × ဘိုးဘိုးအောင်သည် × မကြာခဏနဲ့ × မ,လိမ့်မည် ယုံကြည် ×××

မှတ်ချက် ။ ဟသ်ာတေးသံသွင်းမှ ဂီတလုလင်မောင်ကိုကို တေးဂီတအဖွဲ့မှတ်တမ်းစာအုပ်မှ ရသည်။

မေး ‥ မောင်ကဲထူးရယ် ကြီးကြီးက (**မော်လမြိုင်အစား ရန်ကုန်အကြွား၊ မန္တလေးစကား**) မန္တလေးသူဖြစ်သော်လည်း ဒါတွေ ဘာမှမကြားဘူးပါ။ ကြီးကြီးဟာ လူ့ဘဝရထားသော်လည်း မိမိတို့နိုင်ငံ မြန်မာ့သမိုင်းကို မသိသည့်အတွက် လူ့အညံ့စားဘဝသို့ ရောက်နေတယ်။ အဲဒီ ကျောင်းသားအရွယ် ငယ်သူငယ်ချင်းသုံးယောက် စိတ်တူကိုယ်တူ ကတိသစ္စာထားခဲ့ကြသည့်အတိုင်း သူတို့အကြောင်းလေး လိုရင်းတိုရှင်းလေးပေါ့၊ နည်းနည်း သိပါရစေ။

ဖြေ ‥ ကြီးကြီး သေသေချာချာမှတ် ပထမတစ်ဦးကတော့ သူဟာ **နဝင်**

www.dhammaransi.com


ဥပုသ်သီလကို ထူးချွန်ပြောင်မြောက် သန့်ရှင်းစွာ စောင့်ထိန်းတဲ့ အကျိုးပဲ စက္ကရတနာကိုရ၍ စကြာမင်းအဖြစ်သို့ ရောက်ပြီး ...

**ရတိ (၃)ပါးဆိုတာ**

(၁) **ကာမရတိ** – အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် မွေ့ပျော်နေတာ။

(၂) **ယုဒ္ဓရတိ** ဆိုတာ – တစ်ယောက်နှင့်တစ်ယောက် သတ်ဖြတ်ရိုက်ပုတ် ညှင်းဆဲ အနိုင်ယူမှု၌ မွေ့ပျော်နေတာ။

(၃) **ဓမ္မရတိ** ဆိုတာ – ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာတရားတို့ဖြင့် မွေ့ပျော်နေတာ။

**အဲဒီသုံးမျိုးတွင်**

(၁) **ပထမလူ** – ဓမ္မရတိအဖြစ်ကိုခံယူလျက် စကြာမင်းဘဝမှ ယောဂီ အဖြစ် ရဟန်းဘဝသို့ ကူးပြောင်းသွားတယ်။

(၂) **အလယ်လူ** – ငယ်မည် မောင်ဝိုင်း အမည်ရင်း ဗဒုံ၊ နောင် ဘိုးတော်မင်းတရား မြန်မာ့ထိပ်ခေါင်တင် ဘုရင်ဘိုးတော်ဦးဝိုင်း ဖြစ်လာသည်။

(၃) **နောက်ဆုံးလူ** – ကြီးကြီး သိထားတဲ့ ထက်အောက်မကျန် တန်ခိုး တွေလျှံနေသည့် ပထမံဘိုးဘိုးအောင်ဖြစ်လာတယ် ကြီးကြီး။

**မေး ..** နည်းနည်း ဆက်ပြောပါဦး မောင်ကဲထူးရယ်။

**ဖြေ ..** အခု မင်းတုန်းမင်းတရားကြီး နတ်ရွာစံတာပဲ။ (၁၂၇) နှစ် ရှိပြီ။ အဲဒီ မင်းတရားကြီး၏ အဘိုး ဘိုးတော်မင်းတရားကြီးခေါ် ဘိုးတော် ဦးဝိုင်း လက်ထက်ကဆိုတော့ အလွန်ကို ကြာနေပြီ။ သို့သော် သမိုင်းစာပေ မှတ်တမ်းမှတ်ရာများကို ကြည့်၍ (ဘိုးဘိုးအောင် တဘောင်နဲ့ပေါ်လာပြီ) ဆိုသည့်အတိုင်း ယင်းတဘောင်များကို စဉ်းစားဖတ်လျှင် ငယ်သူငယ်ချင်း သုံးယောက်၏ ကတိသစ္စာများ၊ ငယ်မည် မောင်ဝိုင်းနှင့် ငယ်မည် မောင်အောင်တို့အကြောင်း ကောင်းကောင်းသိလောက်ပါပြီ။

**မေး ..** ဒါဖြင့် ငါတူရယ် ... အခု သူတို့သုံးယောက် ဘယ်မှာလဲကွယ်။

**ဖြေ ..** ပထမလူနှင့် ဒုတိယလူတော့ မသိဘူး။ အကယ်၍ ရှိသေးလျှင် အသက် ၁၅၀–ဝန်းကျင်ပဲရှိကြမယ်။ သို့သော် မြတ်ဗုဒ္ဓက **သဗ္ဗေ သင်္ခါရာ အနိစ္စာ**

ဟု ဟောတယ်။ ဗုဒ္ဓစာပေ၌ ယနေ့လူသားသတ္တဝါ သည် ၇၅-နှစ် သက်တမ်းသာရှိ၍ တစ်ရာကျော်အောင် နေနိုင်တယ်။ နှစ်ရာလွန်အောင် မနေနိုင်ဘူး။ နှစ်ရာအတွင်းမှာပဲ အနိစ္စမမွက အတင်းဆွဲခေါ်သွားတယ်။ ထို့ကြောင့် ကျောင်းအမကြီးဝိသာခါ၊ ရှင်အာနန္ဒာ၊ ရှင်မဟာကဿပ တို့ အသက် ၁၂၀ ရှည်ကြတယ်။ ရှင်အနုရုဒ္ဓါ အသက် ၁၅၀ ရှည်တယ်။ ရှင်ဗာကုလ အသက် ၁၆၀ ရှည်တယ်။ ရှင်ဗာကုလ အသက်ရှည်ဆုံးပင်။ ထို့ကြောင့် ပထမလူနှင့် ဒုတိယလူ ဘဝပြောင်းသွားပြီ။

မြတ်ဗုဒ္ဓ၏ သမထ ဗုဒ္ဓါနုဿတိဂုဏ်တော်ဖြင့် အထွဋ်အထိပ်သို့ ရောက်လာတဲ့ **ပထမ်ဘိုးဘိုးအောင်**ကတော့ ထက်,အောက်မကျန် အိမ် တိုင်းလိုမှာစံပြီး၊ တစ်နည်း- အပူဇော်ခံပြီး တစ်နည်း- ကယ်တယ်ရှင် ကြီးအနေဖြင့် လှုပ်ရှားနေတာကို တွေ့ရသေးတယ် ကြီးကြီး။ မြတ်ဗုဒ္ဓ ဒေသနာတော်အရ အသက် ၂၀၀-မပြည့်သေးသည့်အတွက် ရှိနိုင်သေး တာ သေချာတယ်ကြီးကြီး။ သို့သော် **သဗ္ဗေ သင်္ခါရာ အနိစ္စာ** ကိုတော့ မကျော်မလွှားနိုင်ပါဘူး။ မဖယ်မရှားနိုင်ပါဘူးကြီးကြီးရယ်။ ကျွန်တော် နိဂုံးချုပ် ပြောချင်တာကတော့ ....

(၁) **ကံလမ်း** (၂) **ဈာန်လမ်း** (၃) **ဉာဏ်လမ်း**

လမ်းသုံးသွယ်ကို အတိအကျ အထင်အရှား ပြထားခဲ့သည်။ ကြီးကြီး ကိုယ်တိုင် ကြိုက်တာရွေးပေါ့ ကြီးကြီးရယ်။

**မေး ..** မောင်ကဲထူး မင်းရဲ့ ဤကျမ်းပြုဆရာတော်သည် မနေ့က (နယုန် လဆန်း ၂ရက်နေ့) သက်တော် **၈၄** ပြည့်သွားပြီ။ ယနေ့ **၈၅**-သို့ ရောက်ပြီ။ ထူးခြားချက် ဘာရှိသလဲ။

**ဖြေ ...** ကြီးကြီး ကျွန်တော်အကုန်တော့ မသိဘူး။

သိသလောက် ပြောရရင် ...

(၁) စာချ/စာသင် သံဃာတော်အပါး (**၁၁၀၀**)ကျော်ကို ဝအောင်လည်း ကျွေးနိုင်တယ်။

(၂) လှုအောင်လည်း ပေးနိုင်တယ်။

(၃) ငြိမ်အောင်လည်း အုပ်နိုင်တယ်။

www.dhammaransi.com


(၄) တတ်အောင်လည်း သင်နိုင်တယ်။

မေး ... ဒါပဲလား မောင်ကဲထူးရယ်။

ဖြေ ... ကျွန်တော်သိသလောက် ဆက်ပြောရလျှင်

(၁) နိုင်ငံတော်ဩဝါဒါစရိယဖြစ်လျက် နိုင်ငံတော်မှ ချီးမြှင့်သောဘွဲ့တွေလည်း အကုန်ရပြီ။

(၂) ရွှေကျင် ပြည်တွင်း/ပြည်ပ တွဲဖက်သာသနာပိုင်လဲဖြစ်တယ်။

(၃) ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်လည်းကြီးတယ်။

(၄) သက်တော် ဝါတော်လည်း ရှည်တယ်။

မေး .. မောင်ကဲထူးရယ် .. ကြီးကြီး သိလိုရင်း ဗမာနိုင်ငံ့,မြန်မာနိုင်ငံ နှစ်မည်ဖြစ်ရတဲ့အကြောင်း ပြောပြပါဦးကွယ်။

ဖြေ .. မြန်မာနိုင်ငံအပြင် ဗမာနိုင်ငံဟုခေါ်ကြတာ ဘာ့ကြောင့်လဲဟု ကျွန်တော်ဆက်ပြောပါဦးမယ်။ ဗြဟ္မာမင်းကြီးတွေ ဈာန်တရားလေးပါးကို အမြဲရှုပွားနေထိုင်သောကြောင့် ဗြဟ္မဝိဟာရ၊ ဈာန်တရား ၄–ပါးကို ဗြဟ္မာမင်းကြီးတွေအမြဲကျင့်သုံးရှုပွားလေ့ရှိသောကြောင့် ဗြဟ္မစရိယဟု ကျွန်တော်ပြောပြခဲ့ပြီ။ ကြီးကြီးသေသေချာချာမှတ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ အဲဒီ ဗြဟ္မဝိဟာရ ဗြဟ္မစရိယတရားတွေကို ကျင့်သုံးတာ တခြားလူမျိုးများထက် ပိုမိုထင်ရှားတယ်။ ဗြဟ္မာမင်းကြီးများနှင့်တူတယ်။ ဗြဟ္မာလို့ပင်ခေါ်ထိုက်တယ်။ ဒါ့ကြောင့် သူတို့ဟာ ဗြဟ္မာလူမျိုးတွေပဲ.. ဗြမာတွေပဲ... ဗမာတွေပဲတဲ့။ နှစ်ပေါင်း ပရိစ္ဆေဒ ခေတ်ကာလတွေ အလွန်ကြာတော့ ရွှေတိဂုမ် (တိဂုမ္ဘ.. တိဂုမ် ... ခြုံ ၃–ခု) ယနေ့ ရွှေတိဂုမ် ဟု မခေါ်ဘဲ (ရွှေတိဂုံ၊ ရွှေတဂုံ၊ ရွှေဒဂုံ) ခေါ်လာကြတယ်။ ဒါဟာ အိမ်ကြီးကြာလာလျှင် အိုလာလျှင် ယိုင် သလို၊ အဆောက်အဦလဲ ကြာလာလျှင် အိုလာလျှင် ယိုင်သလို၊ အမည်လဲ ကြာလာလျှင် အိုလာလျှင် ယိုင်တာပေါ့။ (ဗြဟ္မာနိုင်ငံမှ ဗမာနိုင်ငံဖြစ်လာတယ်။ ဗြဟ္မာလူမျိုးမှ ဗမာလူမျိုး ဖြစ်လာတယ်။) ဗြဟ္မာ မှ ဟ–နှင့် ရ–ရစ် ပျောက်သွားပြီး ဗမာဖြစ်လာတယ် ကြီးကြီးရယ်။

မြန်မာအစ တကောင်းက ဆိုသည့်အတိုင်း တကောင်းခေတ်ကစပြီး

www.dhammaransi.com


မြန်မာနိုင်ငံဟူ၍လည်းကောင်း၊ ဗမာနိုင်ငံဟူ၍လည်းကောင်း မရှေ့မနှောင်း တပြိုင်တည်း (ကိုယ့်သမီး ချော၊မချော အရပ်ကပြောလိမ့်မယ်။) ကမ္ဘာကပြောလာကြတယ်။

**မေး** ။ ။ မောင်ကဲထူးရယ် ကြီးကြီး မောင်ကဲထူးနဲ့တွေ့ရတာ ဒီနေ့မှ လူ့ဘဝရပြီဟု မှတ်တယ်။ မေးတာတွေများလို့ ငါ့တူကို အားနာတယ်။ ဗမာနိုင်ငံ ဆိုတာကတော့သိပြီ။ မြန်မာနိုင်ငံဆိုတာကရော ...

**ဖြေ** ။ ။ ကမ္ဘာမှာ စီးပွားရေး ကြီးပွားရေး တိုးတက်မှုတွေ တော်တော်ရှိနေတဲ့ နိုင်ငံကြီးတစ်ခုမှ လူတွေက (**ဦးကောင်း လိမ်ထုတ် သီပေါပြုတ်**) သီပေါမင်းပါတော်မူ ၁၂၄၇ ခုနှစ် မှစ၍ နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့လက်အောက် (ကျွန်၏အောက် သူပေါက်ပမာ) နှစ်ပေါင်း ၁၀၀ ကျော် ကျွန်တော် တို့ပြည်ထောင်စုဖွား လူသားတွေကို အတင်းနဖားထိုး နွားလိုနှိပ်စက် အမိမဲ့သား ရေနည်းငါးသို့ အားကိုးရာမရှိ သောကဒုက္ခတွေအပြည့်မှ ပြည်ထောင်စုလွတ်လပ်ရေး အဆောက်အအုံကြီးကို ဆောက်ပေးခဲ့သော မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးလည်းဖြစ် ကျွန်ဘဝမှ လွတ်လပ်ရေးရအောင် အသက်စွန့် တစ်နည်း အသက်ဖြင့်လဲလျက် လွတ်လပ်ရေးကို ရယူချီးမြှင့်ပေးသွားသော ကယ်တင်ရှင်ကြီးလည်းဖြစ် ကျွန်တော်တို့ ခေါင်းဆောင်ကြီးကို ချီးကျူးသွားတယ်။ သားချင်းခေါ် တိုင်းရင်းသားမိတ်ဆွေတွေကိုကျော်၍ မိမိတို့ပြည်ထောင်စုကြီး တစ်ခုလုံးကို အပြည့်နှိပ်စက်မည့် ရန်သူတွေကို လက်ယပ်မခေါ်သင့်ဘူး။ (လာပါလာပါဆိုတာလဲ အောင်ဆန်း၊ ပြန်တော့ပြန်တော့ ဆိုတာလဲ အောင်ဆန်း) ကျွန်တော်တို့လူမျိုးတွေဟာ မြန်ရုံမကဘူး။ မာလဲမာတယ်ဟု တကောင်းခေတ်ကစ၍ ယနေ့အထိ ထင်ရှားတယ် (နေရာတကာ လက်မနှေးဘူးဟု ဆိုလိုတယ်) ကြီးကြီးရယ်။ ဖြည့်စွက်ပြောရလျှင် "**ကောင်းလျှင်ကောင်း မကောင်းလျှင်ချောင်း**" (သွား/ပြန်တော့) မြန်မာ့နည်းမြန်မာ့ဟန် မြန်မာ့လုပ်ထုံးလုပ်နည်းဆိုတာ ဒါဘဲကြီးကြီးရယ်။

**မေး** ။ ။ မောင်ကဲထူးရယ် ကြီးကြီး ဗဟုသုတတွေလည်းများ အသိဉာဏ်တွေလည်းတိုးလိုက်တာ။ ဆက်မေးချင်သေးတယ်။

www.dhammaransi.com


ဖြေ ။ ။ ကြီးကြီး မမေးနဲ့တော့။ မေးချင်တာတွေလျှောက်မေးနေလို့ အားနာပြီး လိုက်ဖြေနေရလျှင် အချိန်လည်းမရှိတော့ဘူး။ ကျေနပ်တော့ကြီးကြီး။

တူ ... တူ ... တူ။

ကြီးကြီး ပဲခူးဘူတာသို့ရောက်ပြီ ခွင့်ပြုပါဦး။ ဦးညွှတ် ရှိသေစွာ ကျွန်တော် ပဲခူးက ကဲထူး နှုတ်ဆက်ပါတယ်ခင်ဗျာ။

ပဲခူးမြို့ ဆံတော်ရှင် စွယ်တော်ရှင် ရွှေအောင်ရွှေဘုရားသမိုင်းအကျဉ်းချုပ်၊
အမတရိပ်မြုံ နန်းရွှေဘုံသို့ နှင့် ပထမံဘိုးဘိုးအောင် အကြောင်း
သိကောင်းစရာ ဇာတ်လမ်းသဖွယ် ဤတွင်ပြီးပြီ။

မှ/

ဘဒ္ဒန္တဇောတိပါလ
ကြခတ်ဝိုင်း ပဓာနိဿရိယ

နေ့စွဲ ၊ ၁၃-၅-၂၀၀၅
ဖုန်း ၊ (၀၅၂) ၂၁၀၈၂

ဘုရားမြတ်စွာ သာသနာတော်အတွက် ပရိသတ်အပေါင်း သူတော်ကောင်းတို့
တစ်မျိုးတစ်အား အကျိုးများစေရန် ရေးသားချီးမြှင့်သည်။

၂၇၆၁၆
စာကြည့်တိုက်

www.dhammaransi.com

▶ ဓမ္မဒါန အလှူရှင် ◀

ကျေးဇူးတော်ရှင်
ရွှေကျင်နိကာယသံဃာဘာရနိတ္ထာရကသာသနာပြု
ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက
တွဲဖက်ရွှေကျင်သာသနာပိုင်
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သြဝါဒါစရိယ
**ကြခတ်ဝိုင်းဆရာတော်ဘုရားကြီး** အား
ဦးထိပ်ထားပြီး

ကျောင်းဒါယကာ/ကျောင်းဒါယိကာမ
**ဦးသိန်းနိုင် + ဒေါ်ခင်ခင် မိသားစု**
ကောင်းမှု
အမှတ် ၄၉၊ ၂၇-လမ်း၊ ပန်းပဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်ရေ ၃၀၀၊ ကျပ် ၁၀၅၀၀၀/-